www.burmeseclassic.com

# အာကြာဉ်းဝေါက်

## အာဒမ်၏ ဆာတေး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အကြည်တော်

# အာဒမ်၏ဆာတေး

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၇၇)၊ ၃၈-လမ်း၊ ကျောက်တံတား။

ဖုန်း - ၇၇၉၅၇၃

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**အကြည်တော် ၏ တအုပ်အမှတ်စဉ် (၁၈)**

| | | |
|---|---|---|
| စာမူစိစစ်ရေးအမှတ် | - | ၅၀၁၀၄၅၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၇၅၀၅၀၉ |
| မျက်နှာဖုံးပန်းချီ | - | ကိုထွန်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၃၉၀၀) |
| | | ၇၇/၁ ၃၈လမ်း ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် | - | ဦးထွန်းလင်း (စိုးဝံ့နှိပ်တိုက်) |
| အတွင်းပုံနှိပ်သူ | | အမှတ်(၁၄၀)၊ (၄၅)လမ်း |
| | | ဗိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| တအုပ်ချုပ် | - | [illegible] |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ ခုနှစ်၊ မတ်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |


BURMESE CLASSIC .com

## အာဒမ်၏အမှာစာ

ဧဒင်ဥယျာဉ်ကြီးတွင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်မျိုးစုံ ရှိပါသည်။

လှပသော၊ ချစ်စရာကောင်းသော၊ ရယ်ရွှင်ဖွယ်ကောင်းသော၊ ကြည်နူးဖွယ်ဆွတ်ပျံ့ဖွယ်ကောင်းသော ပန်းပင်များကိုသာ အဓိကထား စိုက်ပျိုးခဲ့ပါသည် . . .။

သို့သော် တစ်ခါတရံ၌လည်း ထိုပန်းပင်များကိုသာ စိုက်ပျိုးနေရသည့်အတွက် အခြားလူများအဖို့ နှစ်သက်ဖွယ်ကောင်းလှသော်လည်း ကျွန်တော့်အတွက်တော့ ငြီးငွေ့ဖွယ်ရာဖြစ်လာပါသည် . . .။

'သစ်သီးလေးတွေချိုနေတာပဲ' ဟူသောအသံများအလယ် နေထိုင်ရသော ဥယျာဉ်မှူးအဖို့ ကျန်သည့်အစားအစာများကိုလည်း ချဉ်ခြင်းဖြစ်မိသည်။

ထို့ကြောင့် တခြားအရသာများကဲ့သို့သော သစ်ပင်တစ်ပင်ကို ကိုယ်တိုင် စိတ်ပါလက်ပါ စိုက်ပျိုးလိုက်ရပါသည် . . .။

ယခု . . . သီးပွင့်လာသော အသီးအပွင့်များမှာ ချိုသောအရသာကို လည်းမဆောင်၊ နောက် . . . မည်သည့်အရသာရှိသည်ကိုလည်း ကျွန်တော် ကိုယ်တိုင်မပြောတတ်ပါ။ သို့သော် အားလုံးခံတွင်းတွေ့နိုင်အောင်တော့ အတတ်နိုင်ဆုံးပြုစုထားပါသည်။ မစားကောင်းသော အသီးမဟုတ်သည်ကိုတော့ စကားမပြောတတ်သော သစ်သီးများကိုယ်စား ကိုယ့်တိုင် အာမခံလိုက်ရပါသည် . . .။

ဒေသ၊တ.ရွာမြို့

အကြည်ခမိ . . .

အဲဒေ . . . အကြည်တော်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

**လွန်**လေပြီးသော ခရစ်နှစ် (၃၀၀၀) တနင်္လာနေ့မှအဖြစ်အပျက် တစ်ခုဖြစ်ပါသည်။

နေရာကား. . .

ရန်ကုန်အပြည်ပြည်ဆိုင်ရာ မထသလေကြောင်းအမှတ်(၃၉) လိုင်းပါစင်ဂျာလေယာဉ်ပေါ်တွင်ဖြစ်၏. . .

'ရွှီ'. . . ခနဲ ခရာတွတ်သံကြားသည်နှင့် အမှတ်(၃၉) အဲယားကွန်း အမြန်လေယာဉ်၏ခေါင်မိုးပေါ်တွင် လိမ္မော်သီးတောင်းများ တက်ချည်နေသော လေယာဉ်စပါယ်ယာမောင်ပါမှ စိတ်ဆိုးမာန်ဆိုးနှင့်. . .

"ဘယ့်နှယ်ကြောင့် ဒီလောက်တောင်မှုတ်ချင်နေရတာလဲ ဂိတ်မှူးရဲ့. . . ခုနကတစ်စီးထွက်သွားတာတောင် ငါးမိနစ်မပြည့်သေးဘူး. . ."

လေယာဉ်စပါယ်ယာမောင်ပါ စကားကို စတုဂံဖိုက်ဘာဂိတ်ထဲတွင်ထိုင်နေသောဂိတ်မှူးမှ. . .





"ဟော့ကောင် လျှာမရှည်နဲ့၊ မင်းတင်ထားတဲ့ ပစ္စည်းတွေနဲ့ ခရီးသည်တွေကိုလည်းပြန်ကြည့်ပါဦး. . ."

ဂိတ်မှူး၏စကားကြောင့် လေယာဉ်ပေါ်မှ ခရီးသည်များ ကြွက်စီကြွက်စီဖြစ်သွား၏။

"ဟုတ်ပ. . . အီး. . . ဒီမှာ လှုပ်လို့တောင်မရတော့ဘူး. . . ဟိုနက်ကတိုင်နဲ့ အဒေါ်ကြီး. . . ဟိုဘက်နည်းနည်းတိုးပါဗျ. . ."

"ဟာ. . ဘယ်နှယ့်တိုးလို့ရတော့မှာလဲ ရှင်လာတိုးကြည့်ပါလား. . လေယာဉ်ကလည်းထွက်ကို မထွက်နိုင်ဘူး. . ပြောတော့အဲယားကွန်းအထူးလေယာဉ့်တဲ့. . . တင်ထားတာကလည်း. . . အီး. . ."

"ဟော့. . . မောင်းပါဟ. . . ဒီမှာ သေတော့မယ်ကျပ်ညပ်နေတာပဲ. . ."

ခရီးသည်များ၏ တစ်ယောက်တစ်ပေါက်ဆူညံစွာ အော်ဟစ်သံကို လေယာဉ်စပါယ်ယာမှ ဂရုမစိုက်သလိုဖြင့် ချည်လက်စတောင်းများကို ဆက်ချည်ရင်း. . .

"မောင်းမှာပေါ့ဗျ. . . ဒရိုင်ဘာ(ပိုင်းလော့) လာရင်မောင်းမှာပါ ဒရိုင်ဘာမရှိသေးဘဲ ဘယ့်နှယ်မောင်းလို့ရမှာလဲ. . ."

လေယာဉ်စပါယ်ယာ၏ စကားကြောင့် ခရီးသည်များ အားလုံး လေယာဉ်ခေါင်းခန်းသို့ဝေ့ကြည့်ကြသည်။ ဦးခေါင်းခန်းတွင်သူတို့တွေ့ရသည်မှာ ကျော့ကော့နေသော ကောင်မလေးနှစ်ယောက်။

"ဟွန်း. . . ငါတို့အဘွားကြီးတွေကြတော့ ခေါင်းခန်းဆိုမရဘူးတဲ့ ဟိုကောင်မလေးတွေကျတော့ကြည့်ပါလား. . ."

ဆံပင်လိမ်ကောက်ကောက်နှင့် အဘွားအို၏မဲ့ရွဲ့ရွဲ့စကားကို စပါယ်ယာမှ ဆတ်ဆတ်ထိမခံဘဲ. . .

"ဒါက ဒရိုင်ဘာအကြိုက်ကိုးဗျ. . သူအားရှိတာသူတင်မှာပေါ့"

စပါယ်ယာ၏ စကားကြောင့် လေယာဉ်တစ်စီးလုံး. . .

ဆူညံသွားကြပြန်၏၊ ထိုအထဲကမှ သည်းမခံနိုင်တော့သော လူကြီးတစ်ဦးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင်. . . မင်းဒရိုင်ဘာက ဒီအချိန်ထိ မလာသေးရအောင် ဘယ်မှာသွား. . . နေလဲကွ ဟေ. . .”

ထိုသူ၏အမေးကို စပါယ်ယာမှ ချည်ထားသောကြိုးများ ခိုင်မခိုင် ဆွဲဆန့်ကြည့်ရင်း. . .

“ခွက်ပုန်းသွားကစ်နေတာဖြစ်မှာပေါ့ဗျာ. . ဟော. . . ပြောရင်းဆိုရင်းလာပြီ. . .”

လာပါပြီ ကိုရွှေလေယာဉ် ဒရိုင်ဘာ(ပိုင်းလော့) ခွက်ပုန်းကစ်လာတာများလာသည်ထင့် ခြေလှမ်းပင်မမှန်ချင်တော့. . . လေယာဉ်နားရောက်တော့ လေယာဉ်စပါယ်ယာကိုမော့ကြည့်ပြီး. . .

“ဟော့ကောင်. . . မောင်ပါ ဂိတ်မှူးမှတ်ပြီးပြီလား၊ မှတ်ပြီးရင်ထွက်မယ်. . .”

ဒရိုင်ဘာအမေးကို စပါယ်ယာမှ အဖြေမပေးမီ ခရီးသည်များထဲမှ တစ်ယောက်က. . .

“အောင်မလေး. . . မှတ်ပြီးတာမှ ကွန်ပျူတာမပေါ်ခင်ကတည်းက. . . အခုမှမူးရူးပြီးရောက်လာပြီးတော့များ ဒီမှာစောင့်နေရတာ ခြေထောက်ပါ ခတ်တိုင်ဖြစ်တော့မယ်. . .”

ထိုသူ၏စကားကို ဒရိုင်ဘာကစိတ်ဆိုးသွားပြီး. . .

“မစောင့်နိုင်ရင်(ကက)လေယာဉ်(စဉ်းလုံးငှားလေယာဉ်အသေးစား) ငှားစီးသွားပေါ့ဗျ. . . လိုင်းလေယာဉ်စီးရင်တော့ ဒီလောက်တော့ သည်းခံရမှာပဲ. . .”

ဟူသော စကားကြောင့် ခရီးသည်များ ဆူညံသွားကြပြန်သည်။ လေယာဉ်ဒရိုင်ဘာမှ ခရီးသည်များစကားကို မကြားယောင် ပြု၍ ရှူးသိုးသိုးနှင့် လေယာဉ်ခေါင်းခန်းသို့ရောက်သောအခါ ခေါင်းခန်းတွင်ထိုင်နေသော မိကျော့ကော့နှစ်ဦးကိုမြင်သည်နှင့် သူ၏မျက်နှာအမူအရာမှာ ချက်ချင်းပြောင်းလဲသွားပြီး. . .

“အစ်ကိုကြီးခုနပြောတာ ညီမတို့မပါဘူးနော်. . . အနောက်ကလူတွေကိုပြောတာ. . .”





ဟူ၍ရှူးတူးမူးတူးအသံနှင့် ပြောလိုက်သောကြောင့် လေယာဉ်တွင်းခရီးသည်များ ဆူညံသွားပြန်လေ၏။

ဒရိုင်ဘာမှ ခရီးသည်များ၏စကားကို ဂရုမစိုက်ဘဲ. . .

“ကဲ. . . မောင်ပါ ခရီးသည်ပြည့်ရင်သွားမယ်ဟေ့. . .”

ဟုအော်လိုက်ရာ စပါယ်ယာမှလည်း အားကျမခံ. . .

“ဆွဲဆရာရေ. . . အတွင်းလေးထပ် အတွယ်ခြောက်ယောက်လေထီးဖြူ (လေယာဉ်ထိန်းရဲ) လစ်ရင်လစ်သလို ခေါင်မိုးပေါ်တင်မယ်. . .”

အော်သံဆုံးသည်နှင့် ‘ဒုန်း’. . ‘ဒိုင်း’. . ‘ဖွတ်’. . အသံများ. . မြည်ဟီးပြီး အမှတ်(၃၉) လိုင်းအဲယားကွန်းလေယာဉ်ကြီး ကောင်းကင်ယံသို့ပျံတက်သွားလေတော့သည်။

“အင်ဒိုပါလား၊ မလေးပါလား၊ ပါကစ္စတန်ပါလား၊ ဆော်ဒီပါလား မှတ်တိုင်တွေမေးထားတယ်နော်၊ အင်ဒိုပါလား၊ မလေး. . .”

စပါယ်ယာ၏ အသံမဆုံးမီ လူကြီးတစ်ဦးမှ

“ဟေ့ သူငယ် ဒီလေယာဉ် အိန္ဒိယဘက်က ပတ်တာမဟုတ်လား”

ထိုသူ၏အမေးကိုလေယာဉ်စပါယ်ယာမှ စိတ်ညစ်သွားသလိုဖြင့်

“ဟာ. . . ဘယ်နှယ့် အိန္ဒိယဘက်က ပတ်ရမှာလဲ၊ ဒါအင်္ဂလန်ကနေ အမေရိကန်ဘက်သွားတဲ့ လေယာဉ်ဗျ. . .”

စပါယ်ယာ၏ စကားကြောင့် ထိုသူနှစ်ဦးပျာပျာသလဲ ဖြစ်သွားကြပြီး. . .

“ဟာ. . ဒါဆို တို့လေယာဉ်မှားစီးမိပြီ၊ ခဏလောက်ရပ်ပေးပါဦး”

ထိုသူ၏စကားကြောင့် စပါယ်ယာမှာ ပို၍စိတ်ညစ်သွားသလိုဖြင့်

“ဟာ. . . ရပ်ပေးလို့မရဘူး၊ ဒီမှာ မှတ်တိုင်မရှိဘူး. . .”

လေယာဉ်စပါယ်ယာ၏ခပ်မာမာစကားကြောင့် ထိုသူနှစ်ဦးမှာ မျက်နှာငယ်ကလေးများ ဖြစ်သွားကြပြီး. . .

“ခဏလောက်တော့ရပ်ပေးပါကွာ. . . တို့ပြန်ရမှာ အဝေးကြီးမို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



ထိုသူနှစ်ဦး၏ အသနားခံစကားကို စပါယ်ယာမှ စိတ်ရှုပ်သလို ဖြင့်. . .

"ဟာ. . . ရပ်ပေးလို့မရပါဘူးဆိုဗျာ၊ ခင်ဗျားတို့ဆင်းချင်ရင် ရှေ့ထန်းပင်မှာခဏမေးပေးမယ် ဖြစ်မလား. . ."

ထိုသူနှစ်ဦး ခေတ္တတွေဝေသွား၏၊ အတန်ကြာမှ မထူးတော့ဘူး ဟူသော ပုံစံမျိုးနှင့်. . .

"ဖြစ်ပါတယ်ကွာ၊ ခဏလေးတော့ ကြာကြာလေးမေးပေး. . ."

"ဆရာရေ့ ရှေ့ထန်းပင်မှာ ခဏလောက်မေးပေး တောသား နှစ်ယောက်ဆင်းမယ်. . ."

လေယာဉ်ကြီး ထန်းပင်နားသို့ရောက်သောအခါ အရှိန်အနည်းငယ် လျော့သွား၏၊ ထန်းပင်ထိပ်ပိုင်းမြင်ရသောအခါ ထိုသူနှစ်ဦးမှာ 'ဝမ်းတူး၊ သရီး' တိုင်ပင်ခေါ်၍ ပြိုင်တူခုန်ချသွားလေရာ

"ဖောက်"

"ဖောက်"

"အောင်မလေး အမေရဲ့"

"ကွဲပါပြီဗျ. . . အသည်း. . . အသည်း"

လူနှစ်ဦးရဲ့ထန်းပင်ပေါ်ခွလျက် သံကုန်ခြစ်အော်သံများ. . .။

လေယာဉ်ကြီးက အရှိန်မှန်မှန်ဆက်လက်ထွက်ခွာဆဲ. . .





"ကဲ. . . လေယာဉ်စီးခတစ်ယောက် ရှစ်ထောင်ထုတ်ထားမယ်၊ တစ်သောင်းတန်ပေးရင်တော့ နှစ်ထောင်ပြန်မအမ်းဘူးနော် ဖစကတည်းက အကြွေတွေထုတ်ထား. . ."

စပါယ်ယာ၏ အော်သံကြောင့် ခရီးသည်များမျက်နှာရှုံ့မဲ့သွားကြပြီး. . .

"အောင်မလေး ပိုက်ဆံတောပြန်မအမ်းချင်ဘူး၊ ပြောတော့လည်း အဲယားကွန်းလေယာဉ်တဲ့ တင်ထားတာကလည်းကျပ်ညပ်ပြီး ပူအိုက်တာလည်း လွန်ပါရော. . ."

"ဟုတ်ပ"

"အေးဟုတ်တယ်၊ ဟော့ကောင်တွေ အဲယားကွန်းဖွင့်လေတွား ပူလှပြီ"

ခရီးသည်များ၏ အော်သံကို စပါယ်ယာမှ မျက်မှောင်ကြုတ်၍. .



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အေးချင်တယ်ပေါ့. . . ဟုတ်လား"

"အေးချင်တာပေါ့ကွ ဒီမှာ ပူအိုက်တာ သေတော့မယ်. . ."

ခရီးသည်တစ်ဦး၏ ဆတ်ဆတ်ထိမခံပြန်အော်သံကို စပါယ်ယာမှာ သဘောကျသလို ခေါင်းတညိတ်ညိတ်လုပ်၍. . .

"ဆရာရေ. . . အေးချင်လို့တဲ့"

ဒရိုင်ဘာမှာ လှည့်ပင်မကြည့်ဘဲ ထိုင်ခုံခါးပတ်ကို ပတ်လိုက်သည်၊ ကောင်မလေးများကိုလည်း ခါးပတ်ပတ်ခိုင်းလိုက်သည်။ ပြီးနောက် လေယာဉ် တံခါးများကို ဆွဲဖြုတ်လိုက်ရာ. . .

"ဝုန်း. . ."

"အောင်မလေး သေပါပြီဗျ. . ."

"အား လုပ်ကြပါဦး"

"အောင်မလေး. . . ပိ. . . ပိနေပြီတော့"

အော်သံနှင့်အတူ လေအရှိန်ကြောင့် ခရီးသည်များအားလုံး လေယာဉ်နောက်ပိုင်းကို စုပြုံ၍ လိမ့်ကျသွားကြသည်။

"ကိုင်း. . . အေးကြပြီလား. . ."

စပါယ်ယာ၏အမေးကို ခရီးသည်အားလုံးမှ. . .

"အား. . . အေးပြီ. . . အေးပါပြီ. . ."

"တော်ပါတော့ ဒီမှာလန်ကုန်ပြီ မျက်ဖြူ မျက်ဖြူ"

"တော်ပါတော့ဆို. . ."

ခရီးသည်များတောင်းပန်တော့မှ စပါယ်ယာက. . .

"ရပြီ ဆရာရေ အေးပြီတဲ့. . ."

လေယာဉ်တံခါးများ 'ဝုန်း' ဆိုပြန်ပိတ်ကျသွားသည်။

ခရီးသည်များထံမှ ကျွတ်စီကျွတ်စီအသံများ ဆူညံစွာထပ်ကြားရ၏။ ခဏကြာသော် ဒရိုင်ဘာမှ. . .

"ဟေ့ကောင်. . . မောင်ပါ. . ."

"ဗျာ ဆရာ. . ."

"ရှေ့တောင်ကုန်းမှာ လူတွေအချက်ပြတားနေတယ်. . ဘယ်သွားမယ့်ခရီးသည်တွေလဲ တက်ကြည့်စမ်း. . ."





"ဟုတ်ကဲ့ ဆရာ. . ."

လေယာဉ်စပါယ်ယာ မောင်ပါ လေယာဉ်ခေါင်မိုးပေါ် ကုပ်ကပ်တက်သွားပြီး လေယာဉ်တောင်ပံစွန်းမှနေ၍ အဝေးကြည့်မှန်ပြောင်းနှင့် တက်ကြည့်လိုက်သည်။ ပြီးနောက် အသံကျယ်ကျယ်နှင့်. . .

"မောင်း. . . ဆရာရေ. . . မောင်းမောင်း. . . ကုပ္ပန်တွေဗျ. . . ကုပ္ပန်တွေ. . . ပိုက်ဆံရမှာမဟုတ်ဘူး. . ."

လေယာဉ်မှာ တောင်ကုန်းပေါ်မှ လူများကို အရှိန်ပြင်းစွာ ဖြတ်ကျော်သွား၏။

"ဟေ့ကောင်. . . မောင်ပါ. . ."

"ဗျာ ဆရာ. . ."

"မင်း ဘယ်မှာလဲ. . ."

"ကျွန်တော် လေယာဉ်အတောင်ပံမှာပါ ဆရာ. . ."

"အေး ဒါဆို လေယာဉ်ခေါင်းမှာ ဆီလာချပေးဦး၊ ငါစက်သတ်ပြီး ဖရီးရိုက်လိုက်တာ ဆီပိတ်သွားတယ်မှတ်တယ်၊ စက်ပြန်နှိုးလို့မရတော့ဘူး"

"ဟုတ်ကဲ့ လာပြီ ဆရာ. . ."

လေယာဉ်စပါယ်ယာမောင်ပါ ခေါင်မိုးပေါ်တင်ထားသော တောင်းကြီးတောင်းငယ်များကို ကျော်ဖြတ်နင်းပြီး လေယာဉ်ခေါင်း (ထိပ်ဖူး) ကိုသွားသည်။ ပြီးနောက် လေယာဉ်စက်ဖုံးကိုဖွင့်၍ ကာပရိုက်တာမှ ဆီများကို ပါးစပ်နှင့် ချူထုတ်နေသည်။ လေယာဉ်ပျံမှာလည်း စက်မလည်တော့သောကြောင့် တဖြည်းဖြည်းအောက်သို့နိမ့်ကျလာ၏။

"ဖွတ်. . . ဖွတ်. . . ဖွတ်. . . ရှုံး. . ."

စက်ကားနိုးမလားလေယာဉ်ကလည်း တဖြည်းဖြည်းနိမ့်ဆင်းလာသည်၊

"ဖွတ်. . . ဒိုင်း. . . ဖုန်း. . . ဝုန်း. . . ဝူး. . ."

အသံမျိုးစုံနှင့်အတူ စက်နိုးသွားပြီး၊ လေယာဉ်ပျံမှာလည်း ငှက်ငယ်အလား လေပေါ်သို့ ထပ်မံပျံတက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝီး ခနဲ ဖြတ်တက်သွားသော လေယာဉ်ငယ်ကိုကြည့်ပြီး စပါယ်ယာမှ ဒေါသတကြီးဖြင့်. . .

ဓောင်မာ လေယာဉ်မောင်းနေလို့သာပေါ့. . . ဒုံးပျံသာမောင်းရရင်ဘယ်လိုနေမယ်မသိဘူး. . .။ ကက (အငှားလေယာဉ်) ထပ်ကျော်မယ် ဆရာရေ. . . "

"ဟော့ကောင်. . အရှေ့မှာလေထီးဖြူ (လေယာဉ်ထိန်းရဲ)တွေရှိတယ်။ အတွယ်တွေသွင်းထား"

ဒရိုင်ဘာ၏ အလောတကြီးအော်သံကို စပါယ်ယာမှ. . .

"ဟုတ်ကဲ့. . ဟုတ်ကဲ့. . ကဲ. . . အပေါက်ဝကအစ်ကိုလေးတွေ အထဲဝင်. . . ဟို ဘောင်းဘီတိုနဲ့ ဘကြီးအရှေ့တိုးလေဗျာ. . . ကဲ နည်းနည်းလေး စောင်းတိုးပေးပါ. . . လုပ်ပါဗျာ. . . ခဏလေးပါ. . ရပြီဆရာရေ့ဆွဲထား. . . "





လေယာဉ်သည် အဖြူရောင်လေထီးများကိုစီး၍ ဝေါ်ကီတော်ကီနှင့် လေယာဉ်ထိန်းရဲများကို အလိုက်သင့်ကျော်ဖြတ်သွားကြပြန်သည်၊

"ဟဲ့ ဘာအရည်တွေလဲ. . . "

ခရီးသည်တစ်ဦး၏ အလန့်တကြားအော်သံကြောင့် ကျန်ခရီးသည်များလည်း လှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး. . .

"ဟုတ်ပါ့. . . နံမှန်"

"အင်း ငါးပိရည်တွေဖြစ်မယ်၊ ခေါင်မိုးပေါ်ကကျလာတာ"

"ဟုတ်ပါ့. . . ဟော့ ဘယ်သူ့ငါးပိတွေလဲကွ နံလိုက်တာ. . . "

ခရီးသည်များ၏ မကျေမနပ်ရေရွတ်သံကို နက်ကတိုင်နှင့်မိန်းမကြီးတစ်ဦးမှ မကျေမနပ်ထရုပ်၍. . .

"ကျွန်မ ငါးပိရည်ရှင့် ကျွန်မငါးပိကိုများ နံသလေးဘာသလေးနဲ့ ဝါနှယ်နှယ်ရရငါးပိ မဟုတ်ဘူး. . အမေရိကန်ကို အိပ်စပို့လုပ်နေတဲ့ အမေရိကန်အသည်းကျော် ကျိုက္ကမီမှျင်ငပိရှင့် ကျိုက္ကမီမှျင်ငပိ. . . "

အမှတ် (၃၉) အဲယားကွန်းလေယာဉ်ကြီးကတော့ အရှိန်မှန်မှန်ခုတ်မောင်းနေဆဲ. . .။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ငါကိုကချစ်ကဲခဲ့တယ်ထင်ပါတယ် ရှယ်လီမီးယားရယ်။ အဲဒီလူကြောင့်သာပေါ့။ အဲဒီလူကိုနင်သိမှာပေါ့။ သူကငါ့ကိုအမြဲတမ်း မှန်ပြောင်းနဲ့ ချောင်းနေတာဟာ။ အစကတော့ငါက. . . ဩော်. . . သူတစ်ခါတလေ ကြည့်တာပဲလေဆိုပြီး မသိဟန်ဆောင်နေလိုက်သေးတယ်။ ဒါပေမယ့်ဟယ် သူကနေ့စဉ်ရက်ဆက်ကြီးငါ့ကိုပဲကြည့်နေတော့ ငါလည်းစိတ်ယိုင်ခဲ့ရတာပေါ့။

"ဩော်. . . ငါ့သူ့ကိုဘယ်လိုတွေ့သလဲဟုတ်လား. . . အဟီ. . ငါလည်းမှန်ပြောင်းနဲ့ပြန်ချောင်းနေလို့တွေ့တာပေါ့ဟဲ့. . . သူ့ကိုစတွေ့ကတည်းကလေ အဟီ. . .

သူ့မျက်လုံးတွေက တောက်ပြောင်နေတာပဲဟယ်၊ နောက်ပြီးမုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးကလည်း ထူလပျစ်နဲ့အသည်းယားစရာကြီး. . . အောင်မလေးပြောရင်းတောင်ကြက်သီးထလာပြီ. . . ဟီ. . . ဟီ။





အရင်တုန်းကတော့ဟယ် သူငါ့ကိုဦးတည်ပြီးကြည့်တာတော့ မဟုတ်ပါဘူး၊ မှန်ပြောင်းကြီးနဲ့ ဟိုဘက်ရမ်းချောင်းလိုက် ဒီဘက်ရမ်းချောင်းလိုက်နဲ့။

နောက်. . . ငါ့ကိုလည်းတွေ့ရော၊ သူဘယ်မှမချောင်းတော့ဘဲ တစ်ချိန်လုံး ငါ့ကိုပဲကြည့်နေတော့တယ်။ ကြည့်တာမှ ဘယ်လောက်ကြည့်သလဲဆို ထမင်းတောင်ထမစားတော့ဘူး၊ နောက်မှန်ဘီလူးကနေကို မျက်လုံးမခွာတော့ဘူး။

ကြာတော့ သူ့ကိုငါသနားလာတာပေါ့ဟယ်၊ နင်စဉ်းစားကြည့်လေ၊ သူ့ခမျာ ငါ့ကိုစွဲလန်းလွန်းလို့ မအိပ်နိုင်မစားနိုင်ဖြစ်ပြီး မှန်ပြောင်းနဲ့တငေးငေးနေရရှာတယ်။

နောက်ပြီး ငါကလည်း ဟီ ဟီ. . . ဒါပေမယ့် တို့ကမိန်းကလေးမဟုတ်လား၊ သူ့ကိုချစ်စိတ်. . . အဲလေ. . . သနားစိတ်ရှိပေမယ့် ကိုယ်ကမိန်းကလေးမဟုတ်လား၊(အဲ. . . မှန်ပြောင်းနဲ့တော့ တခါတလေပြန်ချောင်းမိတာပေါ့လေ)

ဒီလိုနဲ့ ငါလည်းဘယ်လိုပြောရမလဲ. . . ရေလာအောင်မြောင်းပေးတဲ့သဘောတော့မဟုတ်ပေမယ့် အဟီ၊ မြင်သာအောင် လမ်းကလေးလျှောက်ပြ၊ ကိုယ်ထင်လေးပြလိုက်လုပ်မိတော့တာပေါ့။

အဲဒါနဲ့ဟယ်. . . သိလား သူငါ့ကိုလည်းတွေ့ရော အံ့အားသင့်သွားတယ်ထင်တယ်၊ စားနေတဲ့ထမင်းလုပ်ကိုတောင်ဆက်မစားဘဲ(အဲဒီအချိန်သူထမင်းစားနေရှာတယ်) ကမန်းကတန်းမြိုချပြီး ငါ့ကိုအသည်းအသန်ချောင်းပါလေရော။ ငါလမ်းတစ်ပတ်လျှောက်လိုက် သူပါးစပ်ကြီးဟသွားလိုက် ငါသူ့ကိုဝေ့ကြည့်လိုက်၊ သူထိုင်ရမလို ထရမလိုဖြစ်သွားလိုက်နဲ့သိလား အဲဒီအချိန်မှာသူဖြစ်နေပုံက ရယ်လည်းရယ်ရတယ်. . . ဟင်း. . . ဟင်း. . .၊

အဲဒီနောက်ပိုင်းဟယ်. . သူအလုပ်မှမလုပ်တော့ဘဲ အချိန်ရှိသရွေ့ ငါ့ကိုပဲကြည့်နေတော့တယ်။ ထမင်းလည်းမစားတော့ဘူး၊ ညလည်းမအိပ်တော့ဘူး၊ သူ့ခန္ဓာကိုယ်ဟာလေ. . . တစ်ခါထဲ ယုပစ်လိုက်သလိုပိန်ချုံးကျသွားတော့တာပဲ. . သိလား၊ နောက်ပြီးအစကတည်းက မုတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



မွေးထုလဖုစ်နဲ့ဆိုတော့ သူ့ပုံကကြောင်စီစီကိုဖြစ်လို့။

တစ်လလောက်ကြာတော့ ငါလည်းသနားလာတာပေါ့ဟယ်၊ နင်စဉ်းစားကြည့်လေ၊ ဒီအတိုင်းဆက်သွားရင် သူလည်းငါ့စိတ်နဲ့သေမှာဟ၊ အဲဒါနဲ့ ငါလည်းသူငါ့ကိုစောင့်ကြည့်နေကြောင်းကိုငါသိကြောင်းပြတဲ့အနေနဲ့ အိမ်မှာရှိတဲ့ မှန်ပြားကလေးနဲ့ သူ့ဆီအချက်ပြလိုက်တယ်။

မှန်ပြားအလင်းရောင်မြင်တယ်ဆိုရင်ပဲ သူလန့်ပြီထခုန်သလားပဲ။ နောက်မှအသေအချာပြန်ကြည့်တယ်။ ငါကလည်းသိတဲ့အတိုင်းမှန်ပြားလေးနဲ့နောက်တစ်ခါအချက်ပြလိုက်တယ်ဆိုရင်ဘဲ သူလေ. . . သူလေ. . သိလား. . .

အောင်ပြီ. . . အောင်ပြီဆိုပြီး ထခုန်ပြီး ဝမ်းသာအားရကို အော်တော့တာပဲ။ ငါစိတ်ထဲမှာ သူရူးသွားသလားတောင် အောက်မေ့တယ်။ တကယ်ပါဟယ်၊ အရူးတစ်ယောက်လိုပဲ၊အခန်းထဲကွေးနေအောင်ပတ်ကတယ်၊ အတော်ကြာတော့မှအခန်းပြင်ပြေးထွက်သွားပြီး လူတွေတစ်ယောက်ပြီးတစ်ယောက်ခေါ်လာတော့တယ်။ ပြီးတော့ငါ့ဆီကို လက်ညှိုးထိုးပြတယ်။

ငါလည်းဟယ် ရှက်တော့ ရှက်တာပေါ့။ ဒါပေမယ့် မှန်ပြားလေးကို ယောင်မြဲယောင်ထားလိုက်မိတယ်။ လူတွေကလည်း တစ်ယောက်ပြီးတစ်ယောက်ပဲဟယ်၊ မှန်ပြောင်းနဲ့ငါ့ကိုလာကြည့်ကြပြီး ခေါင်းတညိတ်ညိတ်နဲ့သူ့ကိုလည်း ချီးကျူးကြတယ်ထင်ပါတယ်။

ငါလည်းပီတိစိတ်နဲ့ သူဘယ်နေ့ငါ့ဆီရောက်လာနိုး၊ သူ့မိဘတွေနဲ့ဘယ်အချိန်လာတောင်းနိုး စောင့်နေလိုက်တာဒီနေ့ထိပါပဲ။

အဲဒါနဲ့ သိပ်မကြာဘူး သိလား၊ သူငါ့ကိုချောင်း[illegible]မှန်ပြောင်းကြီးကို နေရာရွှေ့လိုက်တယ်။ ပထမတော့ ငါသူဘာလုပ်မှန်းမသိဘူးပေါ့၊ အခုတော့ ငါသိပြီ၊ သူငါ့ကိုမကြည့်တော့ဘဲ နင့်ကိုနင့်ကိုကြည့်နေပြန်ပြီ ရှယ်လီမီးယားရယ်။

အဲဒါပါပဲ ရှယ်လီမီးယားရယ်၊ သူနင့်ကိုမှန်ပြောင်းနဲ့အကြာကြီးချောင်းနေလို့ ရင်မခုန်မိစေနဲ့နော်။

အဲဒီလူက အသည်းစားဘီလူးကြီးတော်ရေ့. . . ငါကကိုယ်တိုင်ခံ





စားခဲ့ရလို့သိတာ၊ နင်လည်းငါ့လို တစ်ခုခုအချက်ပြန်ပြလိုက်ရင် သူနောက်တစ်ယောက်ကိုပြောင်းချောင်းဦးမှာ၊ သတိသာထားတော့ရှယ်လီရေ့. . . နင်ရင်မခုန်မိပါစေနဲ့လို့ ဆုတောင်းရင်း. . .

ငါ့လိုခံစားရမှာစိုးလို့နော်၊
နင့်သူငယ်ချင်း
ရီဆယ်နိုဗစ်. . .

# သတင်းစဉ်. . .

နက္ခတ္တဗေဒပညာရှင် ဆရာအကြည်တော်သည် ငယ်စဉ်ကတည်းက နက္ခတ္တဗေဒကို ဝါသနာထုံခဲ့သည့်အလျောက်. . . ကိုယ်ပိုင်မှန်ပြောင်း (တယ်လီစကုတ်) တစ်ခုကိုတီထွင်ပြီး စကြဝဠာထဲအချိန်ပြည့် ဂြိုဟ်အသစ်များကို ရှာဖွေနေခဲ့ရာ တစ်နေ့တွင်စကြဝဠာ၏အရှေ့မြောက်ဘက်စူးစူးတွင် ဂြိုဟ်အသစ်တစ်ခုကိုရိပ်ခနဲ တွေ့မြင်ခဲ့ရ၏။ ထိုအချိန်မှစ၍ ထမင်းဟင်းပင်မစားတော့ဘဲ ထိုဂြိုဟ်ကိုသာလေ့လာရှာဖွေနေရာ လေးဆယ့်ခုနစ်ရက်မြောက်နေ့တွင် ထိုဂြိုဟ်မှ လင်းခနဲအလင်းရောင်မြင်တွေ့ရ၍ ဝမ်းသာအားရဖြင့် သိပ္ပံပညာရှင်များအားခေါ်ပြရာ ထိုဂြိုဟ်မှာ စကြဝဠာ၌ အတန်ကြာပျောက်ဆုံးနေသော ရီဆယ်နိုဗစ်ဂြိုဟ်ဖြစ်ကြောင်း အတည်ပြုလက်ခံ၍ နက္ခတ္တဗေပညာရှင်ဆရာအကြည်တော်အား နက္ခတ္တဗေဒပညာ ပါမောက္ခဘွဲ့ထူးကို အပ်နှင်းခဲ့ကြလေသည်။ နက္ခတ္တဗေဒပါမောက္ခကြီး ဆရာအကြည်တော်သည် ထိုမျှနှင့်မတင်းတိမ်နိုင်သေးဘဲ ယခုလည်းအခြားဂြိုဟ်ငယ်တစ်ခု အားထပ်မံရှာဖွေနေကြောင်း သတင်းရရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ထိုသူ လေချွန်နေသည်

ဆိုင်တာပေါ်မှာ…ခင်ဗျား
ရဲ့ စိတ်တွေအားလုံးကို
လေချွန်တဲ့ အပေါ်မှာသာ
အာရုံထားလိုက် ဒါဆိုခင်
ဗျားအပေါ်မှာ ဖိစီးရတဲ့
စိတ်တွေမေ့ထားလို့ ရ
နိုင်လိမ့်မယ်လေ…

www.burmeseclassic.com

www.burmeseclassic.com

**ခင်**ဗျားဖြစ်နေတာ စိတ်ကျရောဂါဗျ. . . ”

“ဗျာ. . . စိတ်ကျရောဂါ. . . ”

ဆရာဝန်က သူ့နားတွင်တပ်ဆင်ထားသော နားကြပ်ကို ဖြုတ်၍ စိမ်ပြေနပြေခေါက်သိမ်းနေလိုက်သည်။ ပြီးမှ. . .

“ဟုတ်တယ်. . . စိတ်ကျရောဂါ. . . ”

လူနာသည်ပိန်ချောင်သော မျက်နှာလေးနှင့်ဆရာဝန်ကို ပြန်ငေးနေ၏။ ဆရာဝန်က သက်ပြင်းချ၍. . .

“စိတ်ကျရောဂါဆိုတာ လူတိုင်းမှာဖြစ်နိုင်တဲ့ရောဂါပဲ. . . သူက စိတ်ဆင်းရဲတဲ့အခါ စိတ်တအားဖိစီးတဲ့အခါ စိတ်ဓာတ်ကျစရာ ကြုံတဲ့အခါမျိုးတွေမှာ ဒီရောဂါမျိုးဖြစ်တော့တာပဲ. . . ”

လူနာသည်ဆရာဝန်၏စကားကို ပါးစပ်အဟောင်းသားနှင့် ငေးနားထောင်နေရာမှ. . .





“ဒီရောဂါဟာ ကုလို့ရောရရဲ့လား ဆရာ”

လူနာ၏ကတုန်ကရင်အမေးကို ဆရာဝန်ကခပ်ဖွဖွပြုံးလိုက်ပြီး

“ကုလို့ရပါတယ်. . . ဒီရောဂါကိုပျောက်ချင်ရင်တော့ လွယ်လွယ်ကလေးပါပဲ. . . ”

“ဘယ်. . . ဘယ်လိုလုပ်ရမှာလဲ ဆရာ ပြောပါဆရာ ပြောပါ. . ”

လူနာ၏ အလောတကြီးအမေးကို ဆရာဝန်ကချက်ချင်းအဖြေမပေးသေးဘဲ သူ့လက်တွင်ပတ်ထားသော ရွှေရောင်နာရီကို ပင့်မြှောက်ကြည့်လိုက်ပြီး. . .

“ကုချင်ရင်တော့လွယ်ပါတယ်။ ဒါက စိတ်ရောဂါတစ်မျိုးပဲလေ ဒါကြောင့် ဒီရောဂါကိုစိတ်နဲ့ပဲပြန်ကုလို့ ရပါတယ်။ ဆေးတောင်သောက်စရာမလိုပါဘူး. . . ”

“ဘယ်လို . . . ဘယ်လိုလုပ်ရမှာလဲ ဆရာ. . . ”

ဆရာဝန်က ပြုံးလိုက်ပြီး. . .

“လွယ်ပါတယ်. . . ဥပမာဗျာ. . . ခင်ဗျားစိတ်ထဲမှာ တခြားစိတ်ပြောင်းနိုင်မယ့်အလုပ်တစ်ခုကိုပြောင်းလုပ်လိုက်. . . ”

လူနာ၏မျက်လုံးများ ဘယ်ညာယောင့်ကပ်သွားပြီး. . .

“စိတ်ပြောင်းနိုင်တဲ့အလုပ်. . . ဘာအလုပ်လဲဆရာ. . . ကျွန်တော်က အလုပ်လည်းစုံနေပြီ”

ဆရာဝန်က ပြုံး၍ သူ့ခေါင်းက ဆံပင်များကိုပြန်သပ်တင်လိုက်သည်။ ပြီးနောက် ခေါင်းကိုခပ်ဖြည်းဖြည်းခါ၍ မျက်လုံးကိုမှေးစင်းပြီး. . .

“ခင်ဗျား လေချွန်တတ်သလား. . . ”

“ဗျာ”

ဆရာဝန်၏ မဆီမဆိုင်စကားကြောင့် လူနာကြောင်သွား၏၊ ဆရာဝန်က သူ၏ပါဝါမျက်မှန်ကိုချွတ်၍ မျက်နှာကို လက်ကိုင်ပဝါတစ်ဘည် ထုတ်သုတ်ပြီး. . .

“ခင်ဗျား လေချွန်တတ်သလားလို့မေးတာပါ. . . ”

“ဟုတ်. . . ဟုတ်. . . ကဲ့. . . တတ်ပါတယ် ဆရာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို. . . ခင်ဗျား လေချွန်နေလိုက်"

"ဗျာ"

ဆရာဝန်၏ စကားများကြောင့်အမ်းအမ်းဖြစ်နေ၏။ အတန်ကြာမှ သူ၏သေးသွယ်သောလက်ကလေးအကြောင်းမဲ့ လေထဲတဖျတ်ဖျတ်ခါပြီး

"ဟိုလေဆရာ. . . ကျွန်တော့်ရောဂါနဲ့ လေချွန်တာနဲ့ ဘာဆိုင်လို့လဲ ဆရာ. . ."

"ဆိုင်တာပေါ့ဗျာ. . ."

လူနာ၏စကားကို ဆရာဝန်စကားစဖြတ်လိုက်ပြီး ဘာမှဆက်မပြောသေးဘဲ မတ်တပ်ရပ်၍ခါးကိုဆန့်သည်။ ဗိုက်ရှပ်လိုက်၍ ခါးအောက်လျှောကျနေသောဘောင်းဘီကို ပြန်ဆွဲတင်သည်။ မျက်နှာကိုမျက်နှာသုတ်ပဝါနှင့် ထပ်သုတ်သည်။ ပြီးမှ. . .

"ဆိုင်တာပေါ့ဗျာ. . . ခင်ဗျားရဲ့ စိတ်တွေအားလုံးကို လေချွန်တဲ့အပေါ်မှာသာအာရုံထားလိုက် ဒါဆိုခင်ဗျားအပေါ်မှာ ဖိစီးရတဲ့စိတ်တွေမေ့ထားလို့ရနိုင်လိမ့်မယ်လေ. . . အဲဒီလိုသာ အားလုံးကိုမေ့သွားရင် ခင်ဗျားရဲ့စိတ်ကျရောဂါ သက်သာသွားလိမ့်မယ်. . ."

"ဟိုလေ ဆရာ. . . အဲ. . . အဲဒီလို လေချွန်နေရုံနဲ့ ကျွန်တော့်ရောဂါက သက်သာနိုင်ပါ့မလား. . ."

ဆရာဝန်က ဟက်ဟက်ပက်ပက်ပြုံးလိုက်သည်။ ပြီးနောက် ဘောင်းဘီအိတ်ထဲ လက်နှိုက်၍. . .

"ခင်ဗျားက မယုံဘဲကိုး. . . ဒါဆိုလည်း ကျုပ်ကလက်တွေ့စမ်းပြရတာပေါ့. . . ကဲ. . . ခင်ဗျား လေချွန်ကြည့်စမ်း. . ."

ထိုသူလေချွန်၏။ ဆရာဝန်က ခေါင်းခါပြီး. . .

"မဟုတ်ဘူး. . အဲဒီလိုမဟုတ်ဘူး. . ခင်ဗျားဟာက စိတ်ဂနာမငြိမ်သလို ဟိုရောက်ဒီရောက်နဲ့. . . အဲဒီလိုမဟုတ်ဘူး. . . ခင်ဗျားရတဲ့သီချင်းတစ်ပုဒ်ကို စိတ်ထဲစွဲနေအောင်မှတ်ပြီး အသေအချာလုပ်ဗျ. . ."

လူနာ ဆရာဝန်ကိုပြန်ကြည့်သည်။ ပြီးနောက်တစ်ဖက်သို့လှည့်၍ လေချွန်ပြန်၏။ သူလေချွန်နေသော သီချင်းက စိန်ခြူးကြာညောင်သီချင်း၊





လေသံကမတည်ငြိမ်သော်လည်း သီချင်းသွားကပီသည်။ ဆရာဝန်က ထိုသူကိုကြည့်ပြီး. . .

"ခင်ဗျားသားနဲ့ပတ်ဖိုးထိုးလို့ ရှော့(ခ်)ဖြစ်ပြီး ဆေးရုံပေါ်ရောက်နေပြီ. . ."

"ဗျာ"

ဆရာဝန်၏စကားကြောင့် လူနာမျက်လုံးပြူးကျယ်သွား၏၊ ဆရာဝန်က ထိုသူ့ကိုကြည့်၍ ခေါင်းကိုဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး. . .

"မဟုတ်ဘူး. . . မဟုတ်သေးဘူး. . . ခင်ဗျား. . . ကျွန်တော်ပြောတဲ့အပေါ်မှာဘာမှ အာရုံမထားနဲ့ ကုန်ကုန်ပြောမယ်ဗျာ. . . ဘာကိုမှ ဝရုမစိုက်နဲ့. . . ခင်ဗျားရဲ့ လေချွန်သံအပေါ်မှာသာ ခင်ဗျားစိတ်တွေနှစ်ထားဟုတ်ပြီလား"

"ဟုတ်. . . ဟုတ်ကဲ့ ဆရာ. . ."

ထိုသူကြောင်တောင်တောင်နှင့်ခေါင်းညိတ်ပြီး တစ်ဖက်သို့ လှည့်သွားပြန်၏။ ပြီးနောက်ထိုသူလေချွန်နေပြန်၏။ ဆရာဝန်ကထိုသူ့ကိုမကြည့်ဘဲ သူ့မျက်ရိုးနှစ်ခုကိုလက်နှင့်စုကိုင်ပြီး. . .

"ခင်ဗျားမိန်းမကလည်း ညထဲကပြန်မအိပ်ဘူး. . ."

ထိုသူလေချွန်နေ၏။ ဆရာဝန် လက်သီးကိုဆုပ်အံကိုကြိတ်၍ မာန်ပါပါပြောသည်။

"ဒါဆို သေချာပြီ. . . ဟိုကောင်နဲ့သွားအိပ်နေတာပဲဖြစ်မယ်. ."

ထိုသူလေချွန်နေသည်။ မျက်လုံးကလေးတောင်စင်းလို့. . .

"အဲဒီ သတင်းကိုကြားလို့ ခင်ဗျားအမေတောင်ကြီးကို ဆင်းလိုက်လာတာ. . လမ်းမှာအက်ဆီးဒင့်ဖြစ်လို့တဲ့. . ."

ထိုသူလေချွန်နေသည်။ စိန်ခြူးကြာညောင်. . .

ဆရာဝန်က ထိုသူ့ကိုကြည့်ပြီး. . .

"ကျုပ်ပြောတဲ့စကားတွေရော ခင်ဗျားနားထဲရောက်ရဲ့လား. . ."

ထိုသူလေချွန်နေသည်၊ ဆရာဝန်ကအားမလိုအားမရဖြင့် အသံကို ထပ်မြှင့်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ. . . ကျုပ်ပြောတာရော ခင်ဗျားကြားရဲ့လား. . . "

ထိုသူလေချွန်နေသည်၊ ခြေထောက်လေးတောင် ခုဆင်ခြေရင်းတွင်လွှဲလို့၊ ဆရာဝန်က ထိုသူကို စွေစောင်းကြည့်သည်။

"ကလင် . . . ကလင် . . . ကလင်. . . "

ဖုန်းမြည်လာသည်၊ ဆရာဝန်က ဖုန်းရှိရာထသွား၏၊ ထိုသူလေချွန်နေသည်၊

"ကလင် . . . ကလင် . . . ကလင်. . . "

ဖုန်းထပ်မြည်လာသည်၊ ဆရာဝန်က ဖုန်းရှိရာ ထသွား၏။ ထိုသူလေချွန်နေသည်၊

"ဟယ်လို. . "

ဆရာဝန်၏ ဖုန်းပြောသံ၊ ထိုသူကိုဝေ့ကြည့်သည်၊ ထိုသူလေချွန်နေသည်၊

"ဗျာ"

ဆရာဝန်၏ကျယ်လောင်သောအော်သံ၊ ထိုသူလေချွန်နေသည်။ ဆရာဝန်၏မျက်လုံးကြီးပြူးတက်သွားပြီး. . .

"အကြီးကောင် နံပါတ်ဖိုးထိုးပြီး ရှောဖြစ်လို့ဟုတ်လား"

ထိုသူလေချွန်နေသည်။

"အခု ဘယ်မှာလဲ . . . ဘယ်မှာလဲ. . . "

ဆရာဝန်၏ ကပိုကရိုအသံ၊

"ဆေးရုံမှာဟုတ်လား . . . ဒါ. . . ဒါဆို သူ့အမေကရော. . . "

ထိုသူလေချွန်သံမှအပ တိတ်ဆိတ်နေသည်၊ ဆရာဝန်၏ဒေါသတကြီးအော်ဟစ်သံက. . .

"ဟင်. . . ညထဲကပြန်မအိပ်ဘူးလား. . . ဒါဆို . . . ဟို . . ဟိုကောင် နဲ့. . . တောက်. . . "

ထိုသူလေချွန်နေသည်။ လက်တစ်ဖက်မှ နရီမှတ်နေ၏။ ဆရာဝန် ထိုသူကိုဝေ့ကြည့်ပြီး ပို၍ဒေါသထွက်သွားကာ. . .

"ဟော့လူ. . . တိတ်တိတ်နေစမ်းဗျာ. . . လေချွန်မနေနဲ့. . .

တော်ဝင်မြို့မစာအုပ်တိုက်



ဟယ်. . . ဟယ်လို. . . ပြော. . . ပြော. . . မြန်မြန်ပြော. . . "

ဟုဆို၍ ဖုန်းပြန်လှည့်ပြော၏။ ထိုသူလေချွန်နေသည်၊

"ဘာ. . . ဘာ. . . အမေတောင်ကြီးက လိုက်လာတာ. . . ကား. . . ကားမှောက်လို့ ဟုတ်လား. . . "

ဆရာဝန်၏ အသံများဆို့ဝင်သွား၏။ သူ့လက်ထဲမှဖုန်းခွက်လွတ်ကျသွားသည်။ ထိုသူလေချွန်နေသည်။

ဆရာဝန်သူ့လက်ကိုသူ အုပ်ကိုင်၍ ယိုင်နဲ့နဲ့ခြေလှမ်းများနှင့် ပြန်လှမ်းလာ၏၊ ဖုန်းခွက်က လေထဲတွဲရရွဲ. . . ၊ ပြီးနောက် တုန်ရင်ဆို့နင့်သောအသံဖြင့်. . .

"ကျွန်တော့်သား. . . ကျွန်တော်သား နံပါတ်ဖိုးထိုးတာ ဆေးထိုးမှားပြီး. . . ဟင်း. . . ဆေး. . . ဆေးရုံမှာတဲ့ဗျာ. . . "

ထိုသူလေချွန်နေသည်၊ စိန်ခြူးကြာညောင်. . .

"သူ့အမေကလည်းဗျာ. . တောက်. . ဟိုကောင်နဲ့. . တောက်. . ညထဲ ကဗျာ. . . စဉ်းစားသာကြည့်. . . "

ထိုသူလေချွန်နေသည်၊ ခြေကလေးကို စည်းချက်အညီ လွှဲလို့၊ ဆရာဝန်ကထိုသူကိုကြည့်၍ ဒေါသထွက်သွားကာ. . .

"ဟော့လူ. . . တော်တော့ဗျာ. . . ခင်ဗျားလေချွန်နေတာရပ်လိုက်တော့ . . . ကျုပ်စိတ်ညစ်ရတယ်ဗျာ . . . ခင်ဗျားလည်းကြားတဲ့အတိုင်း. . . "

ဆရာဝန်၏အသံများ ငိုသံများရစ်ဝေနေ၏။ ထိုသူလေချွန်နေသည်၊အသံကပုံမှန်သံလို လေထဲဝေ့ဝေ့ဝဲဝဲ. . . ၊ ဆရာဝန်ကသူ့မျက်နှာကိုလက်ဝါးနှစ်ဖက်နှင့် ကတုန်ကရင်အုပ်လိုက်ပြီး. .

" အမေ. . . အမေ. . . တောက်. . . ကားမှောက်လို့. . တဲ့. . "

ဆရာဝန်၏အသံတွင် ငိုသံများစွက်လာ၏။ ထိုသူလေချွန်နေတုန်း. . . ၊ ဆရာဝန်၏ ခေါင်းဆတ်ခနဲ ပြန်မတ်သွားပြီး. . .

"ဟော့လူ. . . ခင်ဗျားကိုတော်တော့လို့ပြောနေတာမရဘူးလား"

ထိုသူလေချွန်နေ၏။ ဆရာဝန်ထိုင်ရာမှကုန်းထပြီး. . .

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ. . . ခင်ဗျားကိုပြောနေတာဗျ. . . ကျုပ်စိတ်ညစ်နေတယ်။ ခင်ဗျားအသံကြီးတိတ်တော့ဗျာ. . တိတ်တော့. . . "

ဆရာဝန်ဒေါသတကြီး ကုန်းအော်သည်။ ထိုသူလေချွန်နေသည်။ ထိုသူ့ကိုကြည့်ပြီး ဆရာဝန်ပို၍ဒေါသထွက်သွားကာ. . .

"ဟော့လူ. . . "

ဆရာဝန်၏ အာခေါင်ခြစ်အော်သံ။ ထိုသူလေချွန်နေသည်။

"တိတ်တော့လို့ ခင်ဗျားကိုပြောနေတာ မရဘူးလား. . . ခင်ဗျားမတိတ်ရင် ကျုပ်အဆိုးမဆိုနဲ့နော်. . . "

ထိုသူလေချွန်နေသည်။ ထိုသူ့ကိုကြည့်ပြီး ဆရာဝန်ပို၍ ဒေါသထွက်သွားကာ. . .

"အာ. . . ဒီလူ. . . ဒီလောက်ဖြစ်လှတာ. . . "

ဟုဆို၍ ဘေးနားက ရေနွေးထည့်သော ကြွေဇလုံနှင့် ထိုသူ့ကိုအားကုန်လွှဲပေါက်လိုက်သည်။

'ခွမ်း'ခနဲမြည်သံနှင့်အတူ ထိုသူ့ကိုမထိဘဲ ကြွေဇလုံက နံရံကိုသာမှန်ပြီး အစိတ်စိတ်အမြွှာအမြွှာကွဲကြေသွား၏။

ထိုသူလေချွန်နေသည်။ လက်ကနရှိ. . . ဆရာဝန်ကသာ ပို၍ဒေါသထွက်လာပြီး. . .

"ဟင်. . . ခင်ဗျားက ဒါတောင်လေချွန်နေတုန်းဟုတ်လား ကဲကွာ. . ကဲကွာ. . . "

ဟုအော်ရင်း ဆရာဝန်က နီးရာများနှင့် လေချွန်နေသူထံ ပစ်ပေါက်၏။ ထိုသူက ဆရာဝန်ပစ်ပေါက်သမျှကို လှိမ့်ရှောင်သည်။ နံရံနှင့်ပစ္စည်းများ ထိခတ်သံသာ တခွမ်းခွမ်းနှင့် ထွက်ပေါ်နေ၏။

ထိုသူလေချွန်နေသည်။ ဆရာဝန်ကသူပစ်ပေါက်သမျှ ထိုသူ့ကိုမထိရောက်၍ ပိုပြီးဒေါသထွက်သွားပြီး. . .

"ကဲကွာ. . . ကဲကွာ. . . လေချွန်ချင်ဦး. . လေချွန်ချင်ဦး. . "

ဟုအော်၍ နီးစပ်ရာ ဗီရိုများ၊ ဆေးသေတ္တာများ နံရံများကို ဒေါသတကြီးလှဲဖြိုချနေ၏။ ခဏခြင်းအတွင်း ဆေးခန်းအတွင်း ဝုန်းဒိုင်းကျဲသံ





များဆူညံသွား၏။ ဆရာဝန်ကတော့ ဒေါသတကြီးနှင့် ကြမ်းရမ်းနေတုန်း။

ထိုသူကတော့ ဘာမှမသိသလို. . .

ထိုသူလေချွန်နေသည်။

မွစာကျဲနေသော အပျက်အစီးများကြားမှ ခုတင်ပေါ်တွင် တစ်ယောက်လဲကျနေသော ဗီရိုပေါ်တွင် တစ်ယောက်ထိုင်၍ လေချွန်နေသည်။ နှစ်ယောက်လုံး၏မျက်နှာပေါ်တွင် အပွအပင်ကင်းသည့် အရိပ်များအထင်းသားပေါ်နေ၏။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မကြည့်ဘဲ တိုင်ပင်ညီစွာ လေချွန်နေကြသည်။

ဆရာဝန်လေချွန်နေသည်။ ထိုသူလည်းလေချွန်နေသည်။ နှစ်ယောက်လုံး လေချွန်နေသည်။

ထို့ကြောင့် ထိုသူလေချွန်နေသည်။

စိန်ခြူးကြာညောင်. . . .။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

ကိုဖိုးမောင် စိန်တုံးကြီးထမ်းလာသည်။ သူထမ်းလာသော စိန်တုံးကြီးမှာ လူကြီးတစ်ပွေ့စာလောက်ရှိမည်။ သူ့အိမ်ရှေ့ချိုင့်ခွက်ကြီးသို့ ရောက်လာသောအခါ ချိုင့်ခွက်ကြီးထဲ စိန်တုံးကို ပစ်ထည့်လိုက်သည်။

ထိုတချင်းအရာကိုမြင်သော ရပ်ကွက်လူကြီးမှပြေးထွက်လာပြီး . .

"ဟေ့လူ. . . ဘာလုပ်တာလဲ. . ."

"လမ်းခင်းတာလေ. . ."

ကိုဖိုးမောင်၏ အဖြေစကားကြောင့် ရပ်ကွက်လူကြီးမျက်နှာကို ရှုံ့မဲ့လိုက်ပြီး ဒီလို စိန်တုံးတွေ၊ ပတ္တမြားတုံးတွေ၊ အရောင်ထွက်တဲ့ကျောက်တွေနဲ့ လမ်းခင်းရင် ကောင်းကင်က လေယာဉ်ပျံတွေကို အရောင်ဟပ်ပြီး မောင်းရခက်၊ လမ်းကြောင်းမှားတတ်လို့ မခင်းရဘူးလို့ နိုင်ငံတကာက ကြေညာထားတာ ခင်ဗျားမသိဘူးလား။





ကိုဖိုးမောင် စိတ်ညစ်သွား၏။

မှန်ပါသည်။ ဤကဲ့သို့ အရောင်ထွက်သောစိန်၊ ကျောက်သံပတ္တမြားများကို လမ်းခင်းပါက ထိုကျောက်များမှထွက်သော အရောင်များက ကောင်းကင်တွင် ပျံသန်းနေသော လေယာဉ်ပျံများကို အရောင်ဟပ်မိပြီး တိုက်ခိုက်မှုများဖြစ်ပွားကြသည့် အကြိမ်ပေါင်းလည်းမနည်းလှတော့ပေ၊

ကမ္ဘာကြီး သက်တမ်းရင့်လာသည်နှင့်အမျှ မြေပြင်သည်ပို၍ ကျစ်လျစ်သိပ်သည်းလာပြီး စိန်ကျောက်များအဖြစ်ပြောင်းလဲကုန်ပြီ၊ သက်တမ်းနုသော ဂဝံကျောက်၊ လိပ်သည်းကျောက်တို့လိုကျောက်မျိုးတို့ကို ဘယ်လိုနေရာမျိုးတွင်ရှာရမည်နည်း။ ယခုခေတ်ကောင်မလေးများ လည်ပင်းတွင် အလှဆင်သည့်အထဲကဖြုတ်ယူမှရမည်လား။ ဒါတောင် ဈေးကနည်းမည် မဟုတ်။

"ခင်ဗျားကျောက်ကြီး ခင်ဗျားပြန်ကလော်သွားဗျာ. . ."

ရပ်ကွက်လူကြီးစကားကြောင့် ကိုဖိုးမောင်စိတ်ညစ်သွား၏။ သို့သော်ဘာတတ်နိုင်မည်နည်း။ ထိုစိန်တုံးကြီးကိုသာ ပိုက်ဖာတူရွင်းနှင့်ပြန်ကလော်ထုတ်ပြီး ပြန်မလာရသည်။ မတတ်နိုင်။ အိမ်မီးဖိုချောင်မှာပဲ ဖိုခနောက်လုပ်၍ သုံးရတော့မည်။

အိမ်၏အပြင်သို့ရောက်သောအခါ ကိုဖိုးမောင်ခြေပစ်လက်ပစ်လှဲချလိုက်ပြီး စဉ်းစားခန်းဝင်နေလိုက်တော့၏။ ယခုခေတ်လို အချိန်မျိုး၌ ဤကဲ့သို့ သက်တန်းနုသောကျောက်မျိုးကိုရှာဖို့မပြောနှင့် လူသွားလမ်းများပင်လျှင် သံတုံးသံခဲများအဖြစ်ပြောင်းလဲနေ၍ မည်သူမျှပင်လမ်းဆင်းမလျှောက်ကြတော့။ တော်ရုံတန်ရုံငွေမတတ်နိုင်သူများပင်လျှင် တစ်ယောက်စီးခြေနင်းစကြာဖြင့် ကောင်းကင်ယံတွင် ပျံသန်းသွားနေကြပြီ၊ ငွေတတ်နိုင်သူများကတော့ ဒုံးပျံ၊ ဟယ်လီကော်ပတာ၊ လေယာဉ်ပျံ စသည်ဖြင့် ကိုယ်ငွေရှိလျှင်ရှိသလိုဝယ်စီးကြသည်ပေါ့။

သက်နုမြေနှင့်ကျောက်ဈေးက နည်းလှသည်မဟုတ်၊ အနိမ့်ဆုံးသက်တန်းနုသော မြေနေရာများဖြစ်သည့် ရှေးကီး(စ်)တောင်တန်း အခြေခံသစ်တောများကမှ ရနိုင်မည်။ ဒါတောင်ရနိုင်ဖို့ မသေချာ၊ ရနိုင်လျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိပ်(စ်)ပို့(စ်)ဈေးက နည်းလှသည်မဟုတ်။ တစ်လောက သူတို့အိမ်ဘေးမှ လယ်သမားကြီးဦးတောမြိုင်တောင် စပါးစိုက်ရန် ကမ္ဘာမြေတွင် မြေနု မြေဆွေးမရှိ၍ လကမ္ဘာပေါ် စပါးစိုက်ရန်ထွက်သွားပြီဆိုတာ သူလည်း အသိ၊

သူစဉ်းစားရင်း စဉ်းစားရင်းစိတ်ညစ်လာသည်။

တော်ကြာ ပန်းခြံထဲသွားပြီး အပန်းဖြေတာပဲကောင်းမယ်။

ဟုဆုံးဖြတ်၍ ပန်းခြံဘက်သို့သွက်လာ၏။ ပန်းခြံသို့ရောက်သောအခါ ပန်းခြံဝတွင်ရေးထားသော စာတမ်းကိုဖတ်၍ သူပြုံးလိုက်သည်။

ဟိုးအရင်တုန်းက ခံစားမှုရသအတိုင်း သင်ကိုယ်တိုင်လက်မတွေ့ ခံစားရမည်။ စာတမ်းကိုဖတ်ပြီး ကိုဖိုးမောင် အားရဝမ်းသာဖြင့်. . .

"ဒါမှ. . . ဘဝ. . . "

ဟု မြည်တမ်း၍ ပန်းခြံထဲဝင်လိုက်သည်။ ပန်းခြံထဲရောက်သည်နှင့် ပန်းခြံဝန်ထမ်းများ ရောက်လာပြီး သူအိတ်ထဲပါသမျှ ပိုက်ဆံကို ထိုခေတ်က သုံးသည့်ငွေများနှင့်လဲပေးကြသည်။ ပြီးနောက်နှုတ်မှလည်း. . .

"ကဲ. . . ခင်ဗျားတကယ့်ဘဝအစစ်ကိုရပြီ"

ဟုဆို၍ ဆုမွန်ကောင်းတောင်းပေးလိုက်သေး၏။ ပန်းခြံထဲရောက်မှ ကိုဖိုးမောင်စိတ်များ တက်ကြွပျော်ရွှင်လာလေသည်။

"လာနော် လာ. . . တစ်ယောက်ငါးကျပ်. . လိုက်ရင်လာ လိုက်ရင်လာ ရောက်တယ် ရောက်တယ်. . သွားချင်တဲ့နေရာ ရောက်တယ်"

အော်သံကြား၍ဝေ့ကြည့်လိုက်ရာ ဝိုက်ပူပူချက်ပလက်ကားစုတ်ကြီး၊ လူတွေကလည်း ပြည့်သိပ်ကျပ်ညပ်နေအောင် တင်ထား၏။ ကိုဖိုးမောင်ဝမ်းသာသွားပြီး ကားပေါ်ခုန်တက်လိုက်သည်။ ကားပေါ်ရောက်သည်နှင့် စပါယ်ယာမှ သူ့ခါးကိုကိုင်၍ ကားအလယ်ထဲတွန်းထည့်လိုက်သည်။ ကားပေါ်ရောက်သည်နှင့် သူ့ခန္ဓာကိုယ်လှုပ်၍ပင်မရတော့၊ ဘယ်လှုပ်လို့ရတော့အံ့နည်း။ ကားပေါ်တွင်သူလို ကားလိုက်စီးသူများမှာမနည်း။ အရှေ့မှာတလည်း မိန်းကလေးတွေ၊ အနောက်မှာကလည်း ယောကျ်ားကြီးတွေ။

"ဟေ့. . . ဟိုဘက်နည်းနည်းတိုးပါဟ. . . "





"အောင်မလေး. . . ဒီမှာလှုပ်လို့မရတော့ဘူး. . . "

"အရှေ့နည်းနည်းကပ်ကြပါဟ. . . ဒုက္ခပဲ. . . "

စသည်ဖြင့် အော်ဟစ်သံများဖြင့် ဆူညံနေကြလေသည်၊ ကားဘရိတ်ဆောင့်အုပ်လိုက်တိုင်း အေးခနဲ အော်ဟစ်သံများနှင့်အတူ လူအုပ်ကြီး ယိုင်ယိုင်ကျလာတာကိုက တကယ့်အရသာ။ "ဒါမှ တကယ့်ဘဝ" ဟူ၍ ကိုဖိုးမောင်စဉ်းစားနေတုန်း ဂျိမ်းခနဲအသံကြီးတစ်ခုနှင့်အတူ ကားကြီးတစ်ဖက်နိမ့်ကျသွား၏။

"ဟေ့ကောင် စပါယ်ယာ. . ကားဘီးချိုင့်ထဲကျနေလားမသိဘူး. . ဆင်းကြည့်ပါဦး. . : "

ဒရိုင်ဘာ၏ အော်သံကြောင့်စပါယ်ယာက ကားအောက်ဆင်းကြည့်လိုက်ပြီး. . .

"ကားဘီး ချိုင့်ထဲကျတာမဟုတ်ဘူး ဆရာရေ. . . အရှေ့ဘီးကျွတ်သွားတာ. . . "

စပါယ်ယာ၏ ပြန်အော်သံကြောင့် ကားထဲပွက်စီပွက်စီနှင့် ဆူညံသွားကြ၏။ စပါယ်ယာမှာ အော်သံများကိုဂရုမစိုက်ဘဲ ကားဘီးကိုသာ လိုက်ဖမ်း၍ ကားသို့ပြန်ယူလာသည်။ ပြီးနောက် ခရီးသည်များအားလုံး ကြားအောင်. . .

"ကဲ. . . ကားပေါ်က ခဏဆင်းပေးကြဦး။ကားဘီးပြန်တပ်မလို့"

စပါယ်ယာ၏အော်သံကြောင့် ခရီးသည်များ ချွေးတလုံးလုံးနှင့် ဆင်းလာကြသည်။

"ဒုက္ခပဲ. . . ကားက ဘယ်အချိန်မှ ပြီးမှာလဲ. . . "

"ငါးကျပ်တော့ဆုံးပါပြီ. . . "

စသည်ဖြင့် ဆူညံကုန်လေသည်၊ အားလုံး၏မျက်နှာပေါ်တွင် တော့မကြုံဖူးသော အတွေ့အကြုံသစ်ကို ခံစားခဲ့ရသဖြင့် ပီတိဖြင့်ရွှင်မြူးနေကြသည်။ ကိုဖိုးမောင်လည်း ကားဘီးတပ်နေသည်ကို ဆက်မစောင့်နိုင်ဘဲ ဘာဆက်လုပ်ရကောင်းမလဲဟူသော စိတ်နှင့် အနီးအနားဝေ့ကြည့်လိုက်ရာ လမ်းဘေးဖုန်တထောင်းထောင်းကြားထိုင်ရောင်းနေသော အသုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့၍ ဝမ်းသာသွားသည်။ ဒါမျိုးဒီခေတ်မှာတွေ့မှမတွေ့ဖူးတော့တာ။

"ဗိုက်ဆာနေတာနဲ့ အတော်ပဲ. . ."

ဟုရေရွတ်၍ ဆိုင်ထဲလှမ်းဝင်သွားသည်။

ပေညစ်နေသောမိန်းမဝဝကြီးသည် ချေးအထပ်ထပ်ချေးတလုံးလုံးနှင့်အသုပ်များကို သူ့လက်မည်းမည်းကြီးနှင့် အားရပါးရနယ်ဖပ်နေလေသည်။ ထိုမိန်းမကြီးနယ်ဖပ်နေသည်ကို ကြည့်ပြီး ကိုဖိုးမောင်စားချင်စိတ်ကို တားဆီးမရနိုင်တော့ဘဲ . . .

"ဒါ တစ်ပွဲ ဘယ်လောက်လဲ. . ."

အသုပ်ရောင်းသည့် မိန်းမကြီးကသူ့ကို မကြည့်ဘဲ. . .

"တစ်ပွဲ ငါးဆယ်"

ကိုဖိုးမောင် အိတ်ထဲပြန်စမ်းကြည့်လိုက်သည်။ သူ့အိတ်ထဲတွင် စုစုပေါင်းမှ ငွေဆယ့်ငါးကျပ်သာရှိ၏။ ထို့ကြောင့် အနီးအနား ဝေ့ကြည့်လိုက်ရာ

လက်သမား အလိုရှိသည်။ တစ်နာရီ(၄၀)ကျပ်။

ဟူသော ဆိုင်းဘုတ်ကိုတွေ့၍ သူ ထိုအထဲ ခပ်သုတ်သုတ်ဝင်သွားပြီး လက်သမားဆရာကို သတင်းပို့ကာ သစ်တွေထမ်း၊ ရွှေဘော်ဝင်ထိုး၊ သံဝင်ရိုက်နှင့်တစ်နာရီလုပ်လိုက်သည်။ ရပြီ ငွေ(၄၀)ကျပ်။

ငွေရသည်နှင့်သူအသုပ်ဆိုင်ထဲ လှမ်းဝင်သွားပြီး အသုပ်တစ်ပွဲမှာလိုက်သည်။ ကောင်းလိုက်သည့်အမျိုး၊ တကယ့်ချဉ်ငံစပ်ကလေး။ အသုပ်တစ်ပွဲသုတ်ပြီးတိုင်း အသုပ်သုပ်သည့်မိန်းမကြီး ၊ သူ့လက်ညှိုးကို ပါးစပ်နှင့် တပျပ်ပျပ်လျှပ်လိုက်သည်ကိုက အားရစရာ။ သူအသုပ်ကို ပန်းကန်ထဲ တစ်စက်မကျန်သည်အထိ လျက်စားလိုက်သည်။ ပြီးနောက် ငွေငါးဆယ်ပေးပြီး မထချင်ထချင်နှင့် အသုပ်ဆိုင်မှထလာရသည်။ ကောင်းကောင်းသာထိုင်စားရလျှင် ဆယ်ပွဲလောက်ကုန်သွားမည်။

သူ့အိတ်ထဲမှငွေများကို ထပ်စမ်းကြည့်လိုက်ရာ ငါးကျပ်သာရှိတော့သည်။ ငါးကျပ်နှင့် ဘာဆက်လုပ်ရင်ကောင်းမလဲ ဟူ၍ စဉ်းစားရင်း စဉ်းစားရင်း ပန်းခြံကိုပတ်၍ လမ်းဆက်လျှောက်မိ၏။

တစ်နေရာတွင် ဆိုင်းဘုတ်တစ်ခုကိုတွေ့ရာ သူဝမ်းသာသွား၏။





"အမှောင်ကမ္ဘာ"

တဲ့. . .။

သူဝမ်းသာအားရ ထိုဆိုင်းဘုတ်ရှိရာ အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ ဝင်ကြေးက ငါးကျပ်တဲ့၊ အခန်းထဲတွင် သူ့လို လူပေါင်းနှစ်ဆယ်သုံးဆယ်ခန့်ရှိမည်။ အားလုံးမျှော်လင့်စောင့်စားနေသော မျက်ဝန်းအစုံနှင့်၊

ဒီလိုအရသာမျိုးမည်သူမှ ကြုံဖူးကြလိမ့်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် တခြားလူမပြောနှင့် သူကိုယ်တိုင်ပင် အသက်လေးဆယ်အရွယ်ရောက်ခဲ့ပြီ။ မှောင်တယ်ဆိုတာ ဘာမှန်းမသိခဲ့။ နေ့စဉ် ညစဉ်လင်းထိန်နေသောမီး ပျက်သည်ကို သူတစ်သက်နှင့်တစ်ကိုယ် မကြုံခဲ့ဖူး၊ ညဆိုသည့်အရာပင် နေ့ကဲ့သို့ အမြဲတမ်းလျှပ်စစ်မီးရောင်တို့ဖြင့် ထိန်ထိန်ငြီးနေသည် မဟုတ်ပါလား။ သူအခန်းထဲ ငြိမ်သက်စွာ ထိုင်နေလိုက်သည်၊

ထိုစဉ် ဖျတ်ခနဲ ပျက်သွားသောမီးကြောင့် လူအားလုံး ဟေးခနဲ ဝမ်းသာအားရထအော်ကြသည်။ အားလုံးတစ်ယောက်ကိုတစ်ယောက်မမြင်ရလောက်အောင် မှောင်အတိ။ လူများ၏ ဝမ်းသာအားရအော်သံက တော်ရုံနှင့်မဆုံး။ သို့သော် သိပ်မကြာ ဖျတ်ခနဲပြန်လည်လင်းထိန်သွားပြန်၏၊

"ကဲ. . . အားလုံးငါးကျပ်ဖိုးပြီးဆုံးသွားပါပြီ. . . မီးပျက်တာထပ်မြင်ချင်သူများ အပြင်ထွက်၍ လက်မှတ်ထွက်ဝယ်ကြပါခင်ဗျာ. . ."

ဟူသော အော်သံကြောင့် ကိုဖိုးမောင်အောင့်သက်သက်နှင့် အပြင် ပြန်ထွက်လာရသည်၊ သူစိတ်ထဲတွင်တော့

"တောက်. . ပိုက်ဆံများရှိလို့ကတော့ ဆယ်ခါလောက်ဝယ်ပြီး အမှောင်ထဲအရသာခံ ထိုင်ပစ်ဦးမှာ"ဟုစိတ်ထဲကြိတ်၍ ကြုံးဝါးလိုက်သည်၊

ဤသို့ဖြင့် ပန်းခြံအပြင်ဘက်ထွက်သောအခါ ကိုဖိုးမောင်တစ်ယောက် ပေသလူးနွမ်းဖတ်နေပြီ၊ သူ့စိတ်ထဲတွင်တော့ ဆယ့်ကိုးရာစုအတွေ့အကြုံများဖြင့် ရွှင်မြူးပျော်ရွှင်လို့၊ နောက်တစ်ခါလာလျှင်မိန်းမနှင့်ကလေးတွေကိုလည်းခေါ်လာပြရမည်ဟု ဆုံးဖြတ်လိုက်သည်၊

ပြီးနောက် လမ်းခင်းရန် ကျောက်ရှာရမည့်အရေး ပြန်လည်တွေးမိပြီး စိတ်များပြန်လည်လေးလံသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

ဟာ သလေးတစ်ခုကြားဖူးတယ်။ မိန်းမဝဝကြီးတစ်ယောက် ပိန်ချင်လို့ဆိုပြီးမြင်းဝယ်စီးတယ်။ မြင်းပဲဆယ်ပေါင်လောက်ကျသွားတယ်။ သူကဒီအတိုင်းပဲ၊ သူကတော့ ဝိတ်ဘယ်ကျမလဲ . . . မြင်းစီးရတာ ပင်ပန်းလို့ ဆိုပြီး နှစ်ဆပိုဝါးနေတာကိုး. . . ။

ဒါပါပဲ. . . ဝသောသူများ ပိန်ချင်ရင် မြင်းလည်းစီးမနေနဲ့၊ ရေလည်းကူးမနေနဲ့. . . အစားသာလျှော့စားကြပါလို့. . . ။

ဒီလိုဗျ. . . ဖြစ်ပုံက။

သူ့အဖို့တုန်းကတော့ ခပ်ပိန်ပိန်ရယ်. . . ။

နောက်အိမ်ထောင်တွေဘာတွေကျ ကိုယ်ပန်တွေဘာတွေဆောင်တဲ့အချိန်က စတယ်လို့ပဲဆိုရမှာပဲ. . . ။ မိန်းကလေးဆိုတာကလည်း တယ်ခက်သကိုး။ အပျိုဘဝရည်းစားရစဆို သိပ်မှုတာ။ သမီးရည်းစားချိန်းတွေပြီး





ယောက်ျားလေးက တစ်ခုခုကျွေးပြီဆို မစားချင်စားချင်ပုံမျိုး၊ ဒါမှမဟုတ် မကြိုက်သလိုလို ဘာလိုလိုနဲ့ မှုပြီးတော့ကိုမစားဘဲနေတာ။ အမှန်တော့ အမှန်အကန်ကိုဆွဲချင်နေတာ။ ဒါပေမယ့် ရည်းစားလတ်လတ်ဆတ်ဆတ်ကြီးက အရှေ့မှာ အရည်လည်တဲ့မျက်ဝန်းကြီးနဲ့ ငုပ်တုတ်ကြီးထိုင်နေတော့ မှင်သတ်နေရတာ။ ထမင်းဆိုင်တွေမှာ နှစ်ပန်းကန်ဆွဲပြီး ဟင်းတွေတောင်ပုံရာပုံကျန်နေပလားဟဲ့ဆို သေချာပြီ၊ ဒါသမီးရည်းစားဖြစ်စ စုံတွဲတွေစားသွားတာပဲ။ အဲဒီအချိန်မျိုးဆို တစ်ခုခုစားဖို့မပြောနဲ့ ခေါင်းတောင်ခပ်ဟဟဖော်တာရယ်မဟုတ်ဘူး။

အဲ. . . အိမ်ထောင်တွေ ဘာတွေကျသွားလို့ကတော့ ဘယ်သူမျက်နှာမှ ကြည့်တော့တာမဟုတ်ဘူး။ ကိုယ်ဝန်တွေဘာတွေဆောင်ပြီဆိုရင် မပြောနဲ့တော့အပီအပြင် စဝါးပြီသာမှတ်။ အကြောင်းပြကောင်းသွားပြီလေ၊ သွေးတောင်းတာ၊ ချဉ်ချင်းတက်တာဆိုပြီး. . . ဝါးတာ ဝါးတာများ ကြည့်တောင်မကောင်းဘူး။

ကျွန်တော်တို့ငယ်ငယ်က ရွာကကိုယ်ဝန်ဆောင်အဒေါ်ကြီးတွေ ချဉ်ချင်းတက်ရင်ဖြစ်တတ်တယ်။ မီးသွေးခဲတွေစားတာတို့၊ သစ်သားတွေကိုက်ချင်တာတို့. . . ။ အဲဒါမျိုးတွေဖြစ်တတ်တယ်။ အဲဒါကိုကြည့်ပြီး ဗိုက်ထဲက ကလေးရဲ့စရိုက် ဘယ်လိုဖြစ်မယ်ဆိုတာ ခန့်မှန်းကြတယ်။ ဆိုပါတော့ မီးသွေးခဲကိုက်ရင် ပေပေတေတေနေတတ်မယ်။ ကျန်းမာရေးကောင်းမယ်ပေါ့။ သစ်သားကိုက်ရင် စရိုက်ကြမ်းမယ်၊ စသည်ဖြင့်ပေါ့။

အခုသူတို့တော့ အဲသလိုမဟုတ်ပေါင်ဗျာ။ ချဉ်ချင်းတက်လိုက်မှဖြင့် ဒူးရင်းသီးတို့၊ ပန်းသီးတို့၊ ဒန့်ပေါက်တို့ချည်း။ အောင်မာ ဟန်ဘာဂါတို့ ပီဇာတို့တောင်ပါလိုက်သေး။ ဈေးလေးများကြီးပြီဆို ချဉ်ချင်းကတက်ပြန်ပြီ. . . တက်ပြန်ပြီပဲ။ အဲဒီအချိန်မှာပဲ သူတို့ယောက်ျားတွေကို ကလေးအကြောင်းပြပြီး နိုင်စားလို့ရတာကိုး။ ကလေးကဟောင်းလို့၊ သွေးကတောင်းလို့. . . ဆိုပြီး။ သူတို့ဝါးသမျှ သူ့ဗိုက်ထဲကကလေးသနားစရာ၊ ဘုမသိဘမသိနဲ့ သူစားထားသမျှတွေ ရွက်ထားရမယ်။ အဲဒီလိုမျိုး. . . ။

ဒီတော့မဝဘဲခံနိုင်ရိုးလား. . . . ။

www.burmeseclassic.com



ဪ. . နောက်ပြီးကလေးလည်းမွေးပြီးရော အားရှိအောင်လို့ဆိုပြီး အရင်ထက်နှစ်ဆဝါးကြပြန်ရော။ ကျွန်တော်တွေ့ဖူးတဲ့ အမျိုးသမီးတစ်ယောက်ဆို ကလေးကို နှစ်နှစ်ထိနို့မဖြတ်ဘူး။ အဲဒီတော့ ကလေးအကျက် ကလေးအဖေက နို့မှုန့်ပုံမှန်ဝယ်ပေးရတယ်။ အဲဒီနို့ကို ဘယ်သူစို့တယ်မှတ်တုံး။ ကလေးအမေကစို့တော့တာပေါ့။ အမှန်တော့ သူနို့မဖြတ်ချင်လို့ ကလေးကိုနို့မဖြတ်ဘဲထားတာ။ အောင်မာ. . . နို့မှုန့်ဝယ်ပေးတာပိုနေလို့ ဆိုပြီး သူ့အမေကိုတောင် ပြန်ပြန်ကန်တော့သေး။





ဒီနောက်ရှိသေးတယ်၊ လက်ဖက်ရည်ဆိုင်တို့ မုန့်ဆိုင်တို့ ခေါ်သွားရင်မိခင်က ကလေးဖြစ်သူအတွက်မှာပေးတယ်။ ဥပမာ-အုန်းနို့ခေါက်ဆွဲပေါ့။ ကလေးကတော့ ဘာသိမှာလဲ ပါးစပ်ထဲထိုးထည့်ပေးတာ ဘာဖြစ်ဖြစ်စားတော့တာပဲ။ သူမစားချင်တော့တဲ့ အချိန်ဆို မစားတော့ဘူး။

ဒါကိုမိခင်လုပ်သူက. . .

"ဟယ်. . . ကလေးလေးက ဒါမကြိုက်ဘူးထင်တယ်. . . ပေါင်မုန့်အုန်းနို့ဆမ်းလေးလုပ်ပါဦး. . ."

ဆိုပြီး ကလေးကိုကျွေးပြန်တယ်။ ကလေးကတော့ ကလေးတွေရဲ့ထုံးစံအတိုင်း အသစ်အဆန်းလေးတွေ့တာနဲ့ စမ်းစားကြည့်တာပေါ့၊ နောက် သူကဗိုက်ပြည့်နေပြီဆိုတော့ ဘယ်စားတော့မလဲ၊ အဲဒီတော့ မိခင်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ကလေးကျွေးနေတာနဲ့ သူတောင်ဘာမှ မစားရသေးဘူး နည်းနည်း ပါးပါးပဲစားရတဲ့ တို့ရှည်ပွဲကြီးတစ်ပွဲပေးပါဦး. . . "

ဆိုပြီးတို့ရှည်တစ်ပွဲ သူ့အတွက်မှာပြီးဝါးတယ်။ သူ့တို့ရှည် ကုန်သွားတော့မှ စားပွဲပေါ်ကြည့်ပြီး

"ဟယ်. . . ကလေးစားလို့ မကုန်တာတွေ ချန်ခဲ့ရမှာနှမြောစရာ၊ ဘာပဲဖြစ်ဖြစ် ပိုက်ဆံပေးထားရတာပဲ ကုန်အောင်ဝါးသွားမယ်ဆိုပြီး ခုနက ကလေးအတွက်မှာထားတဲ့ အုန်းနို့ခေါက်ဆွဲရော၊ ပေါင်မုန့်အုန်းနို့ဆမ်းရော အစာပိတ်ထပ်ဝါးတယ်။ အမှန်တော့ ကလေးအတွက်မှာထားတဲ့ဟာတွေက သူကြိုက်တဲ့ဟာတွေချည်းပဲ. . .။

အဲ. . . ဒီတော့ အဲဒီအမျိုးသမီးဟာ မဝခဲ့နိုင်ရိုးလား။

ကလေးတစ်ယောက်မွေးပြီးတိုင်း မိန်းမတွေ ဝလာတယ်ဝလာတယ်နဲ့ကြည့်နေတာ။ တစ်သားမွေးတစ်သွေးလှပေါ့၊ ဘယ်ဟုတ်မလဲ. . ဆွဲလုံးကောင်းလာကြတာတိုး။ ဒါ. . . အခုကျွန်တော်ပြောတာ မနက်လက်ဖက်ရည်ဆိုင်ထိုင်ချိန်ပဲရှိသေးတယ်။ နေ့ခင်းစာ၊ နေ့လယ်စာ၊ ညနေစာ၊ ညစာ အဲဒါတွေမပါသေးဘူး။

အဲဒီ အဲဒီကစပြီး အသက်လေးများကြီးလာရင်. . . အောင်မလေး ဘာမှမရှောင်တော့ဘူး။ အလှူအိမ်ဆိုလည်း ဝါးတာပဲနှစ်ပွဲသုံးပွဲ၊ မင်္ဂလာဆောင်လည်းဆွဲတာပဲနှစ်ပွဲသုံးပွဲ။ ပြီး ညနေအစာပိတ်တွယ်ဖို့ဆိုပြီး ချိုင့်ထဲလုထည့်ပြီး ရန်များတောင်ဖြစ်လိုက်သေး။ စားမကောင်းသောက် မကောင်းဘူးပေါ့. . . ဒီနေ့မှ ဒါလေးခံတွင်းတွေလို့ဆိုတာပါသေး. . .။ ပြီးတော့မှ ပိန်ချင်တယ် ပိန်ချင်တယ်နဲ့အော်နေ၊ ပိန်ပါလိမ့်မယ်အားကြီးကြီး။ ကဲ. . မေးလိုက်လေဦး။ အစားကျူးတော့ ဗိုက်လေးပြီး အိပ်ချင်လာပြီပေါ့။

ပိန်ချင်လို့ဆိုပြီ. တက်လိုက်ရတဲ့ သင်တန်းတွေ၊ သင်တန်းဆရာတွေသာ သူဌေးဖြစ်သွားတယ်။ ဒင်းတို့မှာတော့ဝက်ကဝက်ပဲ. . ကဲ. . ဘာကြောင့်လဲ။ ဟိုမှာ အေရိုးကနည်းနည်းပဲ ဇစ်ရသေးတယ်။ ပင်ပန်းလို့အဆီပြန်ရစ်တာက များနေသကိုး။

ကဲ. . ဒီတော့ ဘာကြောင့်လဲဆိုတာ ကောက်ချက်ဆွဲရရင်. . .





စားလို့ဝတယ်၊ အိပ်လို့ဝတယ် ဒီနှစ်ချက်ပဲ။ ပိန်ချင်ရင်လွယ်လွယ်လေး အစားအတွက်က ခေါင်းကလေးခါနေရုံပဲ။ ဘယ်အချိန်ပဲ သူများလာကျွေးကျွေး တစ်ခုခုကျွေးတဲ့အချိန်၊ ဒါဆို အအိပ်အတွက်က ဘာလုပ်မလဲ၊ ကိုယ့်အိပ်ရာကို လက်ဝှေ့ကြိုးဝိုင်းလို သဘောထားပြီးလိုက်။ ကိုယ်က အိပ်ချလိုက်တာနဲ့ ကိုယ့်ကို တစ်ဖက်လူက ထိုးချလိုက်ပြီလို့ သဘောထား၊ (၁) ကနေ (၁၀) ထိရေ၊ (၁၀) ပြည့်တာနဲ့ခုန်ထ။ အောင်မလေး ခုနစ်ညလောက်လုပ်ကြည့်စမ်း. . . ပိန်တာမှငါးနပ်ခြောက်ကာမှ အဆီချနည်းလာတောင်းရမယ်။

ကဲ. . . ပိန်ချင်လား၊ လိုက်နာရမှာ နှစ်ချက်ထဲ. . .။

(၁) ဘာကျွေးကျွေး ခေါင်းရမ်းနေ


(၂) ကိုယ့်အိပ်ရာကို လက်ဝှေ့ကြိုးဝိုင်းလို သဘောထား. . .၊

တစ်လလောက်များလုပ်လိုက်တော့ တီကောင်ကို နှန်းဆွဲထားတာကမှ ဝနေဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရေ…

ဘယ်တော့မှ
ပန်းသီးကြွေမကျနိုင်တဲ့
အခန်းကျဉ်းကလေးထဲ
ပန်းသီးမျိုးစုံအခွံနွာစားပြီး
ရောဂါပေါင်းစုံရနေတဲ့
မင်းဘဝကို
ငါသနားမိပါရဲ့…

www.burmeseclassic.com

www.burmeseclassic.com

အခု အနီရောင်နှင်းဆီပွင့်ချပ်တွေ အဖြူရောင်လွှမ်းသွားချိန် သူမဆိတ်ငြိမ်သွားတယ်. . . ။

ညီမလေးရေ. . . မင်းအတွက် ကမ္ဘာမြေကြီးက ထာဝရရပ်တန့်ပေးခဲ့ပေါ့. . . ။

လောကမှာ မိဘမောင်ဘွားအပြင် လူသုံးဦးထက်ပိုမတွေ့ဖူးတဲ့မင်းအတွက် ပေလေးဆယ် လေးပင်သုံးခန်းအိမ်က ကျယ်ဝန်းခဲ့တယ်နော်. . .

အဲဒီလောက်သေးငယ်တဲ့ ခြေရာခွက်လေးထဲ မျက်စိသူငယ်နားသူငယ်နဲ့မင်းပျော်မွေ့ခဲ့တယ်. . . အပြင်လောကကိုမသိဘူး၊ နောက်ဆုံးပေါ်ဒီဇိုင်းမသိဘူး။ အပိုလို (၁၃) မသိဘူး၊ ရန်ကင်းဈေးမသိဘူး၊ ဝင်းဦးမသိဘူး၊ ချစ်ခြင်းမေတ္တာမသိဘူး၊ ဗီလိန်တွေကို မသိဘူး. . .

ဒါပေမယ့် မြန်မာဗီဒီယို ဇာတ်ကားတွေကိုတော့ မကြိုက်ပြန်ဘူးတဲ့နောက် သူလိုကိုယ်လို အာဟာရဖြစ်တဲ့အစားအစာတွေစား၊ သူလို





ကိုယ်လိုအောက်ဆီဂျင်မာတ်ငွေ့တွေကို ရှူသွင်းပြီး ဘဲ့တစ်ခုရအောင် ယူနိုင်ခဲ့သေးတယ်. . . ။

ဒါဟာ သူမအတွက်တော့ မဟာစွန့်စားမှုတစ်ခုပဲပေါ့. . .

အောင်မြင်မှုဆိုတာ နားမလည်ခဲ့ကဲ့ သူမအတွက်တော့ ဒါဟာအောင်မြင်မှုတစ်ခုမဟုတ်ခဲ့ပြန်ဘူး။ အောင်မြင်ခြင်းဆိုတဲ့ ဆုလာဘ်တစ်ခုကို အဝေးသင်နဲ့ယူလို့မရကြောင်း သူမ ခမျာ မသိခဲ့ရှာဘူးလေ. . . ဘေဘီလုံက အကြွယ်ဝဆုံးသူဌေးကြီးကျတော့ အားကျပြန်သတဲ့. . .

"ကဲကွယ်. . ."

ဘဝဆိုတာ စိတ်ကူးယဉ်သက်သက်မဟုတ်သလို ငယ်ရာကကြီးကြီးရာကအို၊ အိုရာကသေ ဆိုတဲ့ ပုံစံခွက်ထဲမှာ သံပတ်ပေးထားတဲ့အရုပ်လိုပုံမှန်လည်ပတ်နေရုံနဲ့ ပြီးတော့မှာလား. . . ။

လူဆိုတာ စကားပြောရတယ်. . . လမ်းလျှောက်ရတယ်. . . လိုအပ်တဲ့ကိစ္စတွေကိုလည်းတီထွင်ခဲ့ရသေးတယ်. . . ။

လူဆိုတာ လှောင်အိမ်ထဲ မနေရဘူး၊ သရဲမကြောက်ရဘူး၊ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စတွေကို ပုံကြီးမချဲ့ရဘူး. . . ။

မင်းဖတ်နေတဲ့ တရားစာအုပ်တွေထဲက "လူ့ဘဝဆိုတာ ရေပွက်ပမာ" လို့ဆိုထားပေမယ့် ဆုလွယ်နပ်လွယ်တော့ မဟုတ်နိုင်ပါဘူး၊ လူ့ဘဝကိုတို့တွေ မျက်စိသူငယ်နားသူငယ်နဲ့ အလည်ရောက်လာတာမှ မဟုတ်တာ ။

ပျော်ရွှင်မှုဆိုတာလည်းရှိသေးရဲ့. . . ။

အခုတော့ ကိုယ့်ဘဝကိုကိုယ် မိဟ္သုနဲ့ချုပ်ယိုက်သလို ကျုံ့ကျုံ့ရုံ့ရုံ့လေးပဲ အဆုံးသတ်ခဲ့တာလား. . . ကျေနပ်မှုတွေရော ပိုင်ဆိုင်ခဲ့ရဲ့လားညီမလေးရယ်. . . ။

မျက်စိနှစ်လုံး စဖွင့်ချိန်ကစပြီး မျက်လုံးနှစ်လုံးပိတ်သွားချိန်ထိဘာတွေများရှာဖွေတွေ့ရှိခဲ့ပါသလဲ. . . ။

တိုင်းစတိုင်းကိုမသိဘဲ သင်္ချိုင်းတွေထိုင်တွက်ခဲ့တာလား. . . အားဒီဆင်ကိုမသိဘဲ မီးခလုတ်ကိုကိုယ်တိုင်ဖွင့်တတ်တာလား ။ သေခွာန် . . . မသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာမော်ဒန်ကဗျာတွေကို ဖတ်တတ်ခဲ့တာလား. . .။

ဘယ်တော့မှ ပန်းသီးကြွေမကျနိုင်တဲ့အခန်းကျဉ်းကလေးထဲ ပန်းသီးမျိုးစုံ အခွံနွာစားပြီး ရောဂါပေါင်းစုံရနေတဲ့ မင်းဘဝကို ငါသနားမိပါရဲ့. . .။

ညီမလေးရေ. . .

အမှောင်ကျနေတဲ့ အခန်းကျဉ်းလေးထဲမှာ ကျင့်သားရအောင်နေရင်း မင်းခေါက်နေတဲ့အဝတ်တွေ ခဏသိမ်းထားလိုက်ပါ။ ဘယ်သူ့ကို ချစ်လို့ချစ်ရမှန်းမသိလို့ မင်းမွေးထားတဲ့ကြောင်ကလေးတွေ၊ မွေးပွခွေးကလေးတွေကို အပြင်ခဏလွှတ်လိုက်ပါ. . .။ ပြီး ပြတင်းတံခါးကတစ်ဆင့် အပြင်ကို ကြည့်လိုက်ပါ။

မင်းမြင်နေတဲ့ မြက်ခင်းစိမ်းရဲ့နောက်ကွယ်မှာ ဆင်းရဲသား (သူလိုကိုယ်လိုသူတွေထိုင်နေတဲ့) ရပ်ကွက်ဆိုတာလည်း ရှိသေးရဲ့။ အဲဒီမှာ ကချေသည်လည်းရှိရဲ့၊ အရပ်ပျက်လည်းရှိရဲ့၊ ဗီဒီယိုရုံလည်းရှိရဲ့၊ ကဗျာဆရာလည်းရှိရဲ့. . .။

သူတို့မှာ. . . စိတ်ညစ်စရာမျိုးစုံလည်းရှိရဲ့၊ ဝေဒနာမျိုးစုံလည်း ခံစားဖူးရဲ့၊ ရန်ပွဲတွေကိုလည်း ကိုယ်တိုင်ကိုယ်ကျ ဆင်နွှဲဖူးရဲ့၊ ဒါပေမယ့် ပျော်ရွှင်လိုက်ဖို့နဲ့ သံယောင်လိုက်ဖို့ဆိုတာ သူတို့အတွက်တော့ ဘယ်တော့မှ အပန်းမကြီးခဲ့ဘူး။

ရေချိုးပေမယ့် ဆောင်းတွင်းရောက်ရင် ချမ်းတတ်ကြတဲ့ သူလိုကိုယ်လိုလူတွေပဲ ညီမလေးရယ်. . .။ အဲယားကွန်းအခန်းထဲနေပြီး အဖျားတက်နေရတဲ့ဘဝကတော့ လူတိုင်းပိုင်ဆိုင်ချင်ကြတာပေါ့။ အခုတော့ မုဒိတာတရားဆိုတာ လက်ကိုင်ထားဖို့မပြောနဲ့ စာလုံးပေါင်းတောင်မတတ်လို့ သူတို့ခမျာ ပတ်ဝန်းကျင်ကို မဖြန့်ကျက်နိုင်ရှာဘူး။ ဖျာအောက်မှာ အစင်းသားအပြားလိုက်ကလေးသေလို့. . .။

ကဲ. . . ညီမလေးရေ. . .

သဘာဝတရားရဲ့ လက်ဆောင်ကောင်းတွေကို တစ်ဘဝလုံးစာ လက်လွှတ်လိုက်ရပြီမယ့် စိတ်ဓာတ်တော့မကျပါနဲ့ကွယ်. .





မိန်းကလေး ငိုတယ်ဆိုတာလည်း မာယာအတွက်သာ အသုံးဝင်ရဲ့. . . မာကျောမှုကိုတော့ ဘယ်တော့မှအထောက်အကူပြုမှာမဟုတ်ဘူးလေ. . .။ အပြုံးဆိုတာကတော့ ပျော်ရွှင်မှုကို ခုတုံးလုပ်နိုင်လေရဲ့. . .။

ဒါကြောင့် ပြုံးထားလိုက်ပါ ညီမလေးရေ. . . အမြဲတမ်းသာ ပြုံးထားလိုက်ပါ. . .။

ပြီးရင် မင်းရဲ့ဝိညာဉ်ကို စိတ်လွတ်ကိုယ်လွတ်လွှင့်ထုတ်ပစ်လိုက်ပါ. . . မင်းမရောက်ဖူးတဲ့ နေရာတွေကို လျှောက်လည်ပစ်လိုက်ပါ. . .။

ကြိုးတံတားတွေကို ဖြတ်လျှောက်လိုက်ပါ. . . တောင်တန်းအမြင့်ကြီးတွေကို လျှောက်တက်ပစ်လိုက်ပါ. . . ဘုရားစုံလည်းလှည့်ဖူးလိုက်ပါ. . . မြက်ခင်းပြင်မှာ လှဲအိပ်ပါ. . .။

ပြီးရင်. . .

နောင်ဘဝဆိုတာရှိခဲ့ရင်လေ. . .။

သူလိုကိုယ်လို ဘဝမှာဝင်စားပြီး ထုပ်ဆီးတိုးတမ်းကလေး ကစားနိုင်ပါစေလို့. . .

ငါ ဆုတောင်းပေးလိုက်ပါရဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com



# အာဒမ်မြ
# ဘာဝရား

သူမပျင်းရိရလေအောင်
သူ့ဆီက
နံရိုးတစ်ချောင်းကို
ထုတ်ပြီး၊
သူနဲ့အပေါ်ရအောင်
မိန်းမလှတစ်ယောက်
ဖန်ဆင်းပေးဦးမှ ...

www.burmeseclassic.com

www.burmeseclassic.com

ပတုတ္တအကြိမ် ကမ္ဘာကြီးပြိုလဲပျက်စီးပြီးနောက် ဖန်ဆင်းရှင်သည် လောကကို အသစ်တစ်ဖန် ပြန်လည်မွေးဖွားရန် ကမ္ဘာမြေ၌ ဧဒင်ဥယျာဉ်ကြီးကို စတင်ဖန်ဆင်းလိုက်သည်။

လှပစွာဖူးပွင့်နေသော ပန်းပင်များ၊ စားချင်စဖွယ် သစ်သီးဝလံများ၊ ကြည်လင်စိမ်းလန်းသော စမ်းရေအေးများ၊ မနား တမ်းဝဲပျံနေသော ကျေးငှက်များ၊ လှပခြင်း၊ သာယာခြင်းများနှင့် ပြည့်စုံလှသော ဧဒင်ဥယျာဉ်ကြီးကိုကြည့်ပြီး ဖန်ဆင်းရှင်က ဤသို့စဉ်းစား မိပြန်သည်။

"အင်း. . . ဒီဥယျာဉ်ကြီးကို ဒီအတိုင်းထားရင်တော့ ပြုပြင်တဲ့လူမရှိဘဲ ကြာရင်ပျက်စီးသွားနိုင်တယ်။ ငါလည်းအပင်ပန်းခံ အချိန်ကုန်ခံပြီး ဒီဥယျာဉ်ကြီးတိုပဲ တစိမ့်စိမ့်ထိုင်ကြည့်နိုင်မှာမဟုတ်ဘူး. . . ဒါကြောင့် ဥယျာဉ်တိုစောင့်ရှောက်ပျိုးထောင်ဖို့ လူသားတစ်ယောက်လောက် ဖန်ဆင်း





ဦးမှ. . ."

ဟုတွေးမိပြီး သူနှင့်ပုံတူမျိုးပွားခလုံး(၄၀၀၄) လူသားတစ်ဦးကို ဖန်ဆင်းလိုက်လေသည်။

ထိုလူသားငယ်ကိုပင် ဖန်ဆင်းရှင်က ခေတ်သစ်အာဒမ်ဟု အမည်ပေးထားလေသည်။

ထိုလူသားအာဒမ်သည် ရုပ်ဆင်းရူပကာ ရှုချင့်စဖွယ်တင့်တယ်၍ ခွန်အားဗလနှင့်လည်း ပြည့်စုံသည့်အပြင် ဉာဏ်ရည်ဉာဏ်သွေးလည်း လွန် စွာမြင့်မားလေသည်။ ထိုလူသားငယ်အာဒမ်သည် ပျင်းရိခြင်းအလျှဉ်းမရှိ ဘဲ ဧဒင်ဥယျာဉ်ကြီး၌ လှည့်ပတ်သွားလာပြီး လိုအပ်သည်များကို စိုက်ပျိုး မလိုအပ်သည်များကို ရိတ်သိမ်းပြီး ဥယျာဉ်ကိုဖန်ဆင်းထားသည်ထက် ပို ကြွယ်ဝအောင် အမျိုးမျိုးကြိုးပမ်း ရှာလေသည်။ ထိုလူသားငယ်ကို ဖန်ဆင်း ပြီး သိပ်မကြာခင်မှာပင် ဖန်ဆင်းရှင် ဖန်ဆင်းခဲ့သော ဧဒင်ဥယျာဉ်ကြီးမှာ ပို၍သာယာကြီးပွား၍ ရှုမောဖွယ်ဖြစ်လာခဲ့လေပြီ. . .

ဖန်ဆင်းရှင်သည် ထိုလူသားငယ်အာဒမ်နှင့် ဧဒင်ဥယျာဉ်ကြီးကို ကြည့်ရင်း ပီတိသောမနသကြီးစွာဖြင့် ဤသို့သုံးသပ်မိသာပြန်၏။

"အင်း. . . ဒီလူသားငယ်ကို ဖန်ဆင်းရကျိုးနပ်ပါပေတယ်၊ ရုပ်ဆင်းရူပကာ တင့်တယ်သည့်အပြင် ပျင်းရိခြင်းလည်းအလျှဉ်းမရှိဘဲ နေ့ကုန်နေခန်း ဧဒင်ဥယျာဉ်ကြီးမှာပဲ ကြိုးစားပန်းစားအလုပ်လုပ်နေရရှာတာ"

"အင်းသူ့ခမျာလည်း လူ့လောကမှာလူ. . . ဆိုလို့သူတစ်ယောက် တည်းရှိတာဆိုတော့ ပျင်းရိရှာမှာပဲလေ. . ."

"ဒါဖြင့်. . . သူမပျင်းရိရလေအောင် သူ့ဆီက နံရိုးတစ်ချောင်းကို ထုတ်ပြီး၊ သူနဲ့အဖော်ရအောင် မိန်းမလှတစ်ယောက်ဖန်ဆင်းပေးဦးမှ. . . ဖန်ဆင်းပေးဦးမှ. . ."

ဟုစဉ်းစားမိပြီး၊ လူသားအာဒမ်အိပ်ချိန်မှာ အာဒမ်၏ နံရိုးတစ် ချောင်းကိုထုတ်ကာ ကျောက်ဂူဝတစ်ခု၌ တင်ထားလိုက်သည်။ နောက်ဖန် ဆင်းရှင်သည် အိပ်ပျော်နေသော လူသားအာဒမ်ကိုကြည့်၍ နှစ်ခြိုက် ခြိုက်ပြုံးပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"တဲ. . . မောင်အာဒမ်ရေ. . . နံနက်မိုးသောက် အလင်းရောက်ရင်ဖြင့် သင်နှင့်အဖော်မိန်းမ ဖန်ဆင်းရမည်မို့၊ ဒီညတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်အနားယူပေဦး၊ နောက်တစ်နေ့အတွင်း အာဒမ်သားလှ၀မ်းသာရအောင်၊ ဤနံရိုးသည် နံနက်မိုးသောက်အလင်းရောက်သည်နှင့် ဧဝမိန်းမလှဖြစ်စေသတည်း. . ."

ဟုဆုတောင်းရင်း ဝမ်းသာပီတိစိတ်နှင့် ကောင်းကင်ယံထက် ပျံတက်သွားလေသည်။

ထိုအဖြစ်အပျက်ကိုမသိရှာသော လူသားအာဒမ်က ပင်ပန်းလွန်း၍ထင့် အိပ်စက်အနားယူနေတုန်း. . .

နောက်တစ်နေ့အလင်းရောက် အာရုံသောက်သော် ဖန်ဆင်းရှင်သည် လန်းဆန်းတက်ကြွစွာ အိပ်ရာမှနိုးထလာပြီး မနေ့ညကအဖြစ်အပျက်များကို သတိတရရှိလှသောကြောင့် နှစ်ခြိုက်စွာပြုံးပြီး လောကကို ရှုမြင်ဆုံးသပ်လိုက်ရာ. . .

"ဟင်. . ."

မြင်ရသောမြင်ကွင်းအစုံကြောင့် ဖန်ဆင်းရှင်၏ မျက်ဝန်းအစုံပြူးကျယ်ဝိုင်းစက်သွား၏။

"အလို. . ."

မြင်ရသောမြင်ကွင်းက သူလုံးဝတွေးထင်မထားသည့်မြင်ကွင်းကြည့်ပါဦး. . . ဖြစ်နေပုံ. . .

ကမ္ဘာမြေပေါ်ရှိ သူဖန်ဆင်းထားသော ဧဒင်ဥယျာဉ်ကြီး၌ သူဖန်ဆင်းထားသော လူသားအာဒမ်. . .။ ညကသူ လူသားမိန်းမဖန်ဆင်းရန်ကျောက်ဂူဝတွင်တင်ထားသောနံရိုးကို စိမ်ပြေနပြေမီးကင်စားနေ၏။

ထိုမြင်ကွင်းကိုလည်းမြင်ရော ဖန်ဆင်းရှင် ဒေါသထွက်လွန်းရတကား. . . ကမ္ဘာမြေသို့ အလျင်အမြန်ဆင်းကာ. . .

"ဟေ့ကောင်. . အာဒမ်. . . မင်း. . . မင်းဘာလုပ်တာလဲကွ. . . ဟေ. . ."

ဖန်ဆင်းရှင်၏ဒေါသတကြီးအမေးကို လူသားအာဒမ်က နံရိုးကြား





ကပ်နေသော အသားကို စိမ်ပြေနပြေဝါးပြီး. . .

"ဒီမှာလေ. . . နံရိုးတွေ့လို့မီးကင်စားနေတာ. . . လာပါ. . . စားသွားပါဦး. . . အိုး. . . နေတာပဲ. . ."

အာဒမ်၏စကားကို ဖန်ဆင်းရှင် ပို၍ဒေါသထွက်သွားပြီး. . .

"ဟေ့ကောင်. . . လူမိုက်. . . မင်းမိုက်လှ ချည်လားကွဟေ. . ဒီနံရိုး. . . ငါဘာလုပ်ဖို့ထုတ်ထားတယ်ဆိုတာ မင်းသိလား. . ."

ဖန်ဆင်းရှင်၏စကားကို အာဒမ်က နံရိုးထဲကရိုးတွင်းချဉ်ဆီကိုရှု လွတ်ခနဲစုပ်ယူစားသုံးလိုက်ပြီး. . .

"သိသားပဲ. . . ဒါကျွန်တော့်အတွက် အဖော်လူမိန်းမဖန်ဆင်းဖို့မဟုတ်လား. . ."

အာဒမ်စကားကြောင့် ဖန်ဆင်းရှင် ဒေါသအထွတ်အထိပ်ရောက်သွားပြီး. . .

"မင်းသိလျက်သားနဲ့ ဘာလို့စားပစ်တာလဲကွဟေ. . . ဘာလို့စားပစ်လိုက်ရတာလဲ. . လူမိုက်ရဲ့. . ."

ဖန်ဆင်းရှင်က အသားပါတဆတ်ဆတ်တုန်အောင်အော်၏၊ ဒါကို အာဒမ်က မျက်မှောင်ကြုတ်၍. . .

"မလိုချင်လို့ပေါ့ဗျ . . . မလိုချင်လို့ . . . ကိုင်း. . . ရှင်းပလား. . ."

အာဒမ်၏စကားကြောင့် ဖန်ဆင်းရှင် ဇဝေဇဝါဖြစ်သွားပြီး. . .

"ဘာလို့ မလိုချင်တာလဲကွ. . . ဟေ. . ."

အာဒမ်ကနံရိုးကို တကျွတ်ကျွတ်ဝါးပြီး. . .

"အာ. . . ဖန်ဆင်းရှင်ကလည်း စဉ်းစားကြည့်ပါဦး. . . ဖန်ဆင်းရှင်ကတော့ စေတနာနဲ့ ကျွန်တော့်အတွက်လူမိန်းမဖန်ဆင်းပေးတာပဲ. . . ဒါပေမယ့် သိတဲ့အတိုင်း ဒီမိန်းမက အငြိမ်နေမှာမဟုတ်ဘူး. . . မစားရဘူးလို့ သတ်မှတ်ထားတဲ့အသီးတွေလျှောက်စားမယ်. . ပြီးရင်ကိုယ်ဝန်ဆောင်မယ်. . . ကလေးတွေမွေးမယ်ဗျာ. . . စဉ်းစားကြည့်ပါဦး အဲဒီတော့ကြရင် ကျုပ်က ကလေးတွေထိန်းပေးရဦးမယ်. . . ဒီကြားထဲ သူလုံးဖို့



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးလေးသွေးပေးပါဦးတို့. . ကိုကိုဒမ်ရယ် မှားကဒေါက်ဖိနပ်ကလေးမှ စီးချင်တာတို့. . ပါတိတ်ဝမ်းဆက်ဝတ်ချင်တာတို့. , ဗိုလ်ချုပ်ဈေးကိုရှော့ပင်ထွက်ချင်တာတို့က လာဦးမယ်. . သူလိုချင်တာမရရင်လည်း အလကားနေရင်းစိတ်ကောက်တာခံရဦးမယ်. , . "

ဖန်ဆင်းရှင်ငြိမ်သက်၍နားထောင်နေသည်။

"နောက်ပြီး ယောက္ခမဘဝရောက်လည်း သမက်ငြိုငြင်တာခံရဦးမယ်. . သားတွေကျောင်းအပ်ဖို့ ပိုက်ဆံရှာရဦးမယ်. . . ကံမကောင်းရင် အာဒမ်က စပါယ်ယာတောင်ဖြစ်သွားနိုင်တယ်နော်. . . စပါယ်ယာတောင် ဖြစ်သွားနိုင်တယ်. . . နောက်ပြီး ဟိုကောင်မကဘယ်လို. . . ဒီကောင်မက ဘယ်အကြောင်းစသည်ဖြင့် သူအတင်းတုတ်တာလည်း နားထောင်ပေးရဦးမယ်. . . နားမထောင်ရင်လည်း အဲဒါကြောင့် ရှင်တို့ ယောကျ်ားတွေ ဗဟုသုတမကြွယ်ဝတာဆိုပြီး အပြောခံရဦးမယ်. . . ဒီကြားထဲသူမျက်နှာကြီးနဲ့လိုက်ယူထားတဲ့ အကြွေးတွေရှင်းပေးရဦးမယ်. . . မရှင်းပေးပြန်ရင်လည်း ရှင့်ကိုယူထားရတာ မျက်နှာငယ်လိုက်တာ ဒီလိုမှန်း အစကသိရင် လမ်းထိပ်ကကွမ်းယာသည်ပဲ ယူပါတယ်ဆိုပြီး ကလပ်မယ်. . အပြောမခံနိုင်လို့ပိုက်ဆံရှာပြန်ရင်လည်း သမာအာဇီဝနဲ့မရှာမိရင် ကိုအာဒမ်ကြီးလိုက်လိမ်နေတယ်ဆိုပြီး အာဒမ်လူလိမ်ဖြစ်ဦးမယ်. . နောက်ပြီး. . သူများဥယျာဉ်မှူးတွေများ တီဗွီနဲ့. . ရေခဲသေတ္တာနဲ့ဖြစ်နေပြီ. . . ရှင်မှာတော့ ကမ္ဘာဦးထဲက ခြံစောင့်လုပ်နေတာ တီဗွီမပြောနဲ့ ရေဒီယိုတောင်မဝယ်နိုင်ဘူး. . . ရှင်ဘာအသုံးကျလို့လဲဆိုပြီး မကောင်းပြောခံရဦးမယ်. . . ဒါမျိုးတွေ ကျွန်တော့်ရှေ့ ရှေ့ယခင်ကအာဒမ်တွေခံရတာများလို့ ရိုး. . ဟိုး. . . ဟိုးတောင်နေပြီ. . ဒါကိုသိသိကြီးနဲ့ မိန်းမယူရင် ဘာဖြစ်မယ်. . . အာဒမ်လူမိုက်ပေါ့ဗျ. . . အာဒမ်လူမိုက်ပေါ့. . မဟုတ်ဘူးလား. . . "

"ကဲ. . အခုလိုအပြောမခံရအောင် မိန်းမဖြစ်မယ့်နံရိုး အခုထဲက မီးကင်စားလိုက်တာ နားမအေးဘူးလား. . . အတင်းပြောလည်းမခံရဘူး၊ စပါယ်ယာလည်း မလိုက်ရတော့ဘူး. . . ဖန်ဆင်းရှင်လည်း ကြုံတုန်းဝင်မြည်းသွားပါဦး. . . နံရိုးဆာတေးလေး. . . မိန်းမဖြစ်မယ့်အသားမို့လားမသိ

တော်ဝင်မြို့တော်စာအုပ်တိုက်



ဘူး. . . သိပ်ချိုသဗျ. . . "

ဟု ဆိုလိုက်ရာ ဖန်ဆင်းရှင်လည်း အာဒမ်အားဘာပြန်ပြောလို့ပြောရမှန်းမသိအောင် ကြောင်ငေးသွားနေမိ၏။ အတန်ကြာသည် အထိနံရိုးကင် ကို တကျွတ်ကျွတ်ဝါးနေသော အာဒမ်ကိုငေးကြည့်နေမိပြီးမှ ဖန်ဆင်းရှင်လည်း ခေါင်းကိုခပ်ဖွဖွကုပ်ကာ. . .

"သူပြောတော့လည်း. . . ဟုတ်သားပဲ. . ငါတောင်မိန်းမ မရှိလို့ ဒီလိုဘဝမျိုးရခဲ့တာ မိန်းမသာရှိလို့ကတော့ တစ်သက်လုံးချာန်ရမှာမဟုတ်ဘူး. . မထူးပါဘူးလေ. . . ငါလည်းမရှိ ရှိတဲ့အရိုးအားလုံး မီးကင်စား လိုက်မှ အေးမယ်. . . "

ဟုတိုးတိုးဖွဖွရေရွတ်ကာ ကောင်းကင်ယံသို့ ပျံတက်သွားလေတော့သတည်း. . .။

တော်ဝင်မြို့တော်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ဟွန်းတယော

ဟောင်းနွမ်းဆွေးမြည့်နေပြီ
ဖြစ်သော ဇရပ်အိုကလေး
ပေါ်တွင် ဟွန်းတယောအို
ကလေးတစ်လက်နှင့် စိတ်
ကြိုက်တေးသွားကို ဖန်
ဆင်းနေသော လူငယ်
လေးတစ်ယောက်…



www.burmeseclassic.com

www.burmeseclassic.com

တယောသံ. . .

ညက်သာငြိမ့်ညောင်းသောတယောသံ. . .။ မြမြလေး တိုက်ခတ်နေသော လေထုထဲ ဝေ့ဝဲပျံ့လွင့်နေသော တယောသံ. . .။

နားထောင်နေရင်း သံစဉ်များရှုပ်ထွေးလာ၏။ ကြိုးလေးကြိုးကို ပွတ်တိုက်နေသော ဘိုးတံကလေးမှ၊ နာကျင်နာကြည်းမှုများ ပြည့်နှက်လာ၏၊ ကီးချိန်း၊ ကော့ဒ်ချိန်းပုံများက ကျောက်ခေတ်ကာလမှ လူရိုင်းများ ဆုံးရှုံးမှုနှင့် ကြုံတွေ့ရသည့်အခါ ရေရွတ်သလိုမျိုး. . .။

ရှုပ်ထွေးပွေလီလှသော တယောသံကြောင့် လူကြီးသည် လှမ်းလက်စ ခြေလှမ်းကို ရှေ့မဆက်တော့ဘဲ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ ထူးထူးခြားခြား ဘာကိုမှမတွေ့ရ။ ဟယောသံကတော့ ပေါက်ကွဲထွက်တော့မည့်အလား လက်ကွက်များပို၍ပြင်းထန်လာ၏၊





လူကြီးသည် မျက်မှောင်ကြုတ်၍ ဘေးဘီသို့ထပ်မံ ဝေ့ကြည့်လိုက်ပြန်သည်။

"တွေ့ပြီ. . ."

ဟောင်းနွမ်းဆွေးမြေ့နေပြီဖြစ်သော ဇရပ်အိုကလေးပေါ်တွင် ဟွန်းတယောအိုကလေးတစ်လက်နှင့် စိတ်ကြိုက်တေးသွားကို ဖန်ဆင်းနေသော လူငယ်လေးတစ်ယောက်. . .။ သူဝတ်ဆင်ထားသောအဝတ်အစားများက သူထိုင်နေသော ဇရပ်အိုကလေးအတိုင်း ဖရိုဖရဲနိုင်လှသည်။

လူကြီးက ဝင်းလက်သောမျက်ဝန်းအစုံနှင့် ဇရပ်ကလေးဘက်သို့ခြေဦးလှည့်လိုက်သည်။ တေးသွားများက ဆန်းပြားသောအရပ်မှ တိုက်ခတ်နေသောလေရှူးသဖွယ်မွှေရမ်းနေတုန်း. . .

"ဖြောင်း. . ဖြောင်းဖြောင်း. . . ."

"ကောင်းလိုက်တဲ့ တယောသံကွာ ကောင်းလိုက်တဲ့တယောသံ. . ဒီလောက်ကောင်းတဲ့ တယောသံမျိုးကို တစ်သက်မှာ ဒီတစ်ခါပဲ နားနဲ့ဆတ်ဆတ်ကြားဖူးတော့တယ်. . ."

လူကြီး၏ကျယ်လောင်သောစကားသံကြောင့် ဟွန်းတယောတီစိတ်ပါလက်ပါထိုးနေသော လူငယ်သည်လန့်ပြီး တယောထိုးတာကို ရပ်ကာ ဝေ့ကြည့်၏။ လူကြီးက အားရပါးရပြုံးလိုက်ပြီး. . .

"တကယ်ပြောတာကွ. . . အခုငါ့အသက်က ငါးလောက်ရှိပြီ ဒါပေမယ့် ဒီလောက်ကောင်းတဲ့ တယောသံမျိုးတစ်ခါမှ မကြားခဲ့ဖူးဘူး၊ ဂျိရှပ်ကနေ စီမိုင်နာကိုချိန်းသွားတဲ့နေရာလေးဆို ငါ့မှာရဟတ်စီးရတဲ့အတိုင်းပါပဲကွာ. . . အသည်းတွေအူတွေကိုယားသွားတော့ဟာ. . . အမှန်တော့ဘာမှမဆိုင်တဲ့ ကော့ဒ်နှစ်ခုကို ဒီလိုအဆင်ပြေပြေချိန်းတီးဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူးကွ. . ."

လူငယ်လေးက လူကြီးကို အံ့ဩတကြီးငေးကြည့်နေ၏၊ လူကြီးကသာ သူ၏မပြတ်သေးသောစကားကို ပြန်ဆက်၏။

"လက်ပေါက်နဲ့တီကျပုံကတော့ ငါထင်တယ်. . . [illegible]တောင် ဘာဂါနီနီနဲ့မင်း နှစ်ယောက်လောက်ပဲရှိမယ်ထင်တယ်. .



www.burmeseclassic.com

www.burmeseclassic.com



လူကြီးသည်စကားကို မဆုံးတမ်းပြောနေရင်း တယောသမားလူငယ်နားဝင်ထိုင်လိုက်သည်။ လူငယ်ကတော့ သူ့ကို တအံ့တသြငေးကြည့်နေတုန်း. . .။

"ဒါနဲ့ ငါမရှင်းတာက. . . မင်းခုနတီးသွားတာ ဘာသီချင်းလဲ. . . မင်းတီးသွားတဲ့သံစဉ်မျိုး ငါတစ်သက်မှာ တစ်ခါမှမကြားခဲ့ဖူးဘူးကွ. . ."

လူကြီးစကားစကိုဖြတ်ရင်း မျက်မှောင်ကြုတ်လိုက်သည်။ ပြီးမှ လူငယ်ဘက်သို့ဖျပ်ခနဲ ငေးကြည့်လိုက်ပြီး. . .

"ငါလည်းသီချင်းနဲ့ပတ်သက်လာရင် CLASSIC သီချင်းကစပြီး ဒီနေ့ထွက်တဲ့သီချင်းထိ အားလုံးကြားဖူးတယ်. . အဲ. . . ဒါပေမယ့် မင်းခုနတီးသွားတဲ့သီချင်းကိုတော့ တစ်ခါဆိုတစ်ခါမှ မကြားခဲ့ဖူးဘူး။ အဲဒါ ဘာသီချင်းလဲ. . ."

လူကြီး၏စကားကို တယောသမားလူငယ်လေး ကြောင်ငေး နားထောင်နေ၏။ ဒါကို လူကြီးကမချင့်မရဲဖြင့်. . .

"လုပ်ပါဦးကွ. . . မင်းခုနထိုးသွားတာ ဘာသီချင်းလဲလို့. . ."

လူငယ်၏တိုးဖွဖွအသံကို လူကြီးကမကြားလိုက်မိ၍ထင့် ခေါင်းတိုင်း မျက်မှောင်ကိုကြုတ်ရင်း ပြန်အော်သည်။ လူငယ်ကအဝေးကြီးသို့ ငေးရီပြီး. . .

"ဟုတ်တယ်. . . ကျွန်တော်ထိုးနေတာ သီချင်းမဟုတ်ဘူး. ."

လူကြီးမျက်မှောင်ကြုတ်သွားပြန်သည်။ နောက်လူငယ်လေး၏ စကားကို စဉ်းစားနေပုံရ၏။ အနည်းငယ်ကြာမှ. . .

"မင်းထိုးနေတာ သီချင်းမဟုတ်ဘူး. . . ဟုတ်လား. . ."

"ကျွန်တော်ထိုးနေတာ သီချင်းမဟုတ်ဘူး. . ."

လူငယ်၏ ခပ်မြန်မြန်စကားကြောင့် လူကြီးအတန်ကြာအသံတိတ်သွား၏၊ ပြီးမှ သတိရသွားဟန်ဖြင့် ကျယ်လောင်စွာရယ်မောပြီး. . .

"ဟား ဟားဟား. . . မင်းထိုးနေတာ သီချင်းမဟုတ်ဘူးလား. . . တား. . ဟားဟား. . ငါထင်တော့ထင်သားပါပဲကွာ. . . မင်းထိုးတဲ့သံစဉ်မျိုး ငါလို သီချင်းကျွမ်းကျင်တဲ့လူတောင် တစ်ခါမှမကြားဘူးတာ ဟားဟား. ."





လူကြီးသည်သူ့စကားကိုသူပြန်၍ သဘောကျသွားသလို ဟက်ဟက်ပက်ပက်ရယ်မောနေ၏။ အတန်ကြာမှ အရယ်ကိုရပ်ပြီး ပြုံးစေ့စေ့ မျက်နှာပေးနှင့်. . .

"ဟဲ ဟဲ. . . မင်းပြောလို့ မင်းထိုးနေတာ သီချင်းမဟုတ်မှန်း ငါသိပါပြီ. . . အဲ ဒါပေမယ့် မင်းရဲ့သီချင်းထဲမှာ. . အဲလေ. . . မင်းရဲ့သံစဉ်ထဲမှာ နာကျင်နာကြည်းမှုတွေနဲ့ပြည့်နေသလိုပဲ. . . မင်းဘာတွေခံစားနေရလို့လဲ ကောင်လေး. . ."

လူကြီး၏စကားကြောင့် လူငယ်၏မျက်ဝန်းများ ပြူးကျယ်သွား၏၊ ပြီးမှ စိတ်လှုပ်ရှားသလိုဟန်မျိုးနှင့် ဘေးဘီငေးကြည့်လိုက်ပြီး. . .

"ကျွန်တော်ထိုးနေတာ သီချင်းမဟုတ်ဘူး. . ."

လူငယ်၏စကားကို လူကြီးက ခပ်ဖြည်းဖြည်းရယ်ပြီး. . .

"အေး ဟုတ်ပါတယ်. . . မင်းထိုးနေတာ သီချင်းမဟုတ်မှန်းငါသိပါတယ်. . ဒါပေမယ့် မင်းရဲ့သံစဉ်ထဲမှာ. . ."

"ကျွန်တော်ထိုးနေတာ သီချင်းမဟုတ်ဘူး. . ."

လူကြီး၏စကားမဆုံးမီ လူငယ်ကမကျေမနပ်လေသံမျိုးနှင့် ဖြတ်ပြော၏။ လူငယ်၏ခပ်မာမာပြောလိုက်သောစကားကြောင့် လူကြီး အံ့အားသင့်သွား၏။ နောက်မှလူကြီးက မျက်မှောင်ကြုတ်ပြီး. . .

"ဘာကြောင့် သီချင်းမဟုတ်တာလဲ. . ."

လူကြီး၏အမေးကို တယောသမားကလေးက ချက်ချင်းအဖြေမပေးသေးဘဲ အသက်ကိုခပ်ပြင်းပြင်းရှူသွင်းလိုက်သည်။ ပြီးမှ ပြတ်သားသော လေသံဖြင့်. . .

"အခုလောလောဆယ် ကျွန်တော်သိပ်စိတ်ရှုပ်နေတယ်. . စိတ်ရှုပ်နေတဲ့အတွက် ကျွန်တော့်တယောရဲ့ သံစဉ်ပေါ်မှာလိုက်ပြီးရှုပ်ထွေးနေတယ် အဲဒါကို ဘယ်သူမှမသိစေချင်ဘူး. . . အဲဒါကို တစ်ယောက်ယောက်က သိသွားရင် အဲဒီလူကို ကျွန်တော်စိတ်ရှုပ်နေတဲ့အကြောင်းကို ဘယ်သူကိုမှ မပေါ်ပြဘူး. . . ဒါကြောင့် ကျွန်တော်ထိုးနေတာ သီချင်းမဟုတ်ဘူး. . ."

တယောသမားလေး၏စကားကို လူကြီးကသဘောတူနေ



www.burmeseclassic.com

www.burmeseclassic.com



တဟားဟားရယ်ပြီး. . .

"ဟား ဟား. . . ဟုတ်ပါ့ကွာ သိပ်ဟုတ်တဲ့စကားပဲ. . . ဟားဟား မင်းစိတ်ရှုပ်နေတယ်. . ဒါကြောင့် မင်းရဲ့သံစဉ်တွေက မင်းစိတ်ရဲ့ခေါ် ဆောင်ရာအတိုင်း လိုက်လံရှုပ်ထွေးနေတယ် ဒါကိုငါသိသွားရင် သီချင်းဖြစ် သွားမှာပေါ့. . . ဟုတ်လား. . . ဟားဟား. . ."

တယောသမားလေးသည် လူကြီးကို ပြန်လည်ငေးကြည့်ပြီး တိုး ညှင်းသောလေသံဖြင့် . . .

"ကျွန်တော်ထိုးနေတာ သီချင်းမဟုတ်ဘူး. . ."

တယောသမားလေး၏စကားကို လူကြီးကခပ်ကျဲကျဲရယ်ပြီး. . .

"ဟဲ. . . ဟဲ. . . မင်းထိုးနေတာ သီချင်းမဟုတ်မှန်းငါသိသွား ပါပြီ. . . မင်းစိတ်ရှုပ်နေတယ်ဆိုတာလည်း ငါမသိတော့ပါဘူးကွာ. . . ဟဲ. . . ဟဲ မင်း ကျေနပ်ပြီလား. . ."

လူကြီး၏စကားကို တယောသမားက ကျေနပ်သလိုဟန်မျိုးနှင့် သက်ပြင်းချလိုက်သည်။ ဒါကိုလူကြီးက မြိန့်မြိန့်ကြီးပြုံးပြီး. . .

"ကဲ ဒါဆို မင်းနဲ့ငါမိတ်ဆွေဖြစ်တဲ့အထိမ်းအမှတ်နဲ့ပေါ့ကွာ ငါ့အိမ် ကို ဖိတ်ခေါ်ပါရစေ. . . ဘယ်လိုသဘောရလဲ. . ."

တယောသမားလေးက လူကြီးကို အံ့အားသင့်စွာငေးကြည့်လိုက် သည်။ ပြီးမှ တွေဝေစွာဖြင့်. . .

"ခင်ဗျားရဲ့အိမ်က ကျွန်တော်တယောထိုးလို့ရလောက်အောင် ကျယ်လို့လား. . ."

တယောသမားလေး၏စကားကို လူကြီးက ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး

"ဟားဟား. . ကျယ်ပါပြီကောလားကွာ. . ကျယ်ပါပြီရောလား. . ဘယ်လောက်ကျယ်သလဲဆိုရင် သောက်ရေအိုးချည်းပဲတစ်သောင်း တစ်သိန်း တစ်သန်းကွာ. . . အဲ. . . မရေမတွက်နိုင်အောင်ကိုရှိတာ. . ."

လူကြီး၏စကားကြောင့် တယောသမားလေးမျက်လုံးအစုံ ဝင်းလက်သွားပြီး. . .





"ဗျာ . . . သောက်ရေအိုးချည်းပဲ တစ်သောင်းတစ်သိန်း တစ်သန်း ဟုတ်လား. . ."

"အေး. . . ဟုတ်တယ်. . . ထမင်းစားခန်းကကွာ ဟိုကွာ. . . ငါမရောက်ဘူးသေးတဲ့ ထမင်းစားခန်းတွေတောင်ရှိတယ်. . ."

"အားပါး"

လူငယ်အံ့ဩတကြီးရေရွတ်သံ. . . လူကြီးက သူ့ကိုပြုံးပြုံးကြီး ကြည့် ပြီး. . .

"ကဲ. . . ဘယ့်နှယ်လဲ လိုက်မှာလား ပြော. . ."

လူကြီး၏အမေးကို လူငယ်မှ အားတတ်သရောဖြင့်. . .

"လိုက်မယ်ဗျာ. . . လိုက်မယ်. . . ဘယ်တော့သွားမှာလဲ. . ."

လူငယ်၏အမေးကို လူကြီးကသူ့ပေါင်ကိုသူ အားရဝမ်းသာပုတ်ပြီး

"အခုပေါ့ကွ. . . အခုပေါ့. . ."

"ကဲ. . . ဒါဖြင့်သွားရအောင်. . ."

ဟုဆို၍နှစ်ယောက်သားဇရပ်ပေါ်မှထကာ လမ်းမဟုတ်သော လမ်းတလေးဆီသို့ဆင်းသက်သွားကြ၏။ လွန်ခဲ့သည့်တစ်ရာသီလုံးအပြင် ထွက်ခွင့်မရသောယောက်ဖခွေးခေါ်ငှက်ကလေးတို့ မြေပြင်ကို ခပ်နိမ့်နိမ့်ရှပ် တိုက်ပျံသန်းသွားသည်။ နောက်နာရီဝက်ဆို ကမ္ဘာလောက၌ သူရှိတော့ မည်မဟုတ်တော့ကြောင်းသိသာစေရန် နေမင်းကြီးသည်သူ၏ဂုဏ်အင်တို မေ့လျော့စွာ ပါးပြင်ပေါ် လိုင်နာများ ဆိုးကာ နီရဲသောမျက်နှာပေးနှင့် သခင်း အားမြှူဆွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တောချိုးအုံကြားကို ဖြတ်လျှောက်နေသော လူနှစ်ယောက်ကသာ ဆိုအာဖြစ်အပျက်များကို မေ့လျော့စွာဦးတည်ရာအရပ်သို့ ခြေလှမ်းများ ရွေ့လျားနေ၏။

ကျယ်ပြန့် ပြန့်ပြူးသော လယ်ကွင်းပြင်၏အစပ်သို့ ရောက်သောအခါ အရှေ့မှဦးဆောင်လာသောလူကြီးသည် မြက်ခင်းပေါ် ပျော်ရွှင်စွာလှဲချလိုက်ပြီး. . .

"ဟား ဟား. . . ရောက်ပြီကွ ရောက်ပြီ ဒါငါ့အိမ်ပဲ. . လာ. . . ကောင်လေး လာ. . . ဒါငါ့အိမ် ဟားဟား. . ."

တယောသမားလူငယ်သည် လူကြီးနားဖြည်းညင်းစွာထိုင်ချလိုက်ပြီး ဘေးဘီဝေ့ကြည့်ကာ အားမလိုအားမရလေမျိုးနှင့်. . .

"အင်း. . . ဟုတ်သား. . . အတော်ကြီးကိုကျယ်တာပဲ. ."





လူငယ်၏စကားကို လူကြီးကကျေနပ်စွာပြုံးလိုက်သည်။ ပြီးနောက် ကောင်းကင်ကို လက်ညှိုးထိုးကာ. . .

"ဟိုးမှာ. . . ငါ့အိမ်ခေါင်မိုးကွ. . . သိလား. . ."

ဟုဆို၍ တဆက်တည်း ဟိုတစ်စဒီတစ်စ ပွင့်နေသောကြယ်လေးများကို ထပ်မံလက်ညှိုးထိုးပြလိုက်ပြီး. . .

"ဟော ဟိုမှာတွေ့လား. . . အဲဒါငါ့အိမ်ထုပ်တမ်းမှာ ဆွဲထားတဲ့ လက်ဆွဲမီးအိမ်တွေကွ. . ."

လူငယ်သည် လူကြီးနည်းတူ မြက်ခင်းပေါ်စိမ်ပြေနပြေ လှဲချလိုက်ပြီး. . .

"အင်း ဟုတ်ပါရဲ့. . . အမိုးကို လွင့်နေတာပဲ. . ."

ဟုဆို၍ ကောင်းကင်ကို ကြည်နူးစွာငေးကြည့်နေလေသည်။ နှစ်ဦးသား ဘာစကားမှဆက်မပြောဖြစ်ကြဘဲ တိတ်ဆိတ်စွာဖြင့်ကောင်းကင်သို့သာ ငေးကြည့်နေကြ၏။

ရံဖန်ရံခါမှသာ တိုးညင်းစွာပေါ်လာတတ်သော အိပ်တန်းပျံငှက်အော်မြည်သံများနှင့် ဘူတာရုံ အမိုးတွင်တပ်ဆင်ထားသော သံပန်းသံတံခါးများသဖွယ် တိမ်တိုက်များက သူတို့ကို စီးမိုးကျနေလေသည်။

တယောသမားလေးသည် ကောင်းကင်မှတစ်ဆင့် သူ၏အမြင်အာရုံကို တဖြည်းဖြည်းဆွဲဆန့်သွားရင်း နေရာတစ်ခုဆီသို့ သယ်ဆောင်သွား၏။

"ဟင်. . ."

အာမေဋိတ်သံနှင့်အတူ လူငယ်၏မျက်ဝန်းအစုံ ငြိမ်သက်သွား၏၊ လူကြီးမှ မျက်မှောင်ကြုတ်၍ခေါင်းထောင်ထလာသည်။

"ဘာလဲ. . . ဘာတွေ့လို့လဲ. . ."

လူကြီးက အိပ်ချင်မူးတူးအသံနှင့်မေး၏။ တယောသမားလေးက သူ့မျက်စိရှေ့တည့်တည့်က မိုးကုတ်စက်ဝိုင်းကို လက်ညှိုးညွှန်ပြရင်း ဘာအံ့တသြဖြင့်. . .

"ဟိုး . . . မှာမြင်နေတာက. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ. . ."

လူကြီးက လူငယ်ညွှန်ပြရာသို့ မျက်မှောင်ကြုတ်၍ထကြည့်၏။ လူငယ်ညွှန်ပြရာ မိုးကုတ်စက်ဝိုင်းကိုမြင်တော့ လူကြီးကဖြိုန်းဖြိုန်းကြီး ပြုံးလိုက်ပြီး

"ဩော်. . . ငါက ဘာများလဲလို့. . ."

ဟုဆို၍ပြန်အိပ်ချလိုက်သည်။ ပြီးနောက်ဘာမှ မထူးဆန်းသလို ဟန်မျိုးနှင့် ဝါးခနဲသန်းလိုက်ပြီး. . .

"အဲဒါ ငါ့အိမ်ရဲ့ဝရံတာပေါ့ကွ. . ."

လူကြီး၏စကားကြောင့် တယောသမားလေး၏မျက်ဝန်းအစုံ ပြူးကျယ်သွားပြီး. . .

"ဝရံတာ ဝရံတာ ဟုတ်လား. . ."

လူကြီးက ခေါင်းပင်မညိတ်တော့ဘဲ မျက်လုံးကိုသာ ဖြည်းညင်းစွာ ပိတ်ပြလိုက်၏။ ဒါကို လူငယ်ကသာ အားတက်သရောဖြင့်. . .

"ဟာ. . . ဒါဆို အဲဒီဝရံတာကို သွားရအောင်ဗျာ. . ."

လူငယ်၏ အားတက်သရောအပြောကို လူကြီးကမျက်မှောင် ကြုတ်ရင်း. . .

"ဘာလုပ်ဖို့လဲကွ. . ."

"ကျွန်တော်အဲဒီဝရံတာပေါ်မှာ ထိုင်ပြီး သီချင်းတစ်ပုဒ်လောက် တယောထိုးချင်လို့. . ."

"ဟေ"

တယောသမားလေး၏စကားကြောင့် လူကြီးမျက်လုံးအစုံ ပြူးကျယ်သွား၏။ ပြီးနောက် ဝမ်းသာအားရလေသံဖြင့်. . .

"တကယ်. . တကယ်ပြောတာလား. . မင်းတကယ်ပြောတာလား"

လူကြီး၏စကားကို တယောသမားလေးက. . .

"တကယ်ပြောတာပေါ့ဗျ . . . တကယ် . . . အဲဒီဝရံတာမှာ ထိုင်ပြီး သီချင်းတစ်ပုဒ်လောက်တော့ တယောထိုင်ကိုးချင်တာ. . ."

"ဘာသီချင်းလဲ. . . . ဘာသီချင်းတုံးမှာလဲ. . ."



တယောသမားလေး၏စကားကို လူကြီးက သိချင်စိတ်နှင့် အလောတကြီးမေး၏။ ဒါကိုလူငယ်က အသက်ကိုခပ်ပြင်းပြင်း ရှူသွင်းလိုက်ပြီး တစ်လုံးချင်းပြန်ပြော၏။

"အဲဒီတော့ကျသိရမှာပေါ့. . ."

လူငယ်၏စကားကို လူကြီးကစိတ်လျှော့လိုက်သလို သက်ပြင်းချလိုက်ပြီး. . .

"ကဲ ဒါဆိုလည်း. . . မင်းရဲ့သီချင်းသံကို နားဆင်နိုင်ဖို့ ငါ့ရဲ့အိမ်ဝရံတာကိုသွားကြရအောင်. . ."

လူကြီးစကားဆုံးသည်နှင့် လူငယ်က ဟွန်းတယောကို လက်က ဆွဲ၍ဝမ်းသာအားရဆတ်ခနဲထလိုက်ပြီး. . .

"ကောင်းပြီ သွားကြရအောင်. . ."

လူကြီးက လူငယ်ကို လက်နှစ်ဖက်နှင့်ကိုင်၍ ဖြည်းညင်းစွာထရပ်လိုက်ပြီး. . .


"ကိုင်း. . . သွားကြတာပေါ့. . ."

ဟုဆိုရင်း နှစ်ယောက်သားမိုးကုပ်စက်ဝိုင်းဘက် မျက်နှာမူလိုက်သည်။ ပြီးနောက်အားပါသောခြေလှမ်းများဖြင့်. . .

ညင်သာငြိမ့်ညောင်းသောတယောသံ မြမြလေးတိုက်ခတ်နေသော လေထုထဲဇာဝဲပျံ့လွင့်. . .

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖျော့သောအသားအရည်၊ စုတ်ခြာသောအဝတ်အစားများ၊ ရှုပ်ထွေးနေသောဆံပင်များနှင့် သေဆုံးပြီးသားလူတစ်ယောက်လို အေးစက်သောမျက်ဝန်းများ ပိုင်ဆိုင်သောထိုသူသည် အသက်အရွယ်ကိုခန့်မှန်းရခက်သလောက်



www.burmeseclassic.com

www.burmeseclassic.com

ခါး နိမ့်နိမ့်တိမ်တိုက်များနှင့် မပျောက်ကွယ်လုကြယ်စင်များသည် မည်းမှောင်ကျဉ်းမြောင်းသောည၏ ကိုယ်ထည်အတွင်းမှ ရုန်းထွက်ရန် လေထု၏အကူအညီကို လှည့်ပတ်တောင်းခံနေသလို. . .

တညီတညွတ်တည်းရှိသော ည၏မျက်နှာပြင်သည် အလင်းရောင်မှန်သမျှကို သူ့ရှိသမျှအင်အားများနှင့် ပြန်လည်ဖုံးလွှမ်းရင်း ကောင်းကင်လယ်ခေါင်တွင် ခပ်မတ်မတ်ရပ်တန့်နေ၏။

လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက ကောင်းကင်ကို တစ်ရက်လျှင် တစ်ဆယ့်နှစ်နာရီကြာကြီးစိုးတတ်သောညသည် ယခုညတွင်လည်း မည်သည့် အလင်းရောင်ကိုမှ လက်လွှဲပေးခြင်းမရှိဘဲ ခပ်မာမာမျက်နှာပေးနှင့် သွေးအေးအေးရပ်တည်နေပြန်၏။

တစ်ခါတစ်ခါမှ ဝေ့ယမ်းတိုက်ခတ်တတ်သောလေပြည်သည်လည်း ည၏တိမ်တိုက်များကို တွန်းရွှေ့ရန်မစွမ်းသာ၍ မြေပြင်နှင့် အနီးကပ်





ဆုံး နေရာသို့ ပျံသန်းဆင်းသက်လာ၏။

စီခနဲအသံကြားသည်နှင့် သံယောင်လိုက်တတ်သော ခွေးလေခွေးလွင့်များ၏အော်သံကြောင့် ည၏တိတ်ဆိတ်ခြင်းသည် ရုတ်တရက် လှုပ်နိုးခံရသည့်သဖွယ်လန့်နိုးလာ၏။

ည၏ကြယ်စင်များသည်လည်း မျက်လုံးကြောင်တောင်တောင်နှင့် မြေပြင်သို့ငုံ့ကိုင်းကြည့်လိုက်ကြသည်။

လူတစ်ယောက်. . .

လူတစ်ယောက်ဟုဆိုရလောက်ရုံသာ လူ့ရုပ်ပီသောလူတစ်ယောက်. . .။ ပိန်ကိုင်းသော သူ့ခန္ဓာကိုယ်ကို သယ်ဆောင်ရင်းမှောင်မိုက်သော နောက်ဖေးလမ်းကြားထဲသို့ ဖြည်းညင်းလေးကန်သော ခြေလှမ်းမျိုးနှင့်လှမ်းဝင်လာ၏။ သူ့အနီးအနားပတ်လည်တွင်လည်း ခွေးလေခွေးလွင့်များက အသံကုန်အော်ဟစ်ရင်း ထိုသူ့ကိုဝင်ပဲဟပ်တော့မလို မာန်ဖီနေကြ၏၊ ထိုသူသည် သူ့နားပတ်လည်ရှိ ခွေးများကို သတိမထားမိသည့်အလား မှိန်ဖျော့သောမျက်ဝန်းအစုံဖြင့်သာ နောက်ဖေးလမ်းကြားလေးထဲသို့ ဖြည်းလေးစွာ လှမ်းဝင်နေ၏။

ညှီစို့စို့ရေနုတ်မြောင်းများ ပိတ်ထားသောတံခါးများကို သတိကင်းမဲ့နေသူတစ်ယောက်လို အစီပွါယ်မဲ့စွာကျော်ဖြတ်လျှောက်နှိုးသော ထိုသူသည် ည၏အမှောင်ကို တွန်းတိုက်ရင်း နောက်ဖေးလမ်းကြားလေး၏ အတွင်းဘက်သို့ နက်သည်ထက်နက်သည်ထိ တိုးဝင်နေ၏။

ဖြူဖျော့သောအသားအရည်၊ စုတ်ခြာသောအဝတ်အစားများ ရှုပ်ထွေးနေသောဆံပင်များနှင့် သေဆုံးပြီးသားလူတစ်ယောက်လို အေးစက်သောမျက်ဝန်းများ ပိုင်ဆိုင်သောထိုသူသည် အသက်အရွယ်ကိုခန့်မှန်းရခက်သလောက်

ထိုသူ၏ဂုဏ်သရေကိုတော့ ခန့်မှန်း[illegible] နဲ့နေသောခြေလှမ်းများက သူကိုယ်တိုင်ပင် [illegible] မှန်းမသိရလောက်အောင် နှေးကွေးလေးလံလှ[illegible]၏၊

နောက်ဖေးလမ်းကြားလေး၏ အလယ်တည့်တည့်ခန့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သောအခါ နောက်ထပ်လမ်းကြားလေးတစ်ခု ထပ်တွေ့ရ၍ ထိုသူ၏ ခြေလှမ်းများ ရပ်တန့်သွား၏။

သူကိုယ်တိုင် ဘယ်လမ်းထဲချိုး၍ချိုးရမှန်းမသိဘဲ ဇဝေဇဝါဖြစ်နေပုံရ၏။

သူရောက်ရှိနေသည်က နောက်ဖေးလမ်းကြားလေး၏ လမ်းလေးခွဆုံကြီး။ အလိုက်မသိသောခွေးများက ဆွဲဆွဲငင်ငင်ထိုးဟောင်နေဆဲ. . .

အတန်ကြာမှ ထိုသူသည် သက်ပြင်းကိုခပ်လေးလေးချပြီး ဦးတည်ရာလမ်းကိုသာ ခြေလှမ်းပြန်စလိုက်၏။ သို့သော်သူခြေလှမ်းစ၍ နှစ်လှမ်းသုံးလှမ်းခန့်မှာပင်. . .

"သူခိုး. . . သူခိုး. . ."

"ဘယ်မှာလဲ သူခိုး. . ."

"ပြေးပြီ. . . ပြေးပြီ. . နောက်ဖေးလမ်းကြားလေးထဲ ပြေးပြီ. . ."

"နောက်ဖေးလမ်းကြားမှာတဲ့ဟေ့. . . သူခိုး နောက်ဖေးလမ်းကြားမှာတဲ့ဟေ့. . ."

အော်သံများနှင့်အတူ ခုနကမည်းမှောင်နေသော လမ်းကြားကလေးမှာ အိမ်များမှမီးအလင်းရောင်များဖြင့် ရုတ်ချင်းလင်းထိန်သွား၏။

လမ်းကြားထဲမှ ချိန့်နဲ့လူသည်ရုတ်ချည်းပြောင်းလဲသွားသော အခြေအနေကြောင့် ဘာလုပ်လို့လုပ်ရမှန်းမသိဘဲ လမ်းလေးခွဆုံဟွင်ရပ်၍ ကြောင်ငေးနေလေ၏။

သူကြောင်ငေးနေတုန်းမှာပင် လမ်းကြား၏အမှောင်ထဲမှနေ၍ သူ့ထံဦးတည်၍ ဒရောသောပါးပြေးလာသော သဏ္ဌာန်တစ်ခုကို မြင်လိုက်ရသည်။

ကြည့်လိုက်တော့ကုတ်အင်္ကျီအနက်နှင့်လူ. . .။ သူ့လက်ထဲမှာလည်း အထုပ်တစ်ထုပ်နှင့်. . .။

ထိုသူ့ခမျာလည်း မည်မျှကြောက်လန့်လာသည်မသိ၊ ပြေးနေသော သူ့ခန္ဓာကိုယ်ပေါ်တွင် ဇောချွေးများသီးထနေသည်။

"သူခိုး. . . သူခိုး. . . ဟိုမှာပြေးပြီ. . . ပြေးပြီ. . ."





"လိုက်လိုက်. . . မိတော့မယ် လိုက်ဟ. . ."

အော်သံများခပ်လှမ်းလှမ်းမှနေ၍ ထိုသူ့နောက်မှကပ်ပါလာ၏။ ကုတ်အင်္ကျီအနက်နှင့်လူသည် နောက်ဖေးလမ်းကြားလေး၏ လမ်းလေးခွဆုံတွင်ရပ်၍ သူ့ကိုကြောင်ငေးကြည့်နေသော ချိန့်နဲ့လူကိုမြင်တော့ ခြေလှမ်းများရုတ်တရက်ရပ်သွား၏။ ချိန့်နဲ့လူက သူ့ကိုကြောင်ငေးကြည့်နေတုန်း. . .။

ပြေးလာသောခြေသံများက သူတို့နှစ်ယောက်နား တဖြည်းဖြည်းနီးကပ်လာ၏။ ကုတ်အင်္ကျီအနက်နှင့်လူသည် သူ့လက်ထဲမှအထုပ်ကိုတစ်လှည့်၊ လမ်းကြားထဲမှ သူ့ကိုကြောင်ငေးကြည့်နေသော ချိန့်နဲ့လူကိုတစ်လှည့်၊ အပြန်အလှန်ကြည့်၏။ နောက်မှဆုံးဖြတ်ချက်ကို အပိုင်အနိုင်ချလိုက်သလို ဟန်မျိုးနှင့် ချိန့်နဲ့လူဆီပြေးဝင်သွားပြီး ထိုသူ့လက်ထဲအထုပ်ကို ပစ်ထည့်လိုက်သည်။ ချိန့်နဲ့လူလည်း ဘုမသိဘမသိနှင့်ကြောင်ပြီး အထုပ်ကိုလှမ်းပိုက်ထား၏။ အနောက်ကသူခိုးအော်သံနှင့်ခြေသံများက တဖြည်းဖြည်းနီးလာပြီ. . .။

ကုတ်အင်္ကျီအနက်နှင့်လူသည် ဆက်လက်ပြေးမသွားတော့ဘဲ မီးအလင်းရောင်နေရာတစ်ခုအောက်ဝင်ရပ်ကာ ချိန့်နဲ့လူကို လက်ညှိုးပြန်ထိုးလိုက်ပြီး

"သူခိုး. . . သူခိုး. . ."

ဟူ၍ အသံကုန်ဟစ်အော်၏။ သူ၏အော်သံကြောင့် ချိန့်နဲ့လူသည် ကုတ်အင်္ကျီအနက်နှင့်လူ၏အပြုအမူကိုအံ့အားသင့်စွာ ကြောင်ငေးကြည့်နေမိသည်။ ကုတ်အင်္ကျီအနက်နှင့်လူက ဘာကိုမှဂရုမစိုက်သလို ဟန်မျိုးနှင့် သူ့ကိုသာ လက်ညှိုးတထိုးထိုးနှင့် အော်ဟစ်နေလေ၏. . .

"သူခိုး. . . သူခိုး. . ."

သူ့အော်သံကြောင့် လမ်းကြားလေး၏ ပေါက်လေးတစ်ခုမှ သူခိုးလိုက်သူများ ညွှတ်ကျလာ၏။ သူခိုးလိုက်သူတို့၏မျက်နှာများပေါ်တွင် ဒေါသခိုးများဖြင့် ဆူဝေနေသည်။ သူတို့၏ လက်များထဲတွင်လည်း အချိုးအစားစုံလင်သော သားသတ်လက်နက်များ ကိုင်ဆွဲလာကြသည်မှာ ကြောက်ခမန်းလိလိ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ သူခိုး. . . သူခိုးဘယ်မှာလဲ. . ."

"သူခိုးတွေ့ပြီလား. . . ဘယ်မှာလဲ သူခိုး. . ."

အော်ဟစ်သံများဆူညံနေ၏။ ကုတ်အင်္ကျီအနက်နှင့် လူသည် ပို၍လင်းသော မီးအလင်းရောင်သို့ထွက်ကာ လမ်းလေးခွဆုံကချိန်နဲ့ လူကို လက်ညှိုးညွှန်ပြလိုက်ပြီး. . .

"ဒီမှာ. . . ဒီမှာ. . . သူခိုးဒီမှာ . . . သူခိုးဒီမှာ. . ."

သူခိုးလိုက်သူတို့၏မျက်လုံးများ ကုတ်အင်္ကျီအနက်နှင့်လူညွှန်ပြရာ အမှောင်ရိပ်စွန်းလေးရှိ အထုပ်ကလေးပိုက်ပြီး အံ့အားသင့်စွာရပ်နေသော စုတ်ပြတ်ပြတ်လူထံ ကျရောက်သွားကြ၏။

"ဟာ. . . ဟုတ်တယ်ဟေ့. . . ဟိုမှာ သူခိုး. . . ဟိုမှာ သူခိုး. ."

"ဟုတ်တယ်. . ဟုတ်တယ်. . . အဲဒီအထုပ်ပဲ အဲဒီအထုပ်ပဲ"

"ဒါဆို ဒီကောင်သူခိုးပေါ့ ဟုတ်လား. . . သူခိုးပေါ့. . ."

"သူခိုးဆို ဘယ်လိုလုပ်မှာလဲ. . ."

"ဟာ သူခိုးသေချာရင်ချသာချကွာ. . ."

"အေး ဟုတ်တယ်ဟေ့. . . သူခိုးမှန်ရင်မညှာနဲ့. . ."

"ဟုတ်တယ်. . . ရပ်ကွက်ထဲဒုက္ခပေးနေတဲ့ကောင်ကို မညှာနဲ့"

အော်သံများ ဆူညံစွာထွက်ပေါ်လာ၏။ ချိန်နဲ့လူသည် အထုပ်ကလေးပိုက်ပြီး တိုးကပ်လာသောလူအုပ်ကြီးကို ကြောင်ငေးကြည့်နေမိ၏။ ပြီးနောက် သူ့လက်ထဲရောက်ရှိနေသော အထုပ်ကိုပြစ်လှည့် ဒေါသခိုးဝေနေသော လူအုပ်ကြီးကိုတစ်လှည့် ပြန်ကြည့်သည်။ ပြီးနောက်အခြေအနေကို သဘောပေါက်စွာ လက်ထဲကအထုပ်ကလေးကို မြေပြင်ပေါ်ချရင်း ခေါင်းပေါ်လက်တင်ကာ ဖြည်းညင်းစွာ ထိုင်ချလိုက်သည်။ ထိုသူ၏ ထူးဆန်းသောအပြုအမူကြောင့် သူ့ထံဝိုင်းလာကြသော လူများအားလုံး ဇဝေဇဝါနှင့် ခြေလှမ်းများ ရပ်တန့်သွားကြ၏။ ပြီးနောက် အံ့အားသင့်စွာ အသံများ တိတ်ဆိတ်. . ။

ထိုအချိန်မှာပင် ကုတ်အင်္ကျီအနက်နှင့် လူက ကျယ်လောင်သော အော်သံဖြင့်





"အာ ခင်ဗျားတို့ သူခိုးတွေ့တာတောင် လက်နှေးနေရသေးလား တဲ့ကွာ. . ."

ဟုဆို၍ဆောင့်ကြောင့် ထိုင်နေသော ချိန်နဲ့လူထံပြေးသွားပြီး ခွပ်ခနဲ ထိုးချလိုက်၏။

ထိုအဖြစ်အပျက်ကိုမြင်မှ ခုနဝိုင်းရံနေသော လူများ ပြန်လည်၍ သွေးဆူသွားပြီး. . .

"ဟုတ်တယ်ဟေ့. . . ဒီလိုသူခိုးမျိုး မှတ်လောက်သားလောက် အောင်ဆုံးမသင့်တယ်. . ."

"ဟုတ်တယ်. . . ချကွာ. . . ချ. . ."

ဟူသော ညာသံများဖြင့်အထိုးခံရ၍ ပက်လက်လဲကျနေသော လူထံ စုပြုံကျသွား၏။

ခံစားချက်များ အိပ်ရေးပျက်မှုများ နာကျင်မှုများက ဒေါသများ အဖြစ် အသွင်ပြောင်းထန်သောရိုက်ချက်များ ဒေါသများကိုအံကြိတ်ခံစားရင်း သူနောက်ဆုံးတစ်ခုကို သတိထားမိလိုက်သည်။

သူ့ဝမ်းဗိုက်အောက်က အထုပ်ကိုဆွဲယူသွားသော လက်တစ်ဖက်

သူ့အမြင်အာရုံထဲ မှတ်မှတ်ထင်ထင်မြင်လိုက်သေး၏။

ကုတ်အင်္ကျီအနက်၏လက်. . .

ပြီးနောက်. . .

မှေ. . .

ဒေါသများက သူ့ခန္ဓာကိုယ်ပေါ် လွှမ်းကျနေတော့နှင့်. . . ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




လိုအပ်သည်ထက်ပို၍ ကောင်းမွန်နေသော စားပွဲထိုးလေးဆက်ဆံရေးကို ကြည့်ပြီး သူပို၍ဇဝေဇဝါဖြစ်သွားရသည်။ ဤမျှလောက်ဆို ထိုအရက်ဆိုင်ကလေးမှာ ဆက်ဆံရေးမပြေလည်၍လူရှင်းနေတာလည်းမဖြစ်နိုင်…

www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်တွင် လယ်ကွင်းများမှိုင်းပြနေသည်။ မည်းနက်သော ကတ္တရာလမ်းမကြီးသည်လည်း မြွေတစ်ကောင် ခွေခေါက်အိပ်မနေသလို ငြိမ်သက်စွာရှိနေ၏။ ဆိုင်ကလေးအတွင်းမှ တိုးတိုးဖွဖွဖွင့်ထားသော သီချင်းသံက သူ့စိတ်ကိုလွတ်ငြိမ်းရာသို့ ဆွဲဆောင်ခေါ်ယူနေသည်။

သူ. . . အရက်ခွက်ကို ကောက်မလိုက်ရင်း. . .

"ဘာလို့ လူရှင်းနေတာပါလိမ့်. . . "

ဟုနှုတ်မှဟိုးတိုးဖွဖွရေရွတ်ကာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြန်သည်။ သူ့နံဘေးတွင် ငြိမ်သက်နေသော စားပွဲခုံများ၊ မှိန်ပျပျမီးရောင်များ ခြေတစ်ချောင်းတည်းနှင့် ရပ်နေသည်ဟုထင်ရလောက်အောင် မတ်မတ်ကြီးငြိမ်နေသော ယူကလစ်ပင်များအစီအရီကို ည၏အလင်းရောင်အောက်တွင် မှုန်ဝါးဝါးမြင်နေရသည်။





သူပတ်ဝန်းကျင်ကို ထပ်မံဝေ့ကြည့်လိုက်သည်။ ယခုတစ်ကြိမ်တွင်တော့ သူ့ကိုမျက်ခြည်မပြတ် စောင့်ကြည့်နေသော. စားပွဲထိုးလေးက အပြေးတစ်ပိုင်းနှင့်ရောက်လာပြီး. . .

"ဘာလိုအပ်လို့လဲ ဆရာ. . . လိုအပ်တာကိုပြောပါ. . . "

အနောက်တိုင်းဝတ်စုံကို သေချာကျနစွာဝတ်ထားသော စားပွဲထိုးလေးကိုကြည့်ပြီး သူကြောင်ငေးနေမိ၏။ အတန်ကြာမှ စားပွဲထိုးလေးကို ဖြည်းညင်းစွာခေါင်းခါပြလိုက်ပြီး ပတ်ဝန်းကျင်ကို ပြန်လည်ငေးကြည့်နေသည်။ သူကို ကြည့်၍ စားပွဲထိုးလေးယောင်နနနှင့် နောက်သို့ပြန်ဆုတ်သွား၏။

"ဘာလို့လူရှင်းနေတာပါလိမ့်. . . "

သူထပ်မံရေရွတ်ပြီး သူ့ရှေ့စားပွဲခုံကို ဝေ့ကြည့်လိုက်ပြန်သည်။ စားပွဲခုံပေါ်တွင် အရသာကောင်းမွန်သော အစားအသောက်များ၊ ထူးထူးခြားခြား အစစ်ရရှိသော ရှန်ပိန်ပုလင်းများ၊ သန့်ရှင်းလတ်ဆတ်သော စားပွဲခင်းများ အားလုံးဘာမှအပြစ်ပြောစရာမရှိ။ ဆိုင်ကလေးအတွင်းသို့ ဝေ့ကြည့်လိုက်သည်။ အစီအရီချထားသော စားပွဲခုံများတွင် သူတစ်ယောက်တည်းမှအပ မည်သူ့ကိုမှမမြင်ရပေ၊ သူဇဝေဇဝါဖြစ်သွားပြီး. . .

"ဒါတောင် ဘာလို့လူရှင်းနေတာပါလိမ့်. . ဤကဲသို့ လမ်းဆုံလမ်းခွ (လမ်းလေးခုဆုံရာ) နေရာတွင် တည်ဆောက်ထားသော ဤအရက်ဆိုင်ကလေးမှာ ဤမျှလောက်လူရှင်းနေရန် မသင့်တော်ဟု သူ ထင်သည်။ အဘယ်ကြောင့်ဆိုသော် အရှေ့လယ်ကွင်းပြင်မှ သန့်ရှင်းလတ်ဆတ်သော လေနုအေး၊ မျက်စိတစ်ဆုံးမြင်နေရသည့် လယ်ကွင်းပြင်၊ ထိုနောက်ကမှုန်ပျပျမိုးကုတ်စက်ဝိုင်း၊ ဤမျှလောက် မျက်စိပသာဒဖြစ်သော မြင်ကွင်းမျိုးကို ဘယ်နိုင်ငံ ဘယ်အရပ်မှာမှ လတ်လတ်ဆတ်ဆတ်မရနိုင်. . . သူနိုင်ငံပေါင်းစုံ နယ်ပေါင်းစုံလှည့်ပတ်၍ ခရီးဆန့်ခဲ့ဖူးသည်။ သို့သော် ဤမျှလောက် အေးချမ်းတိတ်ဆိတ်၍ အနားယူဖွယ်ကောင်းသော နေရာမျိုးကို ဘယ်ဒေသမှာမှမတွေ့ခဲ့ဖူးပေ. . .

"ဒါတောင် ဘာလို့လူရှင်းနေပါလိမ့်. . . "



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး. . . ရှည်လျားလိမ်ကောက်နေသော အဝေးပြေးလမ်းမကြီး၊ ထိုလမ်းမကြီးထောင့် လှေဦးတိုက်လှည်းဦးတိုက်နေရာမှာမှ အချိုးကျစွာတည်ဆောက်ထားသော အရက်ဆိုင်ကလေး. . . မည်မျှအေးဆေးလိုက်ပါသနည်း။ အဝေးပြေးလမ်းမကြီးဆိုသော်ငြား ဖြတ်သွားဖြတ်လာကားတစ်စီးမှပင်မမြင်ရ။ ပတ်ဝန်းကျင်အားလုံး ဆိုင်မှဖွင့်ထားသော သီချင်းသံတိုးတိုးပျပျလေးမှလွဲ၍ ဘာသံမှမကြားရအောင် တိတ်ဆိတ်နေသည်။ ဤနေရာမျိုးလောက် အနားယူဖွယ်ကောင်းသောနေရာမျိုး ဘယ်မှရှာလို့ရမည်နည်း။ ယခုကဲ့သို့ လူနေထူထပ်ပြီး စိတ်ပျက်ဖွယ်ကောင်းလောက်အောင် မွန်းကြပ်နေသောမြို့ပြ၏ အရိပ်အာဝါသနှင့် လုံးဝကင်းလွတ်နေသည့်နေရာမျိုး ဘယ်မှာရှာလို့ရမည်နည်း။

"ဒါတောင် ဘာလို့လူရှင်းနေတာပါလိမ့်. . ."

ϒ ϒ ϒ





သူ ပတ်ဝန်းကျင်ကို ထပ်မံဝေ့ကြည့်လိုက်ပြန်သည်။ သူ့ကိုအရိပ်သဖွယ်စောင့်ကြည့်နေသော စားပွဲထိုးလေးက ထပ်မံ၍ရောက်လာပြီး

"ဘာ အလိုရှိလဲဆရာ. . . အားမနာနဲ့ပြောပါ. . လိုအပ်တာရှိရင်ပြောပါ. . . အစားအသောက်များ ခံတွင်းမတွေ့လို့လား. . . ရှန်ပိန်များမစစ်လို့လား. . . အားမနာပါနဲ့ဆရာ. . . လိုအပ်တာကိုသာပြောပါ. . ."

လိုအပ်သည်ထက်ပို၍ကောင်းမွန်နေသော စားပွဲထိုးလေးဆက်ဆံရေးကိုကြည့်ပြီး သူပို၍ဇဝေဇဝါဖြစ်သွားရသည်။ ဤမျှလောက်ဆိုထိုအရက်ဆိုင်ကလေးမှာ ဆက်ဆံရေးမပြေလည်၍ လူရှင်းနေတာလည်းမဖြစ်နိုင်။ ဒါဆို ဒီဆိုင်ကလေးမှာ ဤမျှလောက် လူရှင်းနေရလောက်အောင် ဘာအပြစ်များရှိသနည်း။ သူ မစဉ်းစားတတ်အောင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ စားပွဲထိုးလေးကို ထပ်မံဝေ့ကြည့်လိုက်သည်။ စားပွဲထိုးလေးက ခါးကိုကိုင်း၍. . .

"ဘာအလိုရှိပါသလဲဆရာ. . . ကျွန်တော် ဘာများကူညီပေးရမလဲ. . ."

သူစားပွဲထိုးလေးကို အတန်ကြာငေးကြည့်နေပြီးမှ ခေါင်းကိုဖြည်းညင်းစွာခါပြလိုက်၏။ စားပွဲထိုးလေး ခေါင်းညိတ်၍ အနောက်တစ်လှမ်းဆုတ်သွားသည်။ နောက်. . . သူ့ကိုပြန်လှည့်မကြည့်တော့ဘဲ အဝေးပြေးလမ်းမကြီးတစ်လျှောက် ဆွေးလျသောမျက်ဝန်းအစုံဖြစ် ငေးကြည့်နေသည်ကို တွေ့ရ၏။ သူလည်း စားပွဲထိုးလေး ငေးကြည့်နေရာ အဝေးပြေးလမ်းမကြီးသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ထူးထူးခြားခြား လှုပ်ရှားမှုဘာမှမတွေ့ရ။ သူ့စိတ်ထဲတွင် စားပွဲထိုးလေး သူ၏ချစ်သူကို မျှော်ငေးနေတာဖြစ်မယ်ဟုတွေးမိပြီး ခပ်ဖွဖွပြုံးလိုက်မိသည်။ နောက် သူရှန်ပိန်ခွက်ကို မယူလိုက်သည်။ စားပွဲထိုးလေးကို လှမ်းကြည့် လိုက်ပြန်သည်။ စားပွဲထိုးလေးနှင့်သူ အကြည့်ချင်းဆုံ၍ စားပွဲထိုးလေးက သူ့ထံကဗျာကသီ ပြေးလာပြီး. . .

"ဘာအလိုရှိလဲ ဆရာ. . . လိုအပ်တာကိုပြောပါ. . ."

သူ စားပွဲထိုးလေးကို ငေးကြည့်နေမိသည်။ စားပွဲထိုးလေးက သူ့ထံသို့ငုံ့ကိုင်း၍. . .

"ဆရာ့မှာ ကျွန်တော်တို့ဆိုင်နဲ့ပတ်သက်ပြီး မတင်မကျ ကိစ္စများရှိနေတယ်ထင်တယ်. . အားမနာပါနဲ့ဆရာ ပြောစရာရှိတာသာပြောပါ. ."

စားပွဲထိုးလေးစကားကြောင့် သူလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မေးလိုက်ရင်ကောင်းမလား။ စိတ်ဆိုးစရာများဖြစ်နေမလား ဟူသောအတွေးများ သူ့ခေါင်းထဲအစီအရီပေါ်လာသည်။ နောက်မှဆုံးဖြတ်ချက်ကိုချပြီး. . .

"နေပါဦးကွ. . . ငါ့စိတ်ထဲမှာမတင်မကျဖြစ်နေတာက. . ."

သူစကားကိုထပ်မဆက်ဘဲ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ ပြီးမှ. . .





"မင်းတို့ဆိုင်က ပတ်ဝန်းကျင်က ကောင်းသားပဲ. . ."

သူ့စကားကို စားပွဲထိုးလေးက ခေါင်းညိတ်၍. . .

"ဟုတ်ပါတယ်ဆရာ. . . ပတ်ဝန်းကျင်က အင်မတန်ကောင်းပါတယ်. . . နောက်ပြီး ဒီလိုသာယာလှပတဲ့မြင်ကွင်းမျိုး တစ်ခြားနေရာမှာ မရနိုင်ပါဘူး. . ."

သူ ခေါင်းညိတ်ထောက်ခံလိုက်သည်။ ဟုတ်၏. . .။

"နောက်ပြီးအစားသောက်ကလည်း တကယ့်နိုင်ငံတကာအဆင့်မီပဲနော်. . ."

စားပွဲထိုးလေးက ထပ်မံ၍ ခေါင်းညိတ်ပြပြီး. . .

"ဟုတ်ပါတယ်ဆရာ နိုင်ငံတကာအဆင့်မီပါပဲ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ဆိုင်ရှင်က နိုင်ငံပေါင်းစုံလှည့်ပတ်သွားပြီး စားဖိုပညာကို လှည့်ပတ်သင်ယူခဲ့တာပါ ဒါကြောင့် ကျွန်တော်တို့ဆိုင်က အစားအသောက်တွေအားလုံး နိုင်ငံတကာအဆင့်ထက် လုံးဝမနိမ့်ကျစေရပါဘူး. . ."

"အေးကွ. . ."

သူစကားကိုထပ်မဆက်ဘဲ သူ့ရှေ့ကစားပွဲကို ပြန်လည်ဝေ့ကြည့်လိုက်သည်။

"နောက်ပြီး. . . ဒီရှန်ပိန်ကလည်း အစစ်ရတယ်နော်. . . ဒီလိုနေရာမျိုးမှာ ဒီလိုရှန်ပိန်အစစ်ရဖို့ဆိုတာ မလွယ်ဘူးကွ. . ."

စားပွဲထိုးလေးက ရှန်ပိန်ပုလင်းကို မျက်လုံးလှန်ကြည့်ပြီး. . .

"မှန်ပါတယ်ဆရာ. . . ဒီလိုနေရာမျိုးမှာ ရှန်ပိန်အစစ်ရဖို့ဆိုတာ အင်မတန်မှ ခက်ခဲလှပါတယ်. . . ဒါပေမယ့် ကျွန်တော်တို့ဆိုင်ရှင်က နိုင်ငံတကာနဲ့ တိုက်ရိုက်အဆက်အသွယ်ရှိတော့ ဒီလိုရှန်ပိန်မျိုးကို မပြောနဲ့ ခု နောက်ဆုံးပေါ် အရက်မျိုးစုံကိုတောင် မှာယူလို့ရပါတယ်ဆရာ. . ."

စားပွဲထိုးလေးစကားကို သူခေါင်းညိတ်ထောက်ခံလိုက်သည်။

"အေး. . . မင်းတို့ဆက်ဆံရေးကလည်း ကောင်းနဲ့သားနဲ့. . . ဒီဆောင်. . ."

သူစကားထပ်မဆက်ဘဲ ဆိုင်တွင်းဝေ့ကြည့်လိုက်သည်။ ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



စကားကိုပြန်ဆက်လိုက်သည်။

"ဘာလို့ လူရှင်းနေတာပါလိမ့်. . ."

စားပွဲထိုးလေးမျက်နှာ အနည်းငယ်ပျက်သွားကာ ကပျာကယာ ဘေးဘီဝေ့ကြည့်လိုက်သည်။ နောက် အဝေးပြေးလမ်းမကြီးဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပြန်သည်။သူလည်း စားပွဲထိုးလေးမျှော်ကြည့်ရာ အဝေးပြေးလမ်းမကြီးကို လိုက်လံငေးမောကြည့်နေမိ၏။ အဝေးပြေးလမ်းမကြီးကား ငြိမ်သက်နေဆဲ. . .

အနီးအနားလှုပ်ရှားမှုဘာမှမရှိတော့မှ စားပွဲထိုးလေးက သက်ပြင်းကိုခပ်မျှင်းမျှင်းချသည်။

"ဘာလို့လူရှင်းနေရတာလဲဆိုတော့. . . ဟိုလေပြောရတာတော့ ရှည်လိမ့်မယ်ဆရာ. . ."

သူစားပွဲထိုးလေးကို အံ့ဩတကြီးမော့ကြည့်မိ၏။ စားပွဲထိုးလေးက သူ့ကိုမကြည့်ဘဲ အဝေးပြေးလမ်းမကိုသာ မျှော်ကြည့်ရင်း. . .

"အင်း. . . စပြောရရင် ၁၉၈၄ ခုနှစ်ကနေ စရမှာပဲ. . ."

သူမျက်မှောင်ကြုတ်လိုက်မိ၏။ ပြီးနောက် ခေါင်းကိုဖြည်းညင်းစွာ ခါပြီး. . .

"ဟာ. . . မင်းဟာကလည်း ရှည်လျားလိုက်တာကွာ. . ."

"အဲဒီကစပြောမှ ပြည့်စုံမှာမို့လို့ပါဆရာ. . ."

သူခေါင်းကိုထပ်မံခါလိုက်ပြီး. . .

"လိုရင်းတိုရှင်းကိုသာ အမြန်ပြောပါကွာ. . . အဲဒီလောက်ကြီး ပြည့်စုံစရာမလိုဘူး. . ."

"လိုရင်းတိုရှင်းကို ပြောရမယ်ဆိုရင်တော့. . ."

စားပွဲထိုးလေးက စကားထပ်မဆက်ဘဲ အလန့်တကြား အဝေးပြေးလမ်းမဘက်သို့ကြည့်၍. . .

"ဟ. . . လာပြီဆရာ. . . လာပြီ. . . အဲဒါတွေကြောင့် လူရှင်းနေတာဆရာ. . . အဲဒါတွေ ခဏခဏလာနေလို့လူရှင်းနေတာ. . ."

စားပွဲထိုးလေး၏ ဗလုံးဗထွေးစကားများ။ နောက်သူ့ရှေ့မှစားပွဲခုံ



ကိုမ၊ ဆိုင်တွင်းသို့လှည့်၍ 'လှစ်'ခနဲပြေးဝင်သွားလေသည်။ သူလည်းရုတ်ချည်း ပြောင်းလဲသွားသောအခြေအနေကြောင့် ကြောင်ငေးသွားမိသည်။ နောက်မှသတိရပြီး အဝေးပြေးလမ်းမဘက် လှည့်ကြည့်လိုက်တော့. . .

"အား. . ."

သူလန့်၍ထအော်မိသည်။ သူ့ထံသို့အရှိန်ပြင်းစွာ ပြေးဝင်လာသော အဝေးပြေးကားမီးရောင်. . . အလင်းရောင်က ရုတ်ချည်း သူ့မျက်လုံးထဲလှစ်ခနဲပြေးဝင်လာ၏။

"အား. . ."

ကြောက်လန့်တကြားသူ၏အော်သံနက်နက်။ သူထိုင်ခုံမှထရန် ပြင်လိုက်စဉ်မှာပင် ကားမီးရောင်က သူ့ ခန္ဓာကိုယ်ကို အုပ်မိုးကျသွားချိန်. . .။ 'ဒုန်း' ခနဲမြည်သံ. . .။ သူ၏ခန္ဓာကိုယ်ကလေထဲ မြောက်ခနဲ၊ ထိုလေထဲမှာပင် သူ၏ခေါင်းထဲ ဘာလို့လူရှင်းနေပါလိမ့် ဟူသောအတွေးများရုတ်ချည်းပေါ်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ပိုင်ရှင်လည်း
မျက်လုံးကြီးပြူး၍ ကိုယ့်
ခေါင်းကို ကိုယ့်လက်
နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ
ဆိုင်ကယ်အင်ဂျင်၏ အကွဲ
ခြမ်းကြီးကိုကြည့်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com

**သစ်**ပင်တန်းက ညို့နေသည်။ ကျဲပြာကျနေသော နေရောင်ခြည်က မြေပြင်အား သစ်ပင်စိမ်းအားကိုးနှင့် ပြောက်ကျားဝတ်ရုံ ဆင်မြန်းပေးနေသည်။ လယ်ကွင်းပြင်မှ ရိုးပြတ်များကို ဖြတ်သန်းတိုက်ခတ်လာသော လေပြင်းတချို့သည် အေးမြသောအသွင်သဏ္ဌာန်ကို မဆောင်နိုင်ဘဲ ပူပြင်းမှုကိုသာ အထောက်အကူပြုနေ၏။

စိမ့်ထွက်နေသော ဇောချွေးများကိုသုတ်ဖယ်ရင်း

"တောက် ဒီဆိုင်ကယ်ကတော့ကွာ. . ."

ဟုမကျေမနပ် ညည်းညူလိုက်မိ၏။ အပြစ်တင်ခံရသော ဆိုင်ကယ်မှာ သူ့ကိုပြောနေသည်ကို သူမဟုတ်သလိုဟန်မျိုးနှင့် ဆယ်တန်းကျောင်းသူ အပျိုလေးတစ်ယောက်ကဲ့သို့ ခြေတစ်ဖက်ထောက်၍ ဆတ်ကော့ လတ်ကော့ ဦးမော့နေ၏။ သူလွန်မွှာစိတ်တိုနေသည်။





ထိုဆိုင်ကယ်ပျက်၍ တွန်းလာရသည့် ခရီးက မနည်းလှတော့ သူလည်းဆိုင်ကယ်ကို ယခုမှ အသစ်ကျပ်ချွတ်ဝယ်စီးထားသည့်အတွက် မည်သို့ပြုပြင်ရမှန်းမသိ. . . ဝေးခေါင်ပါးလျသော လမ်းမကြီးကိုကြည့်၍ သူစိတ်ပျက်နေ၏။ ဝပ်ရှော့တစ်ခုတော့တွေ့နိုင်ကောင်းပါရဲ့. . . ဟုဆုတောင်းနေမိ၏။ သို့သော် ဝပ်ရှော့တွေ့ရန်မပြောနှင့် အိမ်ခြေပျပျပင် မမြင်ရသေး။ အနီးဆုံးဖြတ်ကျော်ခဲ့သော ရွာကလေးပင်မရှိတော့. . . ဘာပဲဖြစ်ဖြစ် သည်ဆိုင်ကယ်ကို အဆုံးမခံနိုင်သေးသ၍ ဆက်တွန်းပေဦးပေါ့. . . သူ၏နောက်ဆုံးမျှော်လင့်ချက်မှာ ဟိုးဝေးဝေးက သိသိပျပျမြင်နေရသော မီးခိုးငွေ့ကလေးများ. . .။

ရိပ်ခနဲကျလာသည့် အအေးဓာတ်က သူ၏ရင်ကို အားတက်နွေးထွေးစေသည်။ ရိုးပြတ်နံ့သင်းသော မြောက်ပြန်လေသည် သူ့မျက်စိရှေ့ မြင်ရသော ရွာကလေးအား ဖြတ်သန်းကာ သူ့ထံသို့ ဝေ့ဝဲတိုက်ခတ်လာသည်။

နှုတ်ခမ်းပေါ်မှ ချွေးစတချို့ကို သူအကြောင်းမဲ့ လျှာနှင့်သပ်လိုက်မိသည်။

နှီးဖြာထင်းခွဲနေကြသော သူများကိုကြည့်ပြီး သူမျှော်မှန်းထားသော ဝပ်ရှော့တစ်ခုကို တွေ့နိုင်ရန်ပို၍ဝေးကွာသွားသယောင်. . . .

ဒီအတိုင်းဆက်တွန်းသွားနေလို့တော့ မဖြစ်တော့ဘူး . . . ဟူသော အသိများ သူ့ခေါင်းထဲ တိုးဝင်လာ၏။ တွန်းလာသော ဆိုင်ကယ်ကို ဒေါက်ချရပ်နားရင်း ဖြတ်သွားဖြတ်လာလူကိုသာ သူမျှော်လင့်နေလိုက်၏။

"ဦးလေး. . . ဒီရွာမှာ ဝပ်ရှော့ရှိလား. . ."

နွားညီနောင်အားဆွဲလာသည့် လူကြီးက သူ့အမေးကြောင့် တအံ့တသြမော့ကြည့်၏။

"ဟင် ဦးလေး. . . ဝပ်ရှော့ရှိလားလို့. . ."

လူကြီးက သူ့နွားနှစ်ကောင်ကိုကြည့်လိုက်. . . ဆိုင်ကယ်ကို ကြည့်လိုက်နှင့်ဖြစ်နေသည်။ အတန်ကြာမှ. . .

"ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆို၍ ခြေတံရှည်တဲဝိုင်းကြီးတစ်ခုအား လက်ညှိုးညွှန်ပြ၏။

လူကြီးညွှန်ပြရာသို့ကြည့်ပြီး သူ့ရင်ထဲကျေနပ်စိတ်များ ဖွားခနဲ ပေါ်လာသည်။ ခုနက ခံစားနေရသောသောကများ မြောက်ပြန်လေနှင့်အတူ လွင့်မျောပျောက်ကွယ်သွား၏။ ဆိုင်ကယ်ကို ခပ်သွက်သွက်တွန်း၍ လူကြီးညွှန်ပြရာသို့. . .

"ဟင်. . ."

မြင်လိုက်ရသောမြင်ကွင်းကြောင့် သူ့အာယိတ်တလန့် ဖြစ်သွားသည်။ တဲဝိုင်းကြီး၏ရှေ့တွင် ဘီအက်စ်ေအကြီးတစ်စီးမှာ ခွေးဘီလူးကြီး စိတ်ပျက်လက်ပျက်ထိုင်နေသကဲ့သို့ ငုတ်တုတ်ကြီးဖြစ်နေ၏။ ထိုဆိုင်ကယ်၏နောက်တွင် တုံးလုံးပက်လက်ဖြစ်နေကြသော အမျိုးအစားစုံ၊ အရောင်အသွေးစုံ ဆိုင်ကယ်များက ယခုပင် မုန်တိုင်းဝင်မွှေထားသော ဖုန်းဆိုးတောကဲ့သို့ ပွလန်ကြဲနေသည်။ မီးခေါင်း၊ မီးလုံး၊ အင်ဂျင်တုံးနှင့် အခြားဆိုင်ကယ် အစိတ်အပိုင်းများက စနစ်တကျစီချမည်ဆိုလျှင် တောင်ကုန်းတစ်ခုမျှ ကြောင်းဆန် ဟီးလေသွားလောက်၏။ သူ့စိတ်ထဲတွင်လည်း ထင့်ခနဲ. . .

သူမင်သက်ငေးကြည့်နေစဉ်ပင် တဲဝိုင်းကြီးအနောက်ဘက်မှ မည်းမည်းဖိုင့်ဖိုင့် လူကြီးတစ်ဦး ထွက်လာသည်။ ၎င်းလူကြီးမှ သူ့ကိုမြင်တော့ ရင်ကော့တက်လာပြီး ကွမ်းသွေးနှင့်ခပ္ပနေသောပါးစပ်အား လက်ဖဝါးကြမ်းနှင့် သုတ်လျက်. . .

"ဟော. . . လာပြီဟေ့. . . ဟိုမှာ. . ."

ထိုလူကြီးအသံကြားသည်နှင့် တဲဝိုင်းနောက်ဘက်မှ မည်းမည်းပိန်ပိန် လူရွယ်တစ်ယောက်နှင့် ပခုံးတွင်ညှင်းစွတ်စွတ် လူရွယ်တစ်ယောက်တို့ ဖတ်သီဖတ်သီ ပြေးထွက်လာသည်။

"ဟေ့. . လာလေ ငါ့လူရ. . . ဆိုင်ကယ်ပျက်ပြီမဟုတ်လား. . . ပျက်ရင်လာလေဟ. ."

သူလည်း ကြောင်ငေးကြည့်နေရာမှ သတိဝင်လာပြီး မသက်မသာ ခြေလှမ်းများနှင့် ထိုဝပ်ရှော့အတွင်းသို့ တုံ့ဆိုင်းတုံ့ဆိုင်းဝင်လာမိသည်။ ဆရာဖြစ်ဟန်တူသော မည်းမည်းဖိုင့်ဖိုင့်လူကြီးက ပက်လက်ကုလားထိုင်ပေါ်





ထိုင်ချရင်း သူ့ဦးပြည်း ပြောင်ပြောင်ကြီးကို ပတ်ပေါင်းထားသည့် ပုဆိုးကြမ်းကြီးအား ချွတ်လျက် ချိုင်းနှင့်ကျောပြင်မှ ချွေးများအားသုတ်နေ၏။ ပြီးမှ အသံသြကြီးနှင့်. . .

"ဘာဖြစ်တာလဲ ငါ့လူရဲ့. . . ပြောပြော. . . အားမနာနဲ့ ရဲရဲသာ ပြော. . ."

"ဘာဖြစ်တယ်မသိပါဘူးဗျာ ဆိုင်ကယ်အသစ်ကြီး ဒီနေ့မှဝယ်ပြီး ပြန်လာတာ'ထောင်ဝူး'ကျော်လို့ ငါးမိုင်လောက်လည်းရောက်ရော ဆိုင်ကယ် ကော်ရပ်ပြီး [illegible] သွားလိုက်တာ စက်ပြန်နှိုးတော့ ဒီ ကစ်စတာတာကနင်းလို့မရတော့ဘူး တောင့်ခံနေတယ်. . . နောက်ဖေး နောက်ဖိသွားတာ နေရာများလို့ တောဖျားနတ်ကများ ဖမ်းစားသလားမသိပါဘူးဗျာ. . ."

စက်ဆရာလူကြီးက သူ့ဗိုက်မည်းမည်းကိုပွတ်ပြီး တဟားဟား အော်ရယ်ရင်း. . .

"ဟား ဟား. . . ခွီးထဲမှပဲ . . . ဘာတောဖျားနတ်က ဖမ်းစားမှာလဲဝေ့. . . တောဖျားနတ်က စားခြင်းစား အမဲသားစားမှာပေါ့. . . နင့်ဆိုင်ကယ် သံကိုယ်ထည်ကြီး စားမလားဟ ဒီလိုနေရာမှာ သိပ္ပံဆိုင်ကယ်ကြီးစီးပြီး သိပ္ပံလိုတွေးစမ်းပါဝေ . . . ဒါပက်ပျက်တာခေါ်တယ်ဟ . . . ဒီဆိုင်ကယ်မျိုး သေသွားမယ်. . . လာထား. . . နင့်ခြေနင်းတုတ်ခိုင်ဘားလောက်ကတော့ ငါပြင်မယ်. . . ထောင့်နှစ်ရာကျမယ်. . . နင်သဘောတူလား. . ."

ဆိုပြီး ဆိုင်ကယ်ကိုလှည့်၍ပင်မကြည့်ဘဲ ကွမ်းသွေး ပျစ်ခနဲထွေးလိုက်သည်။ ပြီးနောက် အရက်လား ရေလား [illegible] ခွက်ထဲမှအရက်အား ကွပ်ကွပ်မြည်အောင် မယူမေ့ သောက်[illegible] သူ့ဟာသူ [illegible] စဉ်းစားလိုက်သည်။ လူကြီးကိုကြည့်ပြီး သူ၏စိတ်ထဲတွင်လည်း [illegible] ခွင် စိတ်များလွှမ်းမိုးလာ၏။ ဖြစ်ပါ့မလား. . . ဖြစ်ပါ့မလား. . . ဆိုင်ကယ်က အသစ်ကြီး ဖြစ်ပါ့မလား. . . . ဆိုသည့်စိတ်များ [illegible]

"ဘယ်လိုလဲကောင်လေး. . . [illegible] . . . [illegible] ဆိုင်ကယ်မျိုးတော့ ဟားဟား. . . သေသွားမယ် [illegible]. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုရှိ ဆိုင်ကယ်ဆီသို့ ဒယီးဒယိုင်လာပြီး ဆိုင်ကယ်ထိုင်ခုံကို တဖုန်းဖုန်းရိုက်ရင်း သူ့ဘာသာသူသဘောကျနေ၏။ သူ့ပုံကလည်း အနည်းငယ် မူးယစ်နေသည့်ပုံ. . .။

ဖြစ်ပါ့မလား. . . ဖြစ်ပါ့မလားဆိုသည့် စိတ်များပို၍ ပြင်းပြလာ၏။ နောက်ဒီဆိုင်ကယ်ကိုဒီမှာမပြင်ရင် ဘယ်မှာပြင်မှာလဲ. . . သူရော ဒီဆိုင်ကယ်ကို ဆက်ပြီးတွန်းသွားနိုင်ပါဦးမလား. . .။ ယခုပင် သူဆိုင်ကယ်ကိုတွန်းလာရတာ ငါးမိုင်ခန့်ရှိနေပြီ. . .။ လူလည်း လွန်စွာနွမ်းလျနေပြီအင်းလေ. . . သည်အခြေအနေရောက်မှတော့ ဖမ်းဆုပ်မိသော မြက်တစ်ပင်အားမလွှတ်တမ်း ဆက်လက်ဆုပ်ကိုင်ရုံမှတစ်ပါး ဘာများတတ်နိုင်ဦးမည်နည်း။ သူ သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ထိုတော့မှ လူကြီးက သက်ပြင်းချပြီး. . .

"ဒီလိုပဲဖြစ်ရမှာပေါ့. . ."

ဟု အားရဝမ်းသာဆိုလိုက်၏။





ဟေ့ ကောင် ဖာဒိုးနဲ့ ကုက္ကူ. . . ဖြုတ်. . ."

ဟုဆိုလိုက်သည်နှင့်ဆိုင်ကယ်နား ယောင်ပေယောင်ပေလုပ်နေသော သူတပည့်နှစ်ဦး သွက်လက်ဖျတ်လတ်စွာ ဆိုင်ကယ်ဆီပြေးလာပြီး ဆိုင်ကယ် ကစ်စတာကို ခြေကန်ဆွဲဖြုတ်သည်။

သူတို့ခြေကန်ဆွဲသည့်အရှိန်ကြောင့် ဆိုင်ကယ်က လဲမသို့ဖြစ်သွားလေရာ ပခုံးညှင်းစွတ်နေသူက ချက်ချင်းပြေးထပြီး ဆိုင်ကယ်လက်ကိုင်ကို ပြေးဆွဲ၏။ သူအားကုန်တွန်းဆွဲလိုက်သောကြောင့် ဆိုင်ကယ်လက်ကိုင် ရာဘာကွင်းမှာ သူလက်ထဲကျွတ်ပါပြီး ဝုန်းဆို[illegible]။ ထိုတော့မှ ဆိုင်ကယ်က ကစ်စတာတာကို ခြေကန်ဆွဲနေသော [illegible] မည်းနှင့် ဖာဒိုးဆိုသူ အပေါ်ကိုပိကျလာ၏။ [illegible] ကုက္ကူကလည်းလျှင်၏။ လဲကျနေရာမှ ချက်ချင်းပြန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



က ဆိုင်ကယ်လက်ကိုင်စွပ်ကို ခပ်ဝေးဝေးလွှင့်ပစ်လိုက်ပြီး ဆိုင်ကယ်ဘီးကို ပြေးဆွဲပြန်၏။

သူတို့နှစ်ယောက်၏ ဝရုန်းသုံးကားအပြုအမူကြောင့် သူလည်း လန့်သွားပြီး. . .

"ဟာ ဟာ. . . ဟေ့ဆရာ. . လုပ်. . . လုပ်ပါဦးဗျ. . ခင်ဗျား တပည့်နှစ်ယောက်ဘာတွေလုပ်နေမှန်းမသိဘူး. . . ပြော. . . ပြောပါဦး ဗျ. . . "

ဟုအော်လိုက်ရာ ဆရာဖြစ်သူ အသားမည်းမည်းနှင့် လူက ဆိုင်ကယ်ကိုတည်တည်ငြိမ်ငြိမ်ဝေ့ကြည့်ပြီး

"ဩော်. . ဩော်. . ဟဲ့အကောင်တွေ. . ဖြုတ်ဆိုဆိုင်ကယ်တစ်စီး လုံးကိုဖြုတ်နေတာလား. . . ဆိုင်တာကိုပဲဖြုတ်. . . ညာဘက်ကစက်နှင်း တုတ်ခိုင်ရင် ဘယ်ဘက်က စက်ဖုံးဖွင့်ရတယ်ဟဲ့. . . "

ဟုဆိုလိုက်ရာ နဂိုဖင်ပေါ်လှသော သူ့တပည့် ဖာဒိုးနှင့်ကုက္ကမှာ ဆိုင်ကယ်ဘယ်ဘက်သို့ ပြေးလာပြီး တွေ့ကရာမူလီကို တွေ့ကရာဂွနှင့် ကိုက်လားမသိ မကိုက်လားမသိ လှည့်ဖြုတ်နေ၏။

လှည့်ဖြုတ်၍မရသောမူလီများကို ပလာယာနှင့်ကိုက်ဖြုတ်၏။ ထိုထက်ခက်သည့် မူလီများကို ဂွရှင်ကြီးနှင့် ခြေကန်ဆွဲ ဖြုတ်ကြ၏။ သူတို့၏အပြုအမူကြောင့် သူလည်း မျက်လုံးပြူးလာသည်။ သူ့ဆိုင်ကယ်အသစ်ကလေး ဆေးတွေခြစ်၊ မူလီတိုင်တွေလည်း လိမ်ကောက်ပြုတ်ထွက်နေပြီ မဟုတ်လား. . ထို့ကြောင့် ဝပ်ရှော့ဆရာဘက်လှည့်ပြီး. . .

"ဟဟ. . . ဟေ့ဆရာကြီး. . ပြော. . . ပြောပါဦးဗျ. . ခင်ဗျားတပည့် တွေလုပ်တာနဲ့ ကျုပ်ဆိုင်ကယ်အသစ်ကြီး ဆေးတွေခြစ်၊ မူလီတွေကောက် ကုန်ပြီဗျ. . . ဟာ. . . ဟေ့လူကြီး ပြောပါဦးဗျ. . . "

ဟုဆိုလိုက်ရာ ဝပ်ရှော့ဆရာကစိတ်ဆိုးသလိုဟန်မျိုးနှင့် ထလာပြီး

"တယ်လေ. . . ဒီကောင်တွေ ဆရာကိုနာမည်ဖျက်ပြီ. . . ဒီစက် ဖုံးလေးဖွင့်တာတောင် ဆေးတွေခြစ်. . မူလီတွေ ကောက်ရသလား. . . ဆရာလုပ်ပြတုန်းကလည်း အသေအချာမကြည့်ထားဘူး. . ကဲ. . .





ဟိုကောင် ဖာဒိုး စို့ယူ၊ ဟိုကောင် ကုက္ကတူပေးစမ်း. . . '

ဟုဆို၍ သူဘာမှမပြောနိုင်ခင် ဝပ်ရှော့ဆရာက အင်ဂျင်တုံး အဆက်ကို စို့နှင့်တည်၍ တူဖြင့် ခွမ်းဆိုရိုက်ချလိုက်၏။ ရိုက်လိုက်သည့် အရှိန်မည်မျှ ပြင်းသည်မသိ။ ဆိုင်ကယ်အင်ဂျင်အခြမ်းမှာ ဖျမ်းခနဲ ကွဲကျ သွား၏။ ထိုတော့မှ ဝပ်ရှော့ဆရာက ဆိုင်ကယ်ကိုမတူသလို မတန်သလို ကြည့်ကာ တူကို ခွမ်းဆိုပစ်ချလိုက်ပြီး. . .

"ကဲ. . မပြီးဘူးလား. . . ဒီလောက်လွယ်တဲ့ကိစ္စကို. . ဘာ တွေလျှောက်လုပ်နေမှန်းမသိဘူး. . . ဒီဆိုင်ကယ်မျိုး အိုး. . . သေတောင် သေသွားမယ်. . . "

ဟုဆိုလိုက်ရာ ဆိုင်ကယ်ပိုင်ရှင်လည်း မျက်လုံးကြီးပြူး၍ ကိုယ့် ခေါင်းကို ကိုယ့်လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ ဆိုင်ကယ်အင်ဂျင်၏ အကွဲ ခြမ်းကြီးကိုကြည့်ပြီး

"ဟာ. . . ဟာ. . . သွားပါပြီ. . သွားပါပြီ. . . "

ဟု ကတုန်ကရင်နှင့်ရေရွတ်၏။ ဝပ်ရှော့ဆရာက သူ့ကို မကြည့် ဘဲ ခုနကကွဲထွက်သွားသော ဆိုင်ကယ်အင်ဂျင်အခြမ်းကို ယူကြည့်လိုက်ပြီး

"အင်း. . . ဒီအခြမ်းကတော့ ကောင်းတယ်ဟေ့. . . ဘာမှမဖြစ် ဘူး. . . ဒါဆို ဟိုဘက်အခြမ်းဖြစ်မယ်။ ဘယ်လိုလဲ ကောင်လေး. . . ဟိုဘက် အခြမ်းထပ်ဖြုတ်ရမယ်။ လေးရာကျမယ်. . . "

ဟုဆိုလိုက်ရာ သူလည်း ကတုန်ကရင်နှင့် ဘာဆက်ပြောလို့ ပြောရမှန်းမသိတော့. . .

မျက်လုံးကြီးပြူး၊ ပါးစပ်ကြီးဟ ဖော့ချွေးတွေစိမ့်ပြီး ငြိမ်နေ၏၊ သူ့ခမျာ ဘယ်လိုဆုံးဖြတ်ရမှန်းမသိ ဖြစ်နေပုံရ၏၊ ထိုအခိုက်မှာပင် [illegible] လိုက်ရသော အသံနက်ကြီးက. . .

"ဖြုတ်. . . "

သူ၏ခန္ဓာကိုယ်တစ်ခုလုံး ကျုံ့တက်သွား၏၊

ထိုအသံနှင့်အတူ ဖာဒိုးနှင့်ကုက္ကမှာ [illegible] ဆိုင်ကယ်ဘယ်ဘက်ခြမ်းကို ပြေးသွား၏၊



www.burmeseclassic.com

www.burmeseclassic.com



ဖာဒိုးက ခုနသူဖြုတ်၍မရခဲ့သော ကစ်စတာတာကို မကျေပွဲ နွဲ့သည့်အနေနှင့် ခြေကန်ဆွဲဖြုတ်နေပြန်သည်။ ကုကူက ဆိုင်ကယ်ချိန်း ကိုတူနှင့် ခွမ်းခဲနဲ ခွမ်းခနဲရိုက်၏၊ ဆိုင်ကယ်ချိန်းပြတ်ကျမှ ချိန်းကြိုးကို ပစ်ထုတ်ပြီး ဆိုင်ကယ်မားကက်ကို ဆက်ဖြုတ်၏။

ထိုတော့မှ ဆိုင်ကယ်ပိုင်ရှင်လည်း သတိပြန်ဝင်သွားပြီး ကတုန် ကရင်နှင့်. . .

"ဟာ. . ဟော့. . . ဟော့လူကြီး ပြောပါဦးဗျ. . . ခင်ဗျားလူတွေ ထင်ရာတွေ လုပ်နေပြီ. . . ပြောပါဦး. . ."

ဆိုတော့ ဝပ်ရှော့ဆရာက ဂရုမစိုက်သလိုဟန်မျိုးနှင့် ခုနက သူသောက်နေသော အရက်လားရေလားမသိရသည့် ဖန်ခွက်ကို စိမ်ပြေ နပြေမော့သောက်ပြီးမှ. . .

"အာ. . . ဒီကောင်တွေတော့ကွာ. . . ခုန ငါဘယ်လိုလုပ်သွားလဲ မမြင်ဘူးလား အဲဒီအတိုင်းဖြုတ်လေကွာ. . ."

ဟုဆိုလိုက်သည်နှင့် နဂိုဖင်ပေါ်ပြီးသားဖြစ်သော သူ၏တပည့် ဖာဒိုးနှင့်ကူကူးမှာ ခုနသူပစ်ချခဲ့သော တူနှင့်စို့ကို ပြေးယူပြီး ဆိုင်ကယ် အင်ဂျင်တုံးကို စို့နှင့်အသေအချာတည်လိုက်သည်။ ပြီးနောက်. . .

ခွမ်းခနဲမြည်သံ။

"အောင်မလေးကုန်ပါပြီဗျ. . ."

ဆိုင်ကယ်ပိုင်ရှင်မှာ သူ့ခေါင်းကိုသူ လက်နှင့်အုပ်၍ ခြေ နှစ်ချောင်း ညွတ်ကျသွားလေသည်။ နှုတ်မှလည်း. . .

"ဟာ. . . သွားပြီ. . . သွားပြီ. . . ဆိုင်ကယ်. . . ငါ့ဆိုင်ကယ်. . . ငါ့ဆိုင်ကယ်. . . သွားပြီ. . ."

ဟူ၍ ဘာတွေမှန်းမသိ ကတုန်ကယင်နှင့် ရေရွတ်၏။ ဝပ်ရှော့ ဆရာက သူ့ကိုလှည့်ပင်မကြည့်ဘဲ ကွဲကျသွားသော အင်ဂျင်ခြမ်းကို ကောက် ယူ၍ ဟိုကြည့်ဒီကြည့်လုပ်ကာ

"အေး. . . ဒီအခြမ်းလည်းမဟုတ်ဘူးကွ. . . ဒါဆို အပေါ်သေချာ ပြီ ဟော့ကောင်တွေ. . . ဖြုတ်. . ."





ဆိုလိုက်သည်နှင့် ဆိုင်ကယ်ပိုင်ရှင်၏ နှုတ်ခမ်းအစုံ အောက် ဘက်သို့ ကွေးညွတ်ကျသွားကာ. . .

"ဟား. . ဟား. . ဖြုတ်. . . ဖြုတ်ဦးမယ်. . ."

ဟူသည့်ရေရွတ်သံကို လူကြီးမျက်မှောင်ကြုတ်၍ ခတ်တည်တည် နှင့်. . .

"အေး. . . ဖြုတ်ရမှာပေါ့. . . ဒီလိုဆိုင်ကယ်မျိုး သေတောင်သေ သွားဦးမယ်. . . ဟော့ကောင်တွေ. . . ဖြုတ်. . ."

ဟုအော်လိုက်ရာ. . .

ဝပ်ရှော့ဆရာ၏တပည့်နှစ်ယောက်ဖြစ်သော ဖာဒိုးနှင့်ကူကူးမှာ တူ၊ စို့များအသီးသီးဆွဲကိုင်ပြီး ဆိုင်ကယ်ကို ရန်သူသဖွယ် စိမ်းစိမ်းကြီး စိုက်ကြည့်၍ စစ်ထွက်တော့မည့် ရောမစစ်သားခြေလှမ်းမျိုးနှင့် ဆိုင်ကယ် ရှိရာ တစ်လှမ်းချင်းလှမ်းလာသည်။ ဖာဒိုးမှ မကျေမနပ်ဟန်မျိုးနှင့် ဆိုင်ကယ် မားကက်ကို လက်ထဲကတူဖြင့် ဒေါင်ခနဲအရင်ခေါက်လိုက်သည်။ တစ်မ်းသည့်သဘော ဆိုင်ကယ်ပိုင်ရှင်လည်း ချို့ငင်သွားသော သူ့ဆိုင်ကယ် မားကက်ကိုကြည့်၍

"အောင်မလေး. . . ကုန်ပါပြီဗျာ. . . သွားပါပြီ. . . ဟ. . ."

ဟုကတုန်ကရင်နှင့်ရေရွတ်ရင်း ဝပ်ရှော့ဆရာဘက်လှည့်၍ ဝပ်ရှော့ဆရာ၏ ရင်ဘတ်ကို သူ့လက်နှစ်ဖက်နှင့် ဆုပ်ဆွဲကာ. . .

"ဟော့. . လူကြီး. . ပြော. . ပြော. . . ပြောဦးလေဗျာ. . ခင်ဗျား ကောင်တွေ. . ."

သူ့စကားပင်မဆုံးလိုက် ခွမ်းခနဲ မြည်သံကြားရ၍ သူ့ခုတ်လုံးတို့ သူ့လက်နှစ်ဖက်ဖြင့် ဖောင်းခနဲပြန်တုပ်ရိုက်မိလိုက်သည်၊

"ဟာ. . သွားပါပြီ. . . သွားပါပြီ. . . ကျုပ်. . . ကျုပ်ဆိုင်ကယ်. . . အင်ဂျင်. . . အင်ဂျင်. . ."

ဆိုင်ကယ်ပိုင်ရှင်၏ ကတုန်ကယင်ရေရွတ်သံတို့ ဝပ်ရှော့ဆရာ မကျေနပ်သလို မျက်မှောင်ကြုတ်၍

"မင်းအင်ဂျင် ငါပြင်နေတယ်လေ. . . ဘာဖြစ်လို့လဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်ပိုင်ရှင်က ဝပ်ရှော့ဆရာ၏စကားကို မကြားတော့သလို မျက်လုံးကြီးကလည်ကလည်နှင့်. . .

"ကျုပ်. . . ကျုပ်. . . ဆိုင်ကယ်. . . ဆိုင်ကယ်. . . အင်ဂျင် အင်ဂျင်. . ."

ဟုရေရွတ်ရင်း မြေပြင်ပေါ် ကျဲဖြာကျနေသော သူ့ဆိုင်ကယ် အင်ဂျင်တုံးကို ကယောင်ကတမ်းနှင့်ပြေးပွေ့လိုက်သည်။ ပြီးနောက် ဆိုင်ကယ်ကို ပြန်မော့ကြည့်မိပြီး မျက်လုံးပြူးသွားကာ . . .

"ဟာ ဆိုင်ကယ်ဆေးတွေ. . . ဆိုင်ကယ်ဆေးတွေ. . ."

ဟုတ်ပါသည် သူ့ဆိုင်ကယ်အသစ်ကြီးမှာတူနှင့် ထုထားသော အရှိန်ကြောင့်ဆေးများ အဖတ်လိုက်ကွာကျနေသည့်အပြင် ဆိုင်ကယ်နေရာ စုံမှလည်း ခြစ်ရာ အစင်းရာများနှင့် ပေပွနေ၏။ ဒါကို ဝပ်ရှော့ဆရာ လူကြီး က အေးဆေးစွာပင်. . .

"အိုး. . . ဒီဆေးလောက်ကတော့ သေသွားမယ်. . . ငါအစ အဆုံးပြန်သုတ်ပေးလိုက်မယ်. . . သုံးထောင်ကျမယ် ကျေနပ်လား. . ."

ဆိုပြီး နံဘေးနားက သဘော်ဆေးဘူးတစ်ခုကိုယူ၍ ဆိုင်ကယ် ပိုင်ရှင်မတားနိုင်ခင် ဆိုင်ကယ်ကိုစုတ်တံနှင့် ပက်ခနဲ သုတ်ပစ်လိုက်၏။ ပြီးနောက် နံဘေးကခြင်ဆေးဘူးတစ်ဘူးကိုယူ၍ သဘော်ဆေးများထည့်ကာ ဆိုင်ကယ်ကိုရှူးခနဲ ညစ်ထည့်လိုက်ပြန်၏။ ထိုတော့မှ ဆိုင်ကယ်ပိုင်ရှင် လည်း ဆွေ့ဆွေ့ခုန်သွားပြီး. . .

"ဟေ့လူကြီး. . ခင်ဗျားဘာလုပ်တာလဲဗျ. . ဘာလုပ်တာလဲ ကျုပ်ဆိုင်ကယ်တော့ သွားပါပြီ. . . ဒါ. . အော်ရဂျင်နယ်ဆေးဗျ. . ."

ဆိုတာကို ဝပ်ရှော့ဆရာက ခပ်တည်တည်နှင့် ခြင်ဆေးဘူးနှင့် ဆိုင်ကယ်ပိုင်ရှင်ဘက်ကိုပါ လှည့်မှုတ်လိုက်ပြီး. . . .

"ဘာလုပ်လို့လဲကွ. . ."

ဆိုင်ကယ်ပိုင်ရှင်မှ သူ့ထံပန်းထွက်လာသော ဆေးများကို လက် နှစ်ဖက်နှင့်ကာ အနောက်သို့ခြေနှစ်လှမ်းခန့် ရှိပြီး. . .

"ဘာလုပ်လို့လဲ ဟုတ်လား. . . ခင်ဗျား. . . ခင်ဗျားဘာလို့ ကျုပ်





ဆိုင်ကယ်အသစ်ကြီးကို ဘာလို့ဆေးသုတ်ထည့်နေတာတုံး. . ."

ဆိုင်ကယ်ပိုင်ရှင်၏ ဒေါသတကြီးစကားကို ဝပ်ရှော့ဆရာမှ ဂရုမစိုက်သလိုဟန်မျိုးနှင့် ဆိုင်ကယ်ဘက် ဆေးပြန်လှည့် မှုတ်နေရင်း. . .

"ဟ. . . ပိုသစ်သွားအောင်ပေါ့ကွ. . ."

"ဟ. . . ပိုသစ်လို့ရမလားဗျ. . . ဟိုဟာက အော်ရဂျင်နယ်ဆေး တွေ. . ."

"အေးလေ. . ဒါလည်း အော်ရဂျင်နယ်ဆေးတွေလေ. . စိန် တံဆိပ်တဲ့. ."

"ဟ. . . ခင်ဗျားဟာက သဘော်ဆေးတွေဗျ. . ."

"ဘာလဲ မင်းကမော်တော်ဆေးနဲ့ သုတ်စေချင်လို့လား. . ."

ဝပ်ရှော့ဆရာကို ဘယ်လိုမှပြောမရသည့်အဆုံး ဆိုင်ကယ်ပိုင်ရှင် လည်း ဒေါသထွက်သွားပြီး. . .

"ခင်ဗျားရူးနေလားဗျ. . . ရူးနေလား. . . ဆိုင်ကယ်အော်ရဂျင်နယ် ဆေးဟာ ဘယ်လောက်တန်ဖိုးရှိလဲ ခင်ဗျားသိလား. . . ဆိုင်ကယ်အသစ် ကို အဲဒီလိုလုပ်ပစ်တယ်ဆိုတာ အရူးတွေပဲလုပ်တယ်။ ခင်ဗျားတို့ အရူးတွေ ပဲဖြစ်မယ်. . ."

ဟုဆို၍ ဒေါကြီးမောကြီးအော်၏။ ထိုတော့မှ ဝပ်ရှော့ဆရာ လုပ်လက်စရပ်ပြီး မျက်မှောင်ကြုတ်၍. . .

"အေး. . ဒီကောင်မရှင်းသေးဘူးဖြစ်မယ်. . . ဟေ့ကောင်ကုက္က. . . တို့သုံးယောက်ကို ဆေးရုံကပေးထားတဲ့ လက်မှတ်ယူပြလိုက် ပါဦး. . . ဒီကောင် အသေအချာရှင်းသွားအောင်"

"ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com





# နှဲဆရာ

ရွာမှာကလည်းဗုံသမား၊ စည်းဝါးသမား၊ အဆိုသမားအစုံရှိပေမယ့် နှဲသမားတော့မရှိဘူးရယ်။ ကိုဘကျော်နဲ့မမှတ်ရင်သွားပြီ...

www.burmeseclassic.com

www.burmeseclassic.com

ကို ဘကျော်ကို ပိုးပုဆိုးနဲ့မြင်ကတည်းက ရွာထဲမှာပွဲတစ်ပွဲရှိတယ် ဆိုတာ လူတိုင်းသိတယ်။

ဟုတ်တယ်၊ ရွာမှာပွဲဖြစ်ပြီဆို ကိုဘကျော်ကြီးမပါလို့မဖြစ်ဘူး။ ကိုဘကျော်က နာမည်နဲ့လိုက်အောင် ပွဲတိုင်းကျော်နှံ့သမား။

ပွဲဖြစ်ပြီးဆို ကိုဘကျော်တို့က ဘာမှလိုတာမဟုတ်ဘူးရယ်။ နှံ့ရိုးလေးတစ်လက် ခါးထိုးပြီးသွားရင်ကိုပြီးပြီ။ နို့ပေတဲ့ ကိုဘကျော် တို့က အဲဒီလိုမဟုတ်ဘူးရယ်။ စတိုင်လ်တော့တစ်ဆိတ်ထွားတယ်မောင်။ နှံ့ရိုးလေး ခါးထိုးပြီး အပြင်အဝါရောင်ပိုးပုဆိုးကိုဝတ်၊ စတစ်ကော်လံအဖြူနဲ့ မျက်နှာချေကိုမှုန်နေအောင်လူးသွားတာ။ ဟုတ်လည်းဟုတ်တယ်။ သူက ဒီလိုပွဲမျိုးဆို မင်းသားပဲ။

ရွာမှာကလည်း ဗုံသမား၊ စည်းဝါးသမား၊ အဆိုသမား အစုံရှိဇပေမယ့် နှံ့သမားတော့မရှိဘူးရယ်။ ကိုဘကျော်နဲ့မမှတ်ရင်သွားပြီ။ နှံ့သမား





ကို ဒီရွာမှာတင်မဟုတ်ဘဲ ရွာနီးချုပ်စပ်မှာလည်း သူတစ်ယောက်တည်း ရှိတာ။

ဒါကြောင့် ပွဲဖြစ်ပြီဟေ့ဆို ကိုဘကျော်ကိုပင့်ရတာ။ အကယ်၍ ပွဲချင်းတိုက်ဆိုင်နေရင် ကိုဘကျော်ကိုရတဲ့ပွဲကလူပိုစည်တာ။ ဟုတ်တယ်လေ၊ ဗိုးဝိုင်းတို့ဆိုင်းဝိုင်းတို့က နှံ့သမားမရှိရင် ဘယ်လိုနားထောင်ကောင်းမှာလဲ။ မယ်လိုဒီကိုလိုက်ဖို့ဆိုတာကလည်း နှံ့တစ်မျိုးပဲရှိတာ။ နောက်ပြီး ရွာမှာကလည်း ဗိုးဝိုင်းသာများတာ။ ဆိုင်းဝိုင်းဆိုတာကလည်း ဗုံကအလုံးစုံ အောင်ရှိတာမဟုတ်ဘူး။ ချောက်တီးချောက်ချက်ရယ်။

ဒါကြောင့် ရွာမှာပွဲဖြစ်ပြီဆိုဗိုးဝိုင်းသာသုံးတာ။ ကိုဘကျော်ကိုခယရတာ။ ကိုဘကျော်ကဝိုင်းခေါင်းဆောင်လေ။ ဘယ်ဝိုင်းမှာတီးတီး ခေါင်းဆောင်ပဲ။ ဗိုးသမားတွေဆို သူ့ကိုဆရာ ဆရာနဲ့နေတာ။

ပြောရဦးမယ်။ ကိုဘကျော်ဆိုတဲ့လူကလည်းလူမှန်ဗျ။ မဟုတ်တာမလုပ်ဘူး။ ဥပမာ ပွဲငှားလာရင် ဆင်းရဲချမ်းသာမရွေးဘူး။ အရင်ခေါ်တဲ့ဆီလိုက်တာ။ နောက်လူက နှံ့လိုချင်ရင် ပွဲရက်ရွှေ့။ ဒါပဲ။

ကြုံဖူးတယ်။ တစ်ခါသား ကြုံကဒတ်ရွာက လယ်ရှင်သူဌေး ဦးလှမောင်ရယ်။ တစ်ရွာလုံးမှာရှိတဲ့လူငယ်တွေကိုစုပြီး ရှင်ဒကာခံတာ၊ ရှင်လောင်းချည်း အပါးတစ်ရာဆိုလား။ ကျွေးတာလည်းရွာလုံးကျွတ် မီးခိုးတိတ်။ အဲလို. . .။

နို့ပေတဲ့ဖြစ်ချင်တော့ ကျုံမငေးရွာက လယ်ကူလီမောင်မျိုး ကလည်း သူ့သားနှစ်ယောက်ကိုရှင်ပြုတာ။ ပိုက်ဆံသိပ်မရှိတဲ့လူဆိုတော့ ဖြစ်သလိုပေါ့။ ဒါပေမယ့် ကံကောင်းချင်တော့ ကိုဘကျော်ကိုအရင်ပြောသားမိတာပါပဲ။ တကယ်လည်း အလှူဖြစ်တော့ ကိုဘကျော်ကြီးက မောင်မျိုးအလှူကိုသွားတာ။ ဦးလှမောင်ဆိုပြာတောက်ပြီး ကိုဘကျော်ကြီးကို ငွေပုံအောလို့ သူ့အလှူ လိုက်ဖို့ပြောတယ်။ နို့ပေတဲ့ ကိုဘကျော်ကြီးက ဘာပြောတယ်မှတ်လဲသိလား. . .

"ကိုလှမောင်ရေ ကျုပ်ကပညာရှင်ဗျ. . . ပညာရှင်မှန်ရင် [illegible] တည်ရတယ်. . . ပညာရှင်ပီသရတယ်. . . ငွေရှင်ဖြစ်ချင်ရင် ကုန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တည်းက ငွေရှာပြီးချမ်းသာအောင်နေမှာပေါ့. . . အဲဒီတော့. . ခင်ဗျား ဘာသာခင်ဗျား ပိုက်ဆံရှိလို့ရှင်တစ်ရာဒကာပဲခံခံ. . တစ်ထောင်ပဲခံခံ ကျုပ်ကတော့ပညာရှင်ပီသစွာ အရင်ငှားတဲ့လူဆီသွားရမှာပဲ. . . ကျုပ်လုပ်စားနေတာ ကတိတော့တည်ရမှာပဲ. . . "

ဦးလှမောင်ဆိုတာ မျက်နှာကြီးမည်းတက်သွားပြီး လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ . . .

"ဘကျော်. . . မင်းတစ်နေ့ဒုက္ခရောက်ဦးမယ်. . . "

ဆိုပြီး ကြိမ်းဝါးကာ ချာခနဲလှည့်ထွက်သွားတာ။ ကိုဘကျော်ကတော့ စီးကရက်ကလေးလက်ကြားညှပ်ပြီး တဟားဟားနဲ့ကျန်ခဲ့တာ။ အဲဒီလို. . .။

ဟုတ်တယ်လေ။ သူ့ခမျာလည်းစဉ်းစားကြည့်ဦး ဒီပညာကိုရဖို့ပတ်ဝန်းကျင်ကို အငြိုငြင်ခံ၊ အဆူခံပြီးသင်ရတာ။ သူ့ဆရာကလည်း မောင်းတာကြမ်း သလားမမေးနဲ့။ ပါးစပ်ထဲရေအပြည့်ငုံပြီး သုံးရက်လောက်နေရတာ။ ပါးကျောတွေ ပြတ်အောင်လို့။ ပါးကျော တွေပြတ်မှနှဲမှုတ်တဲ့အခါ ပါးစောင်မနာမှာလေ။ နောက် နှဲဆိုတာလည်း တော်ရုံတန်ရုံလေသန်ရုံနဲ့ အသံတောင်ထွက်တာမဟုတ်ဘူးရယ်။ လိပ်ခေါင်းထွက်မတတ်မှုတ်မှ အသံကထွက်တာ။ ဒါတောင် နှဲလျှာခင်ဝါးပြားကအထာကျဦးမှ။ ကိုဘကျော်ကတော့ အဲဒီဘက်မှာ ပါရမီထူးတယ်။ ရိုးရိုးနှဲမပြောနဲ့ ဝံသာနုနှဲထိတောင်မှုတ်လာတာ။

တစ်ခါသား ရွာကိုလာကတဲ့ မြို့ဇာတ်က နှဲသမား ပွဲကူးကြမ်းပြီးမမာဖြစ်နေတာ။ ရွာရောက်တော့ နလန်တောင်မထူနိုင်ဘူးရယ်။ နှဲသမားမရှိတော့ ဇာတ်ကမပြည့်စုံဘူးလေ။ ဒါကြောင့် ဒီရွာကနှဲသမားကြီး ကိုဘကျော်ကို အကူအညီတောင်းရတော့တာပေါ့။ ကိုဘကျော်ကလည်း ရတယ်လေ။ သူကူညီမယ်ဆိုပြီး ဇာတ်ပွဲထဲနှဲဝင်မှုတ်ပေးတာ။ ဇာတ်က နောက်ပိုင်းဇာတ်ထုပ် ဒွေးမယ်နော်ကတော့ ဒွေးမယ်နော် ငွေတောင်ဖြည်ပြန်တဲ့အခန်းမှာ ဝံသာနုနှဲကြုတာ။ ကြည့်တဲ့ပရိသတ်ဆိုတာ မျက်ရည်ကိုဖြိုင်ရော။ ဝံသာနုနှဲဆိုတာကလည်း သိတယ်မဟုတ်လား။ ကြီးလွန်း





လို့တုတ်ထောင်ကိုမှုတ်ရတာ။ လေအားအတော်လေးကောင်းတဲ့လူမှ အသံပြလန်ပြီး အိထွက်လာတာ။ အဲဒီနှဲကြီးနဲ့ မြောက်မင်း အူသံမှုတ်လို့ကတော့ တော်ရုံတန်ရုံလူမခံနိုင်ဘူး။ ငိုတာပဲ. . .။

ဇာတ်ဆရာကိုဘကျော်ကြီး နောက်ပွဲတွေလိုက်ဖို့ခေါ်တယ်၊ လိုက်ဘူး။ ကိုဘကျော်ကြီးက သူကြိုက်တဲ့ဒူးစိမ်းလေးခဲပြီး ဘာပြောတယ်မှတ်တုံး. . .

"ကျုပ်ကရွာချစ်တာဗျ. . ရွာကဲလွဲပြီးဘယ်နားမှ ကျုပ်နှဲသံကိုမကြားစေချင်ဘူး. . . ဒါကျုပ်စေတနာ . . . ခင်ဗျားတို့လည်း ကျုပ်နှဲသံကြားချင်ရင် ကျုပ်ရွာမှာနေ့တိုင်းဇာတ်လာက. . ဒါပဲ. . "

အဲလိုဆို သူ့နှဲသံကြားရဖို့ နှစ်ပေါက်အောင်ပွဲ ကပေးရမယ့်ပုံ၊

အဲ. . နောက်ပြီးပြောဦးမယ်။ ကိုဘကျော်အကျင့်တစ်ခု။ သူက နှဲသာမှုတ်တာ။ စီးကရက်တော့အလွန်ကြိုက်ဗျ။ နှဲမှုတ်လို့ သီချင်း တစ်ပုဒ်ပြီးတိုင်း စီးကရက်တစ်လိပ်ကုန်အောင်သောက်တာ။ သူစီးကရက်သောက်ချိန်ဆို ကျန်တဲ့ဝိုင်းသားများကစောင့်ပေးရတာ။ မစောင့်ချင်လည်းနေလေ၊ အဲဒီအချိန်မျိုးသီချင်းတီးလို့ကတော့ ကိုဘကျော်တို့မှုတ်ဘူးရယ်။ အဲဒီအတိုင်း စီးကရက်ကလေးခဲပြီး ကြည့်နေတာ။ သူ့စီးကရက် ကုန်မှ သူမှုတ်ချင်တာထမှုတ်တာ။ နောက်ပြီး သူကြိုက်တဲ့စီးကရက်ကလည်း ဈေးကအတော်အသင့်ရှိတယ်။

ဒူးယား. . . ဒူးယားမှဒူးယားဘူးစိမ်း. . အရမ်းရှား. . .။

အလှူရှင်ဆို ကိုဘကျော်ကိုခေါ်ရုံနဲ့မပြီးဘူး။ ဒူးယားဘူး အစိမ်းပါဝယ်ထားပေးမှပြည့်စုံတယ်။ ကိုဘကျော်တို့ကလည်း အဲဒီ . ား ဘူးစိမ်းမပါရင် သိပ်စိတ်ပါတာမဟုတ်ဘူး။ ဒါကြောင့် ကျော်ဆို ဒူးယားဘူးစိမ်းဝယ်ထားပေးရတယ်။ အဲဒါမှအသံသာတာ။ အဲဒီလို. . .၊

ရွာမှာကလည်းသိတဲ့အတိုင်းပဲ ပွဲလမ်းသဘင်က များသားကလား၊ တော်ကြာရှင်ပြုပြန်ပြီ၊ တော်ကြာဘုရားကိုးဆူလုပ်ပြန်ပြီ၊ တော်ကြာ မင်္ဂလာဆောင်ပြန်ပြီ၊ တော်ကြာကလေးမွေးပြန်ပြီ စသည်ဖြင့် ပွဲပေါင်းကို မကုန်နိုင်ဘူး။ ဒါကြောင့် ကိုဘကျော်တို့မှာ ပိုးပုဆိုးအဝါကြီး ချွတ်ရတယ်ကိုမရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အခုနောက်ပိုင်းရွာကလည်း ဘာကြောင့်ရယ်မသိဘူး။ အိမ်တဆိတ်က ဒလေးသားပေါက်ရင်တောင် အိုးစည်ဗုံးပတ်ဝိုင်းငှားပြီး အောင်ပွဲခံတော့တာ။ ဖဲ့ဒါကြောင့် ကိုဘကျော်တို့ပွဲမရှိတဲ့နေ့ကိုမရှိဘူး။ အလှူကကျွေးတဲ့ ထမင်းလေးစားလိုက်၊ ဒူးစိမ်းလေးသောက်လိုက်၊ ပြီးရင် အခကြေးငွေလေးယူလိုက်နဲ့ အဆင်ကိုပြေနေတာ။

သူ့မိန်းမ မငွေဖော့ဆို မော့တော့မော့တော့နဲ့နေတာ။ နံ့ဆရာ ကတော်ဆိုပြီးတော့လေ။ ကိုဘကျော်ကိုဖိတ်တဲ့ပွဲတိုင်း သူပါလိုက်ပြီး ဟိုဟာလုပ်သလို ဒီဟာလုပ်သလိုနဲ့ ကျွေးသမျှဦးဦးဖျားဖျား ဝင်ဝင်ဝါးတာ။ အလှူရှင်တွေကလည်း နံ့ဆရာကတော်ဆိုတော့ ပြောအားမရှိဘူးလေ။ သူ့ကိုပြောလိုက်လို့ သူ့ယောကျ်ားနံ့ဆရာ စိတ်ဆိုးသွားရင် အလှူပွဲကပျက်သလောက်ဖြစ်သွားမှာလေ။ ဒါကြောင့် မငွေဖော့လက်ရဲဇက်ရဲလုပ်သမျှ အကုန်ဒီအတိုင်းထိုင်ကြည့်နေရတယ်။ ဒါတောင်ပြီးမယ် ထင်လား။ အလှူပွဲများပြီးသွားရင်တောင် အလှူကပိုတာတွေကို ကြွပ်ကြွပ်အိတ်နဲ့ထည့်ထည့်သွားသေး။ ဒီမြင်ကွင်းကို ရွာကလူတွေ နေ့စဉ်နီးနီးမြင်နေကျ။ ကိုဘကျော်ကြီးနဲ့ရှိုးခါးကြား ထိုးပြီးမော့တော့မော့တော့၊ အနောက်က မငွေဖော့ကြွပ်ကြွပ်အိတ်ကြီး လက်ကဆွဲပြီး ကော့ကော့ကော့ကော့။

သားပါတော့. . . ။

ဒီနှစ်မှာလည်း မိုးကလေးလွတ်ဘာနဲ့ ပွဲတွေစဖို့တာစူနေပြီ၊ ဘယ်ကရှင်ပြု၊ ဘယ်ကရဟန်းခံ၊ ဘယ်ကနှစ်ကျိပ်ရှစ်ဆူ၊ ဘယ်ကအလှူစသည်ဖြင့်စီစဉ်ကုန်ကြပြီ။ ကိုဘကျော်ကြီးလည်း နံ့ရှိုးတကိုင်ကိုင် ပိုးပုဆိုးတည့်ငြိမ်[illegible]ပြီ။ သူ့ရာသီရောက်ပြီကိုး၊ မနှစ်ရာသီအကုန်ကလည်း မိုးကျမော[illegible]တွေပျက်ကုန်တာရယ်။ အခုတော့မိုးကုန်ပြီဆိုတော့ ပွဲတွေပြန်စဖို့ပြင်ပြီ။

အဲ. . . ပထမဆုံးပွဲက ကျုံမငေးရွာက သူဌေးကိုလှမောင်ပွဲ။ ဘုရားအနေကဇာတင်ဆိုလားပဲ။ ဒါတွေသိစရာမလိုဘူး။ သူကနံ့ရှိုးလေးကိုင်သွားရင်ပြီးပြီကိုး။ ဟိုရောက်ရင်သာ ဘာသီချင်းမှုတ်ရမယ် ပြောမ်းတောင်ရိုပ်ခိုလား၊ သားချော့လား၊ ရှင်လိင်ပြန်လား၊ ဒါပဲ. . . ။





ဒီနှစ်မှာလည်း ကိုဘကျော်ကြီးက ဦးလှမောင်သူ့ကို ခခယယလာတောင်းပန်ပြီးခေါ်မယ်ဆိုတာသိလို့ မှင်တစ်ခွဲသားနဲ့အိမ်က စောင့်နေတယ်။ တစ်မြန်နှစ်ကကိုလှမောင်ကြီး အလှူပွဲကြီးလုပ်တုန်းက သူ့ကိုလှမောင်ကြီးကိုငြင်းလိုက်တာကိုး။ ဒီနှစ်တော့ ဘယ်အငှားပဲလာလာ၊ ပွဲတိုက်ရင်ကိုလှမောင်ကြီးကိုဦးစားပေးမယ် ဆိုပြီးဆုံးဖြတ်ထားတာ။ သူ့ပါမှပွဲကပိုစည်မှာကိုး။ မနှစ်ကသူ့ပစ်ပစ်ခါခါငြင်းလိုက်တာကိုလည်း ထေချင်တာကိုး။

အဲ. . . ဒီလိုနဲ့ပွဲရက်က တဖြည်းဖြည်းကပ်လာပြီ။ ကိုလှမောင်ကြီးကတော့ သူ့ကိုလာမခေါ်သေး။ သူသိတယ်၊ တစ်မြန်နှစ်ကကိစ္စကြောင့် ကိုလှမောင်ကြီး သူ့ကိုစိတ်ဆိုးနေတုန်းပဲဆိုတာ။ ဒါပေမယ့် ပွဲရက်ကျရင်တော့ သူ့ကိုလာမခေါ် လို့မရဘူးလေ။ နေ့. . သူက တစ်ဦးတည်းသောနံ့ဆရာလေ. . . ။

ဒါပေမယ့် ပွဲရက်ရောက်သည်ထိ သူ့ကိုလာမခေါ်ဘူး။ ကိုဘကျော်ဖင်တကြွကြွဖြစ်နေပြီ။ ပွဲကစတော့မယ်။ သူလည်းပိုးပုဆိုးနဲ့ စတစ်ကော်လံဝတ်ပြီး မျက်နှာချေမှုန်နေအောင်လိမ်းထားပြီးပြီ။ လာခေါ်တဲ့အချိန်အဆင်သင့်ဖြစ်အောင် နံ့ရှိုးကိုတောင် ခါးကြားထိုးထားသေးတယ်၊ ဒါပေမယ့် သူမျှော်နေတဲ့ ကိုလှမောင်ကပေါ်မလာဘူး။

သူလိုပဲ ပွဲမျှော်နေတဲ့ သူ့မိန်းမမငွေဖော့ပါ ပိတောက်ပန်းတွေဝေနေအောင်ပန်ပြီး အိမ်ရှေ့လျှောက်လိုက် အိမ်နောက်လျှောက်လိုက်ဖြစ်နေပြီ။ သူ့ခမျာလည်း အလှူကလေးရှိမှ အူစိုအောင်လွေးရတာကိုး၊ ဒါကြောင့်ယောက်ယက်ခတ်နေတာ။ ကြာတော့မနေနိုင်တော့ဘူးထင်တယ်၊ သူ့လင်နံ့ဆရာကိုဘကျော်ဘေး ခတ်ဆတ်ဆတ်ဆောင့်ကြောင့်ထိုင်ချကာ. . .

"တော့ကိုဘကျော်. . ."

"ဟေ. . . ဘာတုံးဟ. . ."

နှစ်ယောက်လုံးရဲ့အသံက စိတ်လှုပ်ရှားမှုနဲ့ တုန်ရင်နေတယ်၊

"ကိုလှမောင်လည်း လာမခေါ်ပါလား. . ."



www.burmeseclassic.com

www.burmeseclassic.com



မငွေဖော့ရဲ့အသံက အားပျော့လှတယ်။ ကိုဘကျော်က အခွံပဲရှိပြီးတစ်လိပ်မှမရှိတဲ့စီးကရက်ဘူးကိုမကြည့်ပြီး. . .

"အေးလေ. . . မင်းအမြင်ပဲ. . . "

ကိုဘကျော်အဖြေပြီးတာနဲ့ နှစ်ယောက်လုံး အသံတိတ်သွားတယ်။ ဘာဆက်ပြောလို့ပြောရမှန်းမသိဘူး။ အတော်ကြာမှ မငွေဖော့က ထိုင်မလိုထမလိုလုပ်ပြီး. . .

"သူ တော့်ကိုစိတ်ဆိုးနေသေးလားမှမသိတာ. . . "

"အဲဒီတော့ငါဘာလုပ်ရမှာတုံး. . . "

မငွေဖော့အသံတိတ်သွားပြန်တယ်။ သူ့ခမျာလည်း ဘာဆက်ပြောရမှန်းမသိဖြစ်သွားပုံရတယ်။ သူ့ယောကျ်ားစိတ်ဆိုးမှာလည်း စိုးရသေးတယ်ကိုး။ နောက်မှအားတင်းပြီး. . .

"ဟိုလေ. . . ဟိုလူကြီးစိတ်ဆိုးပြေသွားအောင် သူအရင်မလာခင်တော်အရင်သွားလိုက်ပါလား. . . "

"ဟေ. . . "

မငွေဖော့စကားကြောင့် ကိုဘကျော် မျက်ခုံးတွေပင့်တက်သွားတယ်။ ပြီးတော့ တအံ့တသြနဲ့မငွေဖော့ကိုပြန်ကြည့်တယ်။ မငွေဖော့က သူ့ဝပြဲပြဲခန္ဓာကိုယ်လေးကြုံ့ပြီး. . .

"ကျုပ်က. . . စေတနာပြောတာပါ. . . "

မငွေဖော့အသံကယဲ့ယဲ့လေး။ကိုဘကျော်သက်ပြင်းချလိုက်တယ်။ မငွေဖော့ရဲ့စေတနာဆိုတာကို သူသိတယ်။ လူလူချင်းကူညီခြင်တာက နည်းနည်း၊ သူ့အလှူမှာ အဝလွေးချင်တာများများကိုး။

သူ့ခမျာလည်း ဘယ်ဆုံးဖြတ်ရမှန်းမသိဘူး။ ချီတုံချတုံဖြစ်နေတယ်။ သွားရကောင်းနိုး၊ မသွားရကောင်းနိုးဖြစ်နေတယ်။ ဟိုကလိုလားရင်တစ်မျိုးပေါ့။ မလိုလားရင်. . . အိုး. . မလိုလားစရာတော့ မရှိပါဘူး။ ဒီရွာမှာနဲ့သမားက သူတစ်ယောက်တည်းရှိတာ။ သူ့ကိုမခေါ် ဘယ်သူ့ကိုခေါ်မှာလဲ။ ဒါကြောင့်. .

"ကဲ. . . ဒါဖြင့်သွားကြရအောင် . . . ကိုယ့်ကြောင့် သူ့ အလှူပွဲ





ောက်ကျဖြစ်နေဦးမယ်. . . "

ဆိုပြီး ဟန်ကိုယ့်ဖို့ဆိုရင်း ထရပ်လိုက်တယ်။ အဲဒီတော့မှ ငွေဖော့ရဲ့ မျက်နှာလည်းဝင်းလက်သွားတယ်။ ဟုတ်တယ်လေ၊ သူက သွားင်တာရွှစ်တက်နေတဲ့ဟာ၊ ကိုဘကျော်ကလည်းတစ်မျိုး။ ငါ့မိန်းမ ပြာလွန်းမကပြောလို့ဆိုပြီး ဟန်ကိုယ့်ဖို့လုပ်မှာလေ၊ ဒီလိုနဲ့ပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒါ တိုင်းလို သူလာရင် 'ကိုဘကျော်တို့လာပြီဟေ့' ဆိုတဲ့ ဖျော်ရွှင်စွာ အော်ဟစ် ဆီးကြိုသံမကြားရဘူး။ အားလုံးက သူလာတာကို ဂရုမစိုက်မိလောက်အောင် အလှူဆိုင်းဝိုင်းနားမှာ ပတ်လည်ဝိုင်းနေတယ်။ ဘာတွေစိတ်ဝင်စားနေတယ်ရယ်မသိဘူး။ အားလုံးက ငေးလို့. . .။

ကိုဘကျော်လည်းအူကြောင်ကြောင်ဖြစ်နေတယ်။ သူ့ကိုဘယ်သူမှ ဂရုမစိုက်ကြတော့ အလှူထဲဝင်ရကောင်းနိုးနိုး မဝင်ရကောင်း နိုးနိုးဖြစ်နေတယ်။

'ဖြတ်'ခနဲ ဒိုးသမားမောင်တင့်လှည့်ကြည့်တယ်။ သူ့ကိုလှည့်ကြည့်တာမြင့်တော့ ကိုဘကျော်ဝမ်းသာသွားတယ်၊ သူ့စိတ်ထဲမှာ 'ကိုဘကျော်ကြီးလာပြီဟေ့' ဆိုတဲ့အသံကြားရမယ်ထင်တာ။ ဒါပေမယ့်သူထင်သလို မဟုတ်ဘူးဖြစ်သွားတယ်။ အရင်ကဆို. . .





"ဟာ. . ဆရာမင်္ဂလာပါ. . ဒီနေ့စောသားနော်. . အလှူကခဏနေမှထွက်မှာ။ ဆရာအားရှိသွားအောင် ခဏနားလိုက်ပါဦး။ ဟောဒီမှာဆရာကြိုက်တတ်တဲ့ဒူးစိမ်း. . ."

စသည်ဖြင့် အလာပသလာပပြောပြီး သူ့အကြိုက်ဒူးယားဘူးစိမ်းပေးနေကျ။ အခုတော့ ဘာမှမသိချင်ယောင်ဆောင်ပြီး ဟိုဘက်ပြန်ငေးနေတယ်။ ကိုဘကျော်ပိုပြီးတင်းသွားတယ်၊ တကယ်တီးတော့မှ နှဲကိုမမှုတ်ဘဲစိတ်ရက်ပဲ ထိုင်မှုတ်နေလိုက်မယ်လို့စိတ်ကူးလိုက်တယ်၊ အဲဒီအချိန်မှာပဲ. . .

"သြော်. . ကိုဘကျော်မဟုတ်လား. . အလည်လာတာလား ဟဲ ဟဲ"

ဆိုတဲ့အသံကြားလို့လှည့်ကြည့်လိုက်တော့ အလှူရှင်ကိုလှမောင်၊ မျက်နှာက မနှစ်ကလိုသူ့ကိုဖက်မတတ်ယက်မတတ်ငိုပြီး တောင်းပန်ခဲ့တဲ့မျက်နှာမျိုးမဟုတ်ဘူး။ ဂရုမစိုက်သလိုထီမထင်ဟန်နဲ့။ ကိုဘကျော်က မီးတိုးရှန့်တန့်ဖြစ်သွားပေမယ့် ချက်ချင်းဆရာစတိုင်လ်ပြန်ဖမ်းလိုက်ပြီ. . . .

"အေးဗျာ. . . မနှစ်အလှူကျုပ်မလာနိုင်လို့ စိတ်ဆိုးနေမှန်းသိပါတယ် ဒါပေမယ့် ဒီနှစ်ကျတော့ မိန်းမကပြောလွန်းမကပြောလွန်းလို့. . ."

သူ့စကားတောင်မဆုံးသေးဘူး ကိုလှမောင်ကတဟားဟားရယ်ရင်း. . .

"ဟားဟား မလိုတော့ပါဘူးကိုဘကျော်. . မလိုတော့ပါဘူး. . ."

"ဘာ. . ."

ကိုလှမောင်စကားကြောင့် နှဲဆရာကိုဘကျော်အံ့အားသင့်သွားတယ်၊ နောက် ဇဝေဇဝါနဲ့. . .

"ခင်ဗျားတို့ဒိုးဝိုင်း ကျုပ်မှနှဲမမှုတ်ရင် ဘယ်သူမှုတ်မှာလဲဗျ"

ကိုဘကျော်စကားကို ကိုလှမောင်က ဖြက်လုံးတစ်ခုကြားရသလို ရယ်လိုက်တယ်။

"ဟားဟား. . ခင်ဗျားမမှုတ်ရင်ဘယ်သူမှုတ်မယ်. . တွေ့လား. . ဟောဒီမှာ ခင်ဗျားလည်းဗဟုသုတရအောင် ဝင်ကြည့်သွားပါဦး. . ."

ဆိုပြီး ဒိုးဝိုင်းအလယ်ဆွဲခေါ်ပြလိုက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ."

ကော်ပြားလေးတစ်ခုပေါ်မှာ ခလုပ်အဖြူတွေအနက်တွေ ဆေးချယ်ထားတဲ့ တစ်ပေသာသာအရာတစ်ခု။ အဲဒီမှာ ဆောင့်ကြောင့်ထိုင်နေတဲ့လူတစ်ယောက်။

"ဒါဘာလဲဗျ. . ."

"ဒါ အော်ဂင်လို့ခေါ်တယ်. . ."

"အော်ဂင်. . ."

ကိုဘကျော် အော်ဂင်ဆိုတာကို အသေအချာကြည့်တယ်။ ပြီးတော့ သူ့ ခါးကြားမှာထိုးထားတဲ့နှဲရှိုးကိုပြန်ထုတ်ကြည့်တယ်။ ပြီးမှ. . .

"ဒါနဲ့ကျုပ်နဲ့ကဘာဆိုင်လို့လဲ. . ."

ကိုလှမောင်ထရယ်ပြန်တယ်။

"ဘာဆိုင်လို့လဲ. . . ဟုတ်လား. . . အော်ဂင်ဆရာ. . အသံလေးစမ်း ပြပါဦး. . ."

ကိုလှမောင်စကားကို အော်ဂင်ဆရာက လှည့်တောင်မကြည့်ဘူး။ ပါဝါ ခလုပ်ကိုဖွင့်ပြီးလက်ကလေးနှစ်ချောင်းနဲ့ ခလုပ်တွေနှိပ်ပြလိုက်တယ်။

"တီ. . . တီ. . . တီ. . . တီ. . . တီ. . ."

"ဟာ. ."

အော်ဂင်ကထွက်လာတဲ့အသံကြားတော့ ကိုဘကျော်အံ့အားသင့်သွားတယ်။ အသံဟာနှဲသံနဲ့မတူဘူး။ ဒါပေမယ့်ခတ်ဆင်ဆင်ပဲ။ နောက်ပြီး သူ့အံ့အား သင့်သွားတာက သူ့လိုမှုတ်စရာမလိုဘဲ ခလုပ်ကလေးနှိပ်လိုက်ရုံနဲ့အသံထွက်နေတာပဲ။

"ကဲ. . . ဘယ့်နှယ်လည်း နှဲဆရာကိုဘကျော်ကြီး. . . ခင်ဗျားတို့လို ဝိဇ္ဇာပစ္စည်းမဟုတ်ဘူးဗျ. . . သိပ္ပံပစ္စည်းဗျ. . . သိပ္ပံပစ္စည်းဗျ ဟားဟား. ."

ကိုလှမောင်ရဲ့အသံကအောင်တယ်၊ အပေါ်စီးဆန်တယ်။ နောက် သူ ပြောတဲ့သိပ္ပံပစ္စည်းဆိုတာလည်း ကိုဘကျော်နားမလည်ဘူး။ ဒါပေမယ့် ပညာမာနရှိသူဆိုတော့ သိတယ်မဟုတ်လား။





"အိုဗျာ. . . ခင်ဗျားသိပ္ပံပစ္စည်းဆိုတာ ကျုပ်တို့လို ဟောဒီလိုမှုတ်လို့မရပါဘူး. . . ."

ဆိုပြီး သူ့ခါးကြားထိုးထားတဲ့နှဲရှိုးကိုထုတ်လို့ အသံစမ်းလိုက်တယ်။

"ဂေါ်. . ."

ထွက်လာတဲ့အသံကပြောင်ချော်ချော်ကြီး။ ခုနက အော်ဂင်ကထွက်တဲ့အသံလိုမချိုလှဘူး။ ကိုဘကျော် နှဲခင်ကိုပြန်စမ်းလိုက်တယ်။

"ဂေါ်. . ."

သူ့နှဲသံကို အော်ဂင်သမားက လှည့်တောင်မကြည့်ဘဲ. . .

"ရှပ်ဖြစ်နေတယ်. . ."

ဆိုပြီးပြောတယ်။ နောက်ပြီး သူ့အော်ဂင်ကခလုပ်တစ်ခုကိုနှိပ်ပြတယ်။

"တီ. . ."

ဟုတ်တယ်။ အော်ဂင်ကသံပြည့်။ ကိုဘကျော်အတော်ရှက်သွားတယ်။ သူ့အသံကနည်းနည်းလေးကျော်နေတယ်။ ဒါကြောင့် နှဲလျှာခင်ကိုပြန်ထုတ်လိုက် ပြန်သွင်းလိုက်လုပ်ပြီး အသံမှန်တော့မှ. . .

"ကဲ. . . ဟောဒီမှာကြည့်. . . ဒီလိုအသံမျိုးထွက်အောင်လုပ်လို့ရလား. . . ."

ဆိုပြီး သူ့အစွမ်းကုန်လေ့ကျင့်ထားသမျှထဲကမှ အမြန်ဆုံးလက်ကွက် တွေကို မှုတ်ပြလိုက်တယ်။ ဘေးနားနားထောင်နေတဲ့လူတွေအားလုံး ကိုဘကျော် နှဲကိုဘယ်လိုမှုတ်သွားမှန်းမသိအောင် မြန်နေတယ်။ အသံလည်းအတော်စုံတယ်။ အသံစမ်းပြီးတာနဲ့ ကိုဘကျော်က အောင်နိုင်သူအပြုံးနဲ့. . .

"ကဲ. . . ဒီလောက်မြန်အောင် ခင်ဗျားသိပ္ပံပစ္စည်းကရနိုင်လို့လား"

သူ့စကားကိုအော်ဂင်ဆရာက လှည့်တောင်မကြည့်ဘူး၊ ခလုပ်အစကနေအဆုံးထိ လက်မနဲ့ပဲခြစ်ပြလိုက်တယ်။

"တီတီတီတီတီတီတီ. . ."

"ဟာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကိုဘကျော်လန့်သွားတယ်။ သူလက်ချောင်းဆယ်ချောင်းနဲ့အသေအချာမှတ်ရတဲ့ဟာကို ဟိုလူကခလုပ်ပေါ်လက်မနဲ့ခြစ်လိုက်ရုံနဲ့ အသံစုံထွက်နေတယ်။ ကိုဘကျော်ဘာမှပြန်မပြောနိုင်လောက်အောင် အော်ဂင်ဆိုတာကြီးကို မျက်လုံးအပြူးသားငေးကြည့်နေတယ်။ ဒါကို ကိုလှမောင်က ကိုဘကျော်ပခုံးကို လိုသည်ထက်ပိုပုတ်လိုက်ပြီး. . .

"ဟားဟား. . . ခင်ဗျားကြောင်ပြီးမဟုတ်လား. . ခင်များရဲ့လက်ဆယ်ချောင်းစာက အော်ဂင်ဆရာလက်မနဲ့ခြစ်ရုံလောက်ပဲရှိသေးတာနော်. . အော်ဂင်ဆရာ လက်ဆယ်ချောင်းသာလှုပ်ရှားလိုက်ရင် ခင်ဗျားအရှင်လတ်လတ်မြေမြှုပ်သွားမယ်. . ."

ကိုဘကျော်နဖူးက ချွေးသီးချွေးပေါက်တွေထလာတယ်။ သူ့နောက်က သူ့မိန်းမမငွေဖော့လည်း မျက်စိမျက်နှာပျက်လို့။ ကိုလှမောင်တသာ အောင်မြင်သောအပြုံးနဲ့. . .

"ကဲ. . . ကိုဘကျော်ရေ. . စားစရာရှိတာသာ ဝင်စားသွားတော့ ခင်ဗျားနဲ့အတွက်ကတော့ . . ."

ကိုလှမောင်စကားကိုဖြတ်လိုက်တယ်။ ပြီးမှ တစ်လုံးချင်းဆက်ပြောလိုက်တယ်. . .

"မလိုတော့ပါဘူးဗျာ. . ."

တဲ့။ ကိုဘကျော်ရင်ထဲနင့်ခနဲဖြစ်သွားတယ်။ သူတစ်သက်လုံးဖတ်တွယ် လာတဲ့နှဲရိုးကြီးကို ဇောချွေးတွေစိမ့်ထွက်လာတဲ့လက်နဲ့ ကျစ်ကျစ်ပါအောင်ဆုပ်ထားတယ်။

သူ့ရှေ့ကအော်ဂင်ဆိုတာကြီးကိုစိတ်နာရမှာလား၊ သူ့အစွမ်းသတ္တိကို ဂုဏ်ပြုရမှာလားမသိတဲ့မျက်လုံးနဲ့ တွေတွေကြီးငေးကြည့်နေမိတယ်။ ကိုလှမောင်ကတော့ အပြုံးမပျက်ဘဲ အရင်နဲ့ဆရာလက်ဟောင်း ကတော်ဘက်လှည့်ပြီး. . .

"မငွေဖော့လည်းဝင်စားသွားဦးလေ. . . ဒါပေမယ့် အရင်လို ကြွပ်ကြွပ်အိတ်နဲ့ထုပ်သွားလို့တော့မရဘူးနော်. . . ဟဲဟဲဟဲ. . ."

မငွေဖော့ရဲ့ ခန္ဓာကိုယ်က ကျုံ့သထက်ကျုံ့ဝင်နေတယ်၊ သူ့မျက်





လုံးကလည်း အော်ဂင်ကိုကြည့်လိုက်၊ အလှူမှာကျွေးနေတာကိုကြည့် လိုက်နဲ့ ကြိုးကြည့်ကြောင့်ကြည့်ဖြစ်နေတယ်။ နောက်ပြီး အလှူအားကိုးနဲ့ အိမ်မှာဘာမှမချက်ဘူးဆိုတာသတိရလိုက်တော့ ဗိုက်ထဲကတကျုတ်ကျုတ်နဲ့ ဟာတက်လာတယ်။ သူ့ယောက်ျား နှဲအကျော်အမော် ကိုဘကျော်ကို ကြည့်လိုက်တော့လည်း တုတ်တုတ်မျှမလှုပ်။ အတော်လေးကြာမှ ကိုဘကျော်သက်ပြင်းချပြီး. . .

"ကဲ. . . မငွေဖော့ ငါတို့ပြန်ကြရအောင်ကွယ်. . ."

ကဲ. . " ကိုဘကျော်မျက်နှာပေါ် လိမ်းထားတဲ့ မျက်နှာချေတွေက ဇောချွေးတွေနဲ့ မည်းတက်နေတယ်။

အရင်အတိုင်းပဲ ကိုဘကျော်က အရှေ့ကခပ်ဖြည်းဖြည်းလျှောက်နေတယ်။ သူ့အနောက်က ထုံးစံအတိုင်းမငွေဖော့လိုက်လာတယ်။ ဒါပေမယ့် အရင်လိုမဟုတ်တာက နှစ်ယောက်လုံး ခေါင်းငိုက်စိုက်ချထားကြတာပဲ။ ခြေလှမ်းတွေကလည်း နှေးကွေးချိနဲ့လွန်းနေတယ်။

သိပ်မကြာဘူး။ သူတို့အိမ်မရောက်ခင်မှာပဲ အလှူကအိုးစည်ဗုံမောင်းသံတွေဆူညံလာတယ်။ နောက် သူတို့နားကပဲဖြတ်ပြီး ဘုန်းကြီးကျောင်းဘက်ဦးလှည့်သွားတယ်။ ကတဲ့လူကက ခုန်တဲ့လူကခုန်နဲ့ပျော်ရွှင်နေကြတာ။ အရင်ကသူနဲ့ အစား အော်ဂင်သံကစီထွက်နေတယ်။ သူတို့နားအဖြတ် ကိုဘကျော်အမှတ်တမဲ့ အောင်ဂင်ဆရာကိုလှည့်ကြည့်လိုက်တယ်။ အော်ဂင်ဆရာက သူ့အော်ဂင်ကို ရင်ဘတ်မှာလွယ်ပြီး လက်တစ်ဖက်တည်းနဲ့တီးလာတယ်။ နောက်လက်တစ်ဖက်က စီးကရက်ကိုညှပ်ကိုင်ထားတယ်။ အမှတ်တမဲ့ပါပဲ အော်ဂင်ဆရာ သောက်ထားတဲ့စီးကရက်လှမ်းကြည့်လိုက်တယ်။

အော်ဂင်ဆရာသောက်ထားတဲ့ဆေးလိပ်က ဈေးကြီးပါတယ်၊

အဲဒီတော့မှ ကိုဘကျော်ဆေးလိပ်ဆာသလို ထမင်းဆာသ လိုဖြစ်လာတယ်။ အိတ်ထဲစမ်းကြည့်တော့ သူကြိုက်ပါတယ်ဆိုတဲ့ ဒူးယားဘူးထဲမှာ ကုန်နေပြီလေ. . .



www.burmeseclassic.com

www.burmeseclassic.com



နှင် အိမ်ထောင်ကျလိမ့်မယ်... အိမ်ထောင်ကျရင် နှင်နဲ့အိမ်ထောင်ကျမယ့် မိန်းကလေးဟာ နှင့်ထက် အသက် နှစ်နှစ်ကြီးလိမ့်မယ်...

www.burmeseclassic.com

www.burmeseclassic.com

ဇာတာ. . .။

လူတစ်ယောက်မှာဇာတာကအရေးကြီးတယ်လို့ မြန်မာလူမျိုးတို့ကဆိုကြပါတယ်။ သူဟာ ဆင်းရဲမယ့်ဇာတာလား၊ ချမ်းသာမယ့်ဇာတာလား၊ အောင်မြင်ကျော်ကြားမယ့်ဇာတာလား၊ ရာဇဝင်လူဆိုး ဖြစ်မယ့်ဇာတာလား စသည်ဖြင့်ပေါ့။

ဗိုလ်စံဖဲကိုကြားဖူးမှာပေါ့. . .။

သူ့ကိုငယ်စဉ်ကတည်းကဇာတာစစ်ကြည့်တော့ သူ့ဇာတာဟာ အောင်မြင်ကျော်ကြားမယ့်ဇာတာဖြစ်နေတယ်။ ဒါပေမယ့် သူကကောင်းတာနဲ့နာမည်ကျော်မှာလား၊ ဆိုးတာနဲ့နာမည်ကျော်မှာလား မသိဘူးဖြစ်နေတယ်။ ဇာတာအလိုအရတော့ သူဟာနာမည်ကျော်ကြားလာတယ်။ တောပုန်းဓားပြကြီးစံဖဲဆိုပြီးတော့။ အဲဒီအချိန်မှာ သူ့အသက်ကနှစ်ဆယ့်တစ်နှစ်ပဲရှိသေးတယ်။





ထားပါတော့. . .။

ကျွန်တော်ငယ်ငယ်က ဇာတာစစ်ခဲ့တဲ့အကြောင်း ပြောချင်တာပါ၊ ဇာတာစစ်ပေးသူက ကျွန်တော့်အမေပါ။

အမေက ဗေဒင်တွက်တာ လက္ခဏာကြည့်တာ သိပ်ဝါသနာပါတယ်။ လေ့လည်းလေ့လာတယ်။ အခုချိန်ထိ အမေ့အိပ်ရာဘေးမှာ ဗေဒင်လက္ခဏာနဲ့ ပတ်သက်တဲ့စာအုပ်တွေ ပုံလို့။ ကျွန်တော့်တို့တောင် သိချင်ရင် သူ့စာအုပ်တွေဆွဲယူရှာရတယ်။

ထားဦး. . .။

ကျွန်တော်ပြောချင်တာ ကျွန်တော့်ဇာတာအကြောင်း။ ဆိုးမယ်ကောင်းမယ်၊ အောင်မြင်မယ်၊ မအောင်မြင်ဘူး။ ကျွန်တော်မသိခဲ့ရဘူး၊ ကျွန်တော့်အမေ ဇာတာစစ်ပေးတဲ့အထဲမှာ အဲဒါမပါဘူး။ ဇာတာထဲကအကြောင်းပဲပြောပြမယ်။

ပြဿနာအစက ဒီလိုဗျ. . .။

အမေက ဗေဒင်တွက်ခိုင်းတိုင်းလည်း တွက်မပေးဘူး။ သူ့စိတ်ပါမှာတွက်တာ။ နောက် သူတွက်ရင်မှန်တယ်လို့ တွက်ဖူးသူတွေက ပြောတယ်။ အဲဒီနေ့က ကျွန်တော်အပြင်ကပြန်လာတာ။ ဒါကို အိမ်ပေါက်ဝ သူ့ခုတင်မှာထိုင်နေတဲ့အမေက ကျွန်တော့်ကိုလည်းမြင်ရော ဘာစိတ်ကူးပေါက်တယ် မသိဘူး. . .

"ကိုကိုလာဦး. . ."

ဆိုပြီးလှမ်းခေါ်တယ်။ သူ့နားရောက်တော့အမေက သူ့ခုတင်ခြေရင်းကိုလှမ်းပြရင်း. . .

"ဒီမှာထိုင်. . ."

ကျွန်တော်ဘာမှပြန်မပြောဘူး။ သူညွှန်ပြရာဝင်ထိုင်လိုက်တယ်၊ အမေက သူ့စာအုပ်တွေဆွဲထုတ်လိုက်၊ မလိုအပ်တာပြန်ထည့်လိုက်လုပ်နေတယ်။ သူ့ပုံက လူနာကိုကြည့်မယ့် အထူးကုဆရာဝန်ကြီးလိုပဲ၊

"ဘာလုပ်မလို့လဲမေ. . ."

"နင့်ကို ဇာတာစစ်မလို့. . ."



www.burmeseclassic.com

www.burmeseclassic.com



အမေက ခပ်တိုတိုပဲပြန်ဖြေပြီး သူလိုချင်တဲ့စာအုပ်တွေလှမ်းယူနေတယ်။ ပြီးတော့ သူ့ဘာသာသူစာရွက်ထုတ်၊ ဘောပင်ထုတ်ပြီးတွက်နေတော့တယ်။ ကျွန်တော့်မွေးသက္ကရာဇ်ပါတယ်၊ မွေးရက်ပါတယ်။ ကျွန်တော့်မွေးချိန်ပါတယ်။ ကျွန်တော်မသိတဲ့ ဂဏန်းတွေလည်းပါတယ်။ တော်တော်လေးကြာမှ အမေက သူ့စာရွက်ပေါ်ဘောပင်နဲ့တခေါက်ခေါက်ခေါက်ပြီး. . .

"နင်အိမ်ထောင်ကျလိမ့်မယ်. . . အိမ်ထောင်ကျရင် နင်နဲ့အိမ်ထောင်ကျမယ့်မိန်းကလေးဟာ နင့်ထက်အသက် နှစ်နှစ်ကြီးလိမ့်မယ်. . ."

"အဲ. . ."

သူ့မဆီမဆိုင်စကားကြောင့် ကျွန်တော်ကြောင်သွားတယ်။ နောက်ဝမ်းလည်းဝမ်းသာသွားတယ်။ ကျွန်တော်ကကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှအိမ်ထောင် မကျတော့လို့ထင်ထားတာကိုး။ အခု ကျွန်တော့် အမေကအသေအချာတွက်စစ်ပြီး အိမ်ထောင်ကျမယ်ဆိုပြီး ဒက်ထိဟောလိုက်တော့အတော်ပျော်သွားတယ်။ ဟုတ်တယ်လေ ဒီဘဝအလကား အိုရ နည်းမှတ်လို့။ ဒါပေမယ့် ဘဝင်မကျတာက အိမ်ထောင်ကျမယ့် အမျိုးသမီးကအသက်နှစ်နှစ်ကြီးတယ်ဆိုတာကို။ ဒါပေမယ့် ကိစ္စမရှိဘူး။ ကြီးတော့လည်းမနိုင်နိုင်အောင်ချိတာပေါ့။ ရပြီးရော၊ ကျွန်တော့်စိတ်ကိုက. . .





အမေက မပြီးသေးဘူးဗျ။ သူတွက်ထားတဲ့စာရွက်ကိုကြည့်လိုက်၊ စာအုပ်တွေကိုလှန်လိုက်လုပ်နေတယ်။ အတော်ကြာမှ

"ဒါပေမယ့် နင့်အသက် ၆၄နှစ်မှ အိမ်ထောင်ကျမှာ. . ."

"ဗျာ. . ."

ကျွန်တော့်ဗျာသံက အတော်ရှည်သွားတယ်။ ပြီးတော့ အမေ့ကိုလည်း မျက်လုံးပြူးပြီးကြောင်ကြည့်နေမိတယ်၊ ကြည့်လေ အိမ်ထောင်ကျမှာက ၆၄နှစ်မှ ကိုယ်ယူမယ့်မိန်းမက ကိုယ့်ထက်နှစ်နှစ်တောင်ကြီးနေသေး။ မိန်းမအသက်ကဘယ်လောက်လဲ၊ ၆၆နှစ်၊ အဲဒီအရွယ်ကြီးရောက်မှာဘဲ ဘယ်လိုမှတွေးလို့ကိုမရဘူး။

အမေကတော့ ခပ်တည်တည်ပဲ၊ နေ့ယ်ဘူး သူ့အလုပ်သူဆက်လုပ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျရင်လည်း သားသမီးမထွန်းကားဘူး။ အဲ. . . ဒါပေမယ့် သားသမီးကတော့ ရပြီးသားဖြစ်လိမ့်မယ်။

"အလို. . . "

*ကျွန်တော် အတော်အံ့အားသင့်သွားရတယ်။* ကျွန်တော် အိမ်ထောင်ကျရင် သားသမီးကျတော့ မထွန်းကားဘူး။ သားသမီးရပြီးသားဖြစ်လိမ့်မယ်ဆိုတော့ မယားပါသားသမီးပေါ့။ ဘယ်လောက်လဲ။ ကိုးယောက်လား ဆယ်ယောက်လား။

အမေက မပြီးသေးဘူးဗျ။ ကျွန်တော့်လက်ကိုဆွဲယူပြီး. . .

"မှန်းစမ်း နင့်လက်. . . "

ဆိုပြီး ကျွန်တော့်လက်ဖဝါးကို အသေအချာကြည့်တယ်။ မသေချာလို့ထင်တယ်။ သူ့ဝှက်ထားတဲ့မှန်ဘီလူးကိုထုတ်ပြီး ကျွန်တော့်လက်ဖဝါးပေါ်တင်ကာ အသေအချာကြည့်တယ်။ လက်ဖဝါးကိုသူ့လက်မနဲ့ အသေအချာတိုင်းကြည့်ပြီးမှ အလန့်တကြား ကျွန်တော့်ကိုမော့ကြည့်ပြီး. . .

"အယ်. . : နင့်အသက်လမ်းကြောင်းက ၆၂နှစ်မှာဆုံးနေပါလား. . . "

"ဟွင်. . . "

ကျွန်တော့်ရဲ့ဟင်သံက ပီတောင်မပီတော့ဘူး။ မျက်လုံးကြီးပြူးပြီး အမေ့ကို တအံ့တသြကြည့်နေမိတယ်၊ အမေကတော့ မသိလိုက်မသိဖာသာ သူ့စာအုပ်တွေသူပြန်ထပ်ရင်း. . .

"ဒါပဲဒါပဲ. . သွားတော့ သွားတော့. . . "

တဲ့. . . ။ ကျွန်တော်ကြောင်တောင်တောင်နဲ့ထလာမိတယ်။ ပြီးတော့မှ အသေအချာပြန်စဉ်းနေမိတယ်၊ ကိုယ့်ဇာတာကို။

အိမ်ထောင်တော့ကျမယ်။ ဒါပေမယ့် ၆၄နှစ်မှကျမယ်။ ကျမယ့် အမျိုးသမီးက ကျွန်တော့်ထက် နှစ်နှစ်ကြီးမယ်ဆိုတော့ အိမ်သူက၆၆နှစ်။ သားသမီးမထွန်းကားဘူး။ သားသမီးရပြီးသားဖြစ်လိမ့်မယ်ဆိုတော့ ကျွန်တော့်အမျိုးသမီးက မုဆိုးမကြီးလား။ ဒါမှမဟုတ် ခုနစ်ခုရှစ်ခုအလပ်ကြီးလား. . . ဘုရား. . . ။





အဲဒါကြီးနဲ့ရဖို့ကိုတောင် ကျွန်တော့်အသက်လမ်းကြောင်းက ၆၂နှစ်မှာဆုံးနေပြီဆိုတော့၊ ကျွန်တော်ဘယ်အချိန်မှာ အိမ်ထောင်ကျမှာလဲ၊

ကျွန်တော်ဆုံးပြီးနှစ်နှစ်ကြာတဲ့အချိန်ကျမှ သင်္ချိုင်းမှာ မြုပ်နှံရင်းအုပ်ဂူက အဲဒီဟာကြီးနဲ့ မသာအချင်းချင်း သတင်းလွှဲလွှဲပေါင်းဖက်တွေပြီး ဝိညာဉ်ချင်းတစ်ယောက်နဲ့တစ်ယောက်ချစ်ရည်လူးပြီး ချစ်စုဘူးတွေထိုင်ခွဲရမယ့်အခြေ။

ကဲ. . . ဒါပါပဲ. . . ။

အကြည်တော်လူပျိုကြီးလား၊ လူပျိုကြီးပဲလုပ်တော့မှာလားလို့ တစ်မေးတည်း မေးနေကြတဲ့သူများအတွက် ကျွန်တော့်ဇာတာအကြောင်း သတင်းကောင်းပါးလိုက်တာပါ။

ကဲ. . မေးကြဦးမလား။ မယူချင်ဘူးလား။ ယူချင်သမှ ဆယ့်သုံးနှစ်သားကတည်းက နန့်နန့်ကိုတက်နေတာ၊ မရဘူးလား။ ရမှာနောင်ဘဝကျ။ ဒါဖြင့် ဇာတာကိုယတြာနဲ့ ခြေပစ်လို့ရတယ်လို့ဆိုကြပါတယ်။ ဒါကြောင့် ဘုရားမှာသွားပြီး ယတြာခြေတဲ့အနေနဲ့ ပုတီးသွားစိပ်ပါတယ်။ ပုတီးစိပ်မယ်ဆိုတော့လည်း စိပ်တာတော့ စိပ်တတ်ပါရဲ့၊ ပါးစပ်က ဘယ်လိုထွက်ရမှန်းမသိဘူး။ ဒါနဲ့ပဲ . . .

"ရှင်ဘုရား. . . တပည့်တော်ဇာတာအတွက် ယတြာခြေချင်သော်ငြား ဘယ်စာအုပ်မှဟုတ်တိပတ်ငြား ဖတ်စားခဲ့တာမဟုတ်၍ ဘုရားဘလည်း ဟုတ်တိ ပတ်တိမတတ်ပါ။ သည့်အတွက် တစ်နှစ်သုံးလေးသားမွေတွက်ခွင့်ပြုပါဘုရား ဆိုပြီး တောင်းပန်နေရတယ်၊ တကယ်. . . ၊

ဒီလိုနဲ့ပုတီးတစ်ကုံး တစ်ရာ့ရှစ်လုံးရှိတယ်ဆိုတာသိလာတယ်၊ တစ်ခါတစ်ခါစိပ်ရင် တစ်သိန်းလောက်ရတယ်၊ ဇာတာကောင်းတဲ့သူတွေပေါ့။ ပြောပါတယ်ကိုယ့်ကိုယ်ကိုယ်. . ။

၀ ၉ ၀ ၉



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်ပိုင်းဟယ်...
သူ့ အလုပ်မှမလုပ်တော့ဘဲ
အချိန်ရှိသရွေ့... ငါ့ကိုပဲ
ကြည့်နေတော့တယ်။
ထမင်းလည်း မစားတော့
ဘူး၊ ညလည်းမအိပ်တော့
ဘူး...



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပုံကဒီလိုဗျ. . .
ကျွန်တော်ပြောပြရင် ထူးဆန်းလိုက်တာလို့ ပြောကြမယ်. . .
မထူးဆန်းနဲ့ တကယ်ကိုအဲဒီလိုကြီး. . .
ဘာလို့လဲဆိုတော့. . .

အဲ. . . ဒီလိုပေါ့ဗျာ. . .။

ကျော်မင်းရယ်၊ ယဉ်ယဉ်မြင့်ရယ်၊ သက်သက်ချိုရယ်ဆိုတာ သူငယ်ချင်း။ သူငယ်ချင်းဆိုတာကလည်း ကျောင်းတက်ရင်း ခင်ကြတဲ့ သူငယ်ချင်းတွေ။ ကျွန်တော်ပြောဖူးတယ်မဟုတ်လား၊ ယောကျ်ားလေး တစ်ယောက်က မိန်းကလေးတစ်ယောက်ကို ခင်တယ်ဆိုတာ ပိုက်ဆံချေးဖို့နဲ့ ရည်းစားစကားပြောဖို့ပဲဆိုတာလေ။ အခု ကျော်မင်းကလည်း အဲဒီလိုပဲ။ ဟိုကောင်မလေးနှစ်ယောက်ကို သွားခင်တာ။

ဒီလိုပဲပေါ့. . .။





ပိုက်ဆံချေးဖို့ ရည်းစားစကားပြောဖို့ပဲပေါ့. . .။

ယဉ်ယဉ်မြင့်ဆီကဆို ကျော်မင်းက ပိုက်ဆံချေးတယ်။ အဲ. . . သက်သက်ချိုကိုတော့ ရည်းစားစကားပြောဖို့ကြိုးစားတယ်။ ကြိုးစားတယ် ဆိုတာ ပြောဖို့ကြံတုန်းလို့အစီပွါယ်ရမလားပဲ။ အဲ. . . အဲဒီလိုဆိုမှားပြီဗျ။ ကျော်မင်းက သက်သက်ချိုကိုဆို ရည်းစားစကားကိုမပြောရဲတာ။ နဂို ကတည်းကို အသည်းငယ်ကြောက်တတ်တာ။ သက်သက်ချိုရှေ့ရောက်ရင် ကတုန်ကရင်တွေဖြစ်ပြီး ခွေးအကြီး မီးစအတို့ခံရသလို ပူအအကြီးဖြစ် နေတာ။

ဒါပေမယ့် အကြံကတော့ မသေးဘူးမောင်. . .။

ဒါကြောင့် သက်သက်ချိုရဲ့ သူငယ်ချင်း ယဉ်ယဉ်မြင့်ကို ကပ်ပေါင်းထားတာ။ အဲ. . . သူ ယဉ်ယဉ်မြင့်နဲ့ပေါင်းလိုက်တော့ နှစ်ခုစလုံး အဆင်ပြေသွားတယ်။ ငွေလိုရင် ယဉ်ယဉ်မြင့်ဆီက ချေးတယ်၊ ပြီးတော့ ယဉ်ယဉ်မြင့်ကို သူ့ကိုသက်သက်ချိုနဲ့အောင်သွယ်ပေးဖို့စည်းရုံးတယ်။

ပြောရဦးမယ်. . .။

ယဉ်ယဉ်မြင့်ကလည်းတစ်မျိုး. . .။

ကျော်မင်းပိုက်ဆံလိုရင်ချေးတယ်။ ဒါပေမယ့် သက်သက်ချိုနဲ့ အောင်သွယ်လုပ်ခိုင်းရင်တော့ ပြောဘူး။ တုံဏှိဘာဝေ ဆိတ်ဆိတ်နေတာ။

ဒါကြောင့် ကျော်မြင့်ခမျာ သူချစ်ရတဲ့သူနဲ့ နီးလျက်နဲ့ဝေးနေရ တာ။ ကြာလာတော့ ကျော်မင်းမနေနိုင်တော့ဘူး။

ဒီလိုနဲ့ ဒီဇာတ်လမ်းကစတော့တာ. . .။

ဖြစ်ပုံကဒီလိုဗျ. . .။

ကျွန်တော်ပြောရင် ထူးဆန်းလိုက်တာလို့ ပြောကြလိမ့်မယ်. . .။

မထူးဆန်းနဲ့ တကယ်ကိုအဲဒီလိုကြီး. . .။

ဘယ်လိုလဲဆိုတော့. . .

ကျွန်တော့်ရဲ့ထုံးစံအတိုင်း နေသာတဲ့တစ်နေ့မှာပေါ့. . .။



www.burmeseclassic.com

www.burmeseclassic.com



“ယဉ်ယဉ်မြင့်ရာ နင့်ကိုငါပြောခိုင်းနေတာကြာပြီ ဟာ . . . နင် ငါ့ကို အခုချိန်ထိမပြောပေးသေးဘူးလား. . . ”

ယဉ်ယဉ်မြင့်က သစ်ပင်အောက်ခုံတန်းလေးမှာ ခြေဆင်းထိုင်ပြီး သူ့ခြေထောက်လေးကိုလွှဲနေတယ်။ ဆံပင်ကိုလည်း ကျစ်ဆံမြီး နှစ်ချောင်းခွဲကျစ်ထားတယ်။ သူကလည်း ပြောရမယ်ဆိုရင်တော့ မိန်းမချောလေးတစ်ယောက်ပါပဲ။ သက်သက်ချိုနဲ့ဆို သူတင်ကိုယ်တင်ပါပဲ။ သူကတောင် ပိုချောသလိုရှိသေး။ ဒါကို ဟိုကောင်က ဘာကြောင့်မျက်စိမှောက်နေတယ်ရယ်မသိဘူး။ အေးလေ အချစ်မှာ မျက်စိမှမရှိတာ။

“ငါပြောတာကြားလား. . . ”

“ဟဲ့. . . နင် ငါ့ဆီကပိုက်ဆံချေးတာ ယောင့်ရှစ်ရာရှိနေပြီနော်. . . ”





ကျော်မင်းစကားကို ယဉ်ယဉ်မြင့်က ဖြတ်ပြောတယ်။ ကျော်မင်း အတော်စိတ်ပျက်သွားတယ်။ သူ့ဖောက်တာက တစ်မြှောင်း ဟိုကစီးလာတာကတစ်မြှောင်းကြီး။

“ဟာ. . . အဲဒီပိုက်ဆံကိစ္စထားပါဟာ. . . အခုငါပြော နေတာ သက်သက်ချိုကိစ္စ။ နင့်ပိုက်ဆံလောက်က အချိန်မရွေးပြန်ဆပ်လို့ ရတယ်မှတ်ထား. . . ”

ယဉ်ယဉ်မြင့် ကျော်မင်းကိုပြန်မော့ကြည့်တယ်။ ဟုတ်တော့ဟုတ်တယ်။ သူ့ငွေသားကိုး။ ကျော်မင်းမျက်နှာကဖြူနေတာ။ ပိုက်ဆံ ချေးတယ်ဆိုတာလည်း ခင်မင်မှုကိုပိုမိုခိုင်မာစေလိုဟန်ချေးတာ။ ဟုတ်တယ်မဟုတ်လား လူငယ်တွေရဲ့ ခင်မင်မှုအတိုင်းအတာမှာ ငွေချေးတာလည်းတစ်ကဏ္ဍပါတယ်လေ။ အပေးအယူရှိမှပိုခင်ကြတာ။ (မယုံရင်ချေးကြည့်)

“ဒီမှာ ယဉ်ယဉ်မြင့် နင်သက်သက်ချိုကိုမပြောပေးဘူးဆိုရင်လည်းရတယ်. . . နေတော့. . . ငါ့ဟာငါဖွင့်ပြောဖို့ ဆုံးဖြတ်ထားပြီးပြီ. . ”

ယဉ်ယဉ်မြင့် မျက်လုံးပြူးသွားတယ်။ ပြီးတော့ ကျော်မင်းတို့အံ့သြတကြီးပြန်ကြည့်တယ်။ ဟုတ်တယ်။ ကျော်မင်းမျက်နှာပေါ်မှာ ဆုံးဖြတ်ချက်နဲ့ ခိုင်မာနေတဲ့အရိပ်အယောင်ကိုမြင်ရတယ်။ ယဉ်ယဉ်မြင့် ခေါင်းပြန်ငုံ့လိုက်တယ်။ ပြီးတော့ သက်ပြင်းကို ခပ်ပြင်းပြင်းချလိုက်ပြီး. . .

“အေးလေ. . နင်က ဒီလောက်တောင် ဆန္ဒစောနေမှတော့”

ယဉ်ယဉ်မြင့်ကို ကျော်မင်းကိုမော့ကြည့်တယ်၊ သူ့မျက်လုံးတေရီဝေဝေနဲ့။ နောက်ပြီးတော့ တစ်လုံးချင်းဆက်ပြောတယ်၊

“ငါသူ့ကိုချိန်းပေးပါ့မယ်. . . နင့်ဘာသာနင်ပြောသူ. . . ”

ယဉ်ယဉ်မြင့်ရဲ့စကားကြောင့် ကျော်မင်းဝမ်းသာသွားတယ်၊ ဒါကြောင့် သတိလက်လွတ် ယဉ်ယဉ်မြင့်ပခုံးကို လှမ်းကိုင်လိုက်ပြီး

“တကယ်. . . တကယ်ပြောတာလားသူငယ်ချင်း. . . ”

ယဉ်ယဉ်မြင့်က ကျော်မင်းကိုငေးကြည့်နေတယ်။ ပြီးမှ ခေါင်းကို ခပ်ဖြည်းဖြည်းညိတ်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ. . ဝမ်းသာလိုက်တာ. . . ဒါ. . . ဒါဆို သူနဲ့ ဘယ်နေ့တွေ့ရမှာလဲဟင်. . . ဘယ်နေ့တွေ့ရမှာလဲ. . ."

"အခုလာမယ့် စနေနေ့. . ."





အဲဒီနေ့နံနက်အစောကြီး ကျော်မင်းထပြီး အလှပြင်နေတော့တာပဲ။ ဆွတ်လိုက်တဲ့ရေမွှေး ကြောင်သေးနံ့ပါပါတယ်၊ နောက်သူ့အကျီတွေကအကောင်းစားတွေလေ။ အကျီတွေကိုလျှော်ရင်လည်း ဆပ်ပြာနံ့လေးက ကျန်ဦးမှုကြိုက်တာ၊ ဆပ်ပြာနံ့နဲ့ ရေမွှေးနဲ့ ရောနေတော့ ဘယ်လိုအနံ့ထွက်လာမယ်ဆိုတာ စဉ်းစားသာကြည့်။

"ကျော်မင်းရာ မင်းမလည်း အလှပြင်ရတာ လွန်ခဲ့တာ. . မိတ်ကပ်ကအစ ရေမွှေးအဆုံး အကုန်လုံးကိုဆွတ်သည့် ယိမ်းသည်နေတော့တာပါလား. . ."

ဆိုပြီး သူငယ်ချင်းတွေကပြောယူရတယ်၊ ဒါတိုတောင် သာ. . . သားက ဘာပြန်ပြောတယ်မှတ်တုံး၊

"အချစ်နဲ့တွေ့ရမှာလေ. . . ဒီနေ့အချစ်နဲ့တွေ့ရမှာ. . . ဆိုပြီ



www.burmeseclassic.com

www.burmeseclassic.com



တော့ အရင်လိုဆပ်ဆလူးထပြီးနေလို့မဖြစ်တော့ဘူး. . . လုဖို့ ပဖို့ကလိုပြီ မဟုတ်လား. . ဟားဟားဟား. . . "

ဆိုပြီး မျက်နှာရှုးကြီးနဲ့ဆတ်ဆလူးထပြီးပြောတာ။ ပြောတော့ အားလုံးသောသူငယ်တွေက အညင်ကပ်တာပြောမနေတော့နဲ့။ ဝိုင်းမေတ္တာပို့ကြတာ။ ဒါကိုတောင်တေီက အားလုံးကိုပြုံးပြုံးကြီးကြည့်ပြီး. . .

"ကဲ. . . သွားပြီဟေ့. . . ငါပြန်လာတဲ့အချိန်ကျရင် ချစ်သူလေးနဲ့ ဘယ်လိုကြည်နူးခဲ့တယ်ဆိုတာ မင်းတို့ကိုအားရပါးရ ပြောပြ မယ်. . . "

ဆိုပြီးအုမြူးပြီးထွက်သွားတော့တာ။ ဝမ်းတွင်းရှူးတစ်ယောက်မြင်ရသလို ဒီအတိုင်းဝိုင်းကြည့်နေတော့တာ။





ဟင်

"ဟင်"

ချိန်းထားတဲ့နေရာမှာ ယဉ်ယဉ်မြင့်တစ်ယောက်တည်း တွေ့လိုက်ရတာ တေီအံ့အားသင့်သွားတယ်၊ ယဉ်ယဉ်မြင့်ကလည်း ဒီနေ့ကျမှပြင်လာတာလှနေတာပဲ။ မီးခိုးရောင်ဖျော့ဖျော့ ဝမ်းဆက်ကလေးဝတ်ထားတယ်။ ထုံးစံအတိုင်း ကျစ်ဆံမြီးနှစ်ချောင်းခွဲကျစ်ထားတယ်။ ဒါတွေကို တေီကစိတ်ဝင်စားတာမဟုတ်ဘူး။ သူစိတ်ဝင်စားတာက သက်သက်ချို။ ဒါကြောင့် တေီယဉ်ယဉ်မြင့်နားပြေးကပ်သွားပြီး. . .

"သက်သက်ချိုရော. . . သက်သက်ချို၊ သက်သက်ချို ဘယ်မှာလဲ"

သူ့အလောတကြီးမေးလိုက်တယ်။ သူ့အမေးကို ယဉ်ယဉ်မြင့်က လက်ညှိုးတောင်ထိုး မြောက်ထိုးနဲ့. . .

"ဟိုလေ. . . ဟို. . . သူတိရစ္ဆာန်ရုံကစောင့်နေမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ တေသက်ပြင်းချနိုင်တယ်။

"ကဲ . . ဒါဆို တိရစ္ဆာန်ရုံသွားကြရအောင် . . . ."

နှစ်ယောက်သား အဝတ်အစားအသစ်တွေနဲ့ ကားပေါ်ကပ်ထိုင်ရတော့ ရှီးတိုးရှန့်တန့်ဖြစ်နေကြတယ်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက် ပြုံးမြှုလိုက်နဲ့ နေရထိုင်ရတွေကို ခက်နေတော့တာ။

တိရစ္ဆာန်ရုံရောက်တော့လည်း နှစ်ယောက်သား လမ်းလျှောက်တာလူလာရင် ဟိုဘက်တပ်ရနိုးနိုး ဒီဘက်ကပ်ရနိုးနိုး တွေဖြစ်နေကြတယ်။ ဒီလိုမျိုးက တစ်ခါမှမသွားဖူးတာ။ ဒါကိုတေက စိတ်ပြေလို့ မြေြွား . . .

"သက်သက်ချို ဘယ်နေရာက စောင့်မယ်လို့ပြောလဲ . . ."

ယဉ်ယဉ်မြင့်က များပြားလှသောလူတွေကိုဝေ့ကြည့်ပြီး . . .

"မသိဘူးလေ . . . သူဒီမှာရှိမယ်လို့ပြောတာပဲလေ . . ."

"ဟာကွာ . . . ယဉ်ယဉ်မြင့်ကလည်း . . ."

များပြားလှတဲ့ ဖြတ်သွားဖြတ်လာလူတွေကိုကြည့်ပြီး ကျော်မင်းစိတ်ပျက်သွားတယ်။ ဒီလိုပိတ်ရက်မျိုးဆို ရန်ကုန်မြို့ရဲ့လူ အစည်ကားဆုံးနေရာက တိရစ္ဆာန်ရုံပဲဖြစ်မှာပေါ့။ ဒီလောက်များတဲ့လူတွေကြားသက်သက်ချိုကိုဘယ်လိုရှာမှာလဲ။

"လာလေ . . . သူရှိရင်လည်း ကစားကွင်းဘက်မှာရှိမှာပေါ့ . . . ကစားကွင်းဘက်သွားရအောင် . . ."

ယဉ်ယဉ်မြင့်စကား။ ကျော်မင်းလည်းဘာမှမတတ်နိုင်တော့။ ဟိုကြည့်ဒီကြည့်နဲ့ ယဉ်ယဉ်မြင့်နောက်က ကုတ်ချောင်းကုတ် ချောင်းနဲ့ လိုက်လာရတယ်။

ကစားကွင်းရောက်တော့လည်း ယဉ်ယဉ်မြင့်က ဟိုဘက်လျှောက်လိုက်ဒီဘက်လျှောက်လိုက်နဲ့ လုပ်နေတယ်။ လူလိုက်ရှာတဲ့ ပုံတော့မဟုတ်ဘူး။ သူမျက်လုံးက ကစားစရာတွေအပေါ်မှာသာ။ နောက် ရိုလာကိုစတာနားရောက်တော့ရပ်လိုက်ပြီး . . .

"ဒါကြီးစီးချင်တယ် . ."





ယဉ်ယဉ်မြင့်စကားကြောင့် တေစိတ်ပျက်သွားတယ်။ သူချစ်သူမှတွေ့ရသေးတာကိုး။ ဒါကြောင့် . . .

"ဟာ . . . ယဉ်ယဉ်မြင့်ကလည်း ဟိုတစ်ယောက်ကို ရှာရဦးမှာလေ . . . ဒါကြီးစီးနေရင် ဘယ်အချိန်သွားရမှာလဲ . . ."

ယဉ်ယဉ်မြင့် တစ်ချက်ငြိမ်သွားတယ်။ အတော်ကြာမှ . . .

"ဒါကြီးစီးသွားပြီး အပေါ်ရောက်မှ သူ့ကို အပေါ်စီးကနေရှာတာပေါ့ . . ."

ကျော်မင်းသက်ပြင်းချလိုက်တယ်။ ဘာတတ်နိုင်တော့မှာလဲ။ ဟိုတစ်ယောက်လိုက်ရှာလို့မှ မတွေ့တာ။ သူပြောသလိုပဲ လုပ်ရတော့မှာပေါ့။

"ကဲလာ . . . ဒါဆိုစီးကြရအောင် . . ."

ဆိုပြီးနှစ်ယောက်သား ရိုလာကိုစတာပေါ်တက်လိုက်ကြတယ်။ နှစ်ယောက်သား ဘေးချင်းကပ်လျက်။

ရိုလာကိုစတာထွက်တာနဲ့ ယဉ်ယဉ်မြင့်က သူ့ခေါင်းကို ကျော်မင်းရဲ့ရင်ခွင်ထဲဝှက်ထားလိုက်တယ်။ အမြင့်ကြီးရောက်တဲ့ နေရာရောက်တော့ ကျော်မင်းလက်မောင်းကို တအားဖက်ပြီး သံကုန်ခြစ်အော်တော့တာ။ သိတဲ့အတိုင်း ရိုလာကိုစတာကလည်း အသည်းယား စရာကြီးမဟုတ်လား။ ကျော်မင်းတောင် မအော်မိအောင်မနည်းသတိထားနေရတာ။ ရိုလာကိုစတာစီးနေရတဲ့တစ်လျှောက် ယဉ်ယဉ်မြင့် ခေါင်းမဖော်ဘူး။ ကျော်မင်းအကျႌမှာကို သွားရည်တွေပါပေတယ်။

ဒီလိုနဲ့ရိုလာကိုစတာပေါ်က ဆင်းတော့ ယဉ်ယဉ်မြင့်မှာ မျက်နှာကလေးနီပြီးရယ်နေတော့တာ။ ကျော်မင်းကတော့ မရယ်နိုင်ဘူး။ ဒါပေမယ့် သူ့မျက်နှာကြီးနီပြီး ပြုံးတော့ပြုံးနေတယ်။ နောက် ယဉ်ယဉ်မြင့်ကပြောသေးတယ်။

"ကြောက်လိုက်တာ အရမ်းပဲ . . ."

တဲ့ . . .။ တေကတော့ ဇောနဲ့မို့ မကြောက်ချင်ယောင်ဆောင်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ကြောက်တာလည်း နောက်မှကြောက်. . . အခု သက်သက်ချိုကို လိုက်ရှာရအောင်. . ."

ဆိုတော့ ယဉ်ယဉ်မြင့်မျက်လုံးပြူးသွားပြီး. . . .

"ဟဲ့. . . ရှီလာကိုစတာပေါ်ကနေ သက်သက်ချိုကိုလှမ်းမြင်လိုက်တယ်. . ."

သက်သက်ချို ဆိုတာလည်းကြားရော ကျော်မင်း ရင်ထိတ်ခနဲဖြစ်သွားတယ်။ နောက် မျက်လုံးကြီးပြူးပြီး သိချင်ဇောနဲ့. . .

"ဘယ်မှာလဲ. . . ဘယ်မှာမြင်လိုက်တာလဲ. . . ဘယ်နားမှာလဲ. . ."

ဆိုပြီး အလောတကြီးမေးတယ်။ ဒါကိုယဉ်ယဉ်မြင့်က ရဟတ်ကြီးဘက်လက်ညှိုးထိုးပြီး. . .

"ဟိုး. . ရဟတ်နားမှာ. . ."

"လာ. . လာ. . . ဒါဆို အဲဒီဘက်သွားကြရအောင်. . ."

ကိုယ့်လူက ဟန်တောင်မဆောင်နိုင်ဘူး။ ယဉ်ယဉ်မြင့် လက်ကိုဆွဲပြီးသုတ်တော့တာ။

"ဟင်. . ."

ဟိုရောက်တော့သက်သက်ချိုရဲ့ အရိပ်အယောင်တောင်မတွေ့ရဘူး။ ဒါကြောင့် ကျော်မင်း ဇဝေဇဝါဖြစ်သွားတယ်။

"နင်သက်သက်ချိုကိုမြင်လိုက်တယ်ဆို. . . ဘယ်မှာမြင်လိုက်တာလဲ. . ."

ယဉ်ယဉ်မြင့်ကခေါင်းကိုကုတ်ပြီး မျှော်လင့်ချက်ပါတဲ့မျက်လုံးမျိုးနဲ့ ရဟတ်ကြီးကိုမော့ကြည့်ပြီး. . .

"ဒီနားမှာဟ. . . ခုနဒီနားသူရပ်နေတာ. . ."

"ဟာ. . . ဒါဆို ဒီနားပတ်ဝန်းကျင် လိုက်ရှာရအောင်လေ . . ."

ဆိုတော့ ယဉ်ယဉ်မြင့်က. . .

"ဒီနားလိုက်ရှာရင် အကြာကြီးလိုက်ရှာနေရမယ်လေ. . ."

"အဲဒီတော့. . ."





တေိက ဇဝေဇဝါနဲ့ပြန်မေးတယ်။ ယဉ်ယဉ်မြင့်က ရဟတ်ကြီးကိုလက်ညှိုးထိုးပြပြီး. . .

"အဲဒီတော့ တို့ဒီရဟတ်ပေါ်ကနေ ရှာမယ်လေ. . . အပေါ်ရောက်ရင်ဆိုတော့ အားလုံးမြင်ရတာပေါ့. . ."

"အမ်"

ယဉ်ယဉ်မြင့်စကားကြောင့် တေိကြောင်သွားတယ်။ လာပြန်ပြီ ရဟတ်ပေါ်တက်ရှာရအောင်။ ခုနက တစ်ကြိမ်ထိထားပြီလေ ရှီလာကိုစတာမှာ။ သွားရေတွေတောင်ခြောက်သေးတာမဟုတ်ဘူး။ ဒါကြောင့် ခေါင်းကို ပယ်ပယ်နယ်နယ်ခါပြီး. . .

"မဟုတ်ဘူးလေ . . . ဒီနားဆိုလမ်းလျှောက်ပြီးပတ်ရှာလိုက်ရင်. . ."

"ဟဲ့. . . သူက တောင်ဘက်သွားတာလား မြောက်ဘက်သွားတာလား မှမသိတာ. . . တော်ကြာယုန်တောင်ပြေး နင်မြောက်လိုက် ဖြစ်နေဦးမယ်. . ."

"အင်. . ."

မလိုအပ်ပါပဲ ခွေးဖြစ်မယ့်ဘဝ။ သူပြောတော့လည်းဟုတ်သလိုလို။ ဟိုကဘယ်ကိုသွားလို့သွားမှန်းမသိဘဲ ကိုယ်ကဘယ်တိုလိုက်ရမှာလဲ။ သူ့ကိုအပေါ်စီးကကြည့်ပြီး သူသွားတဲ့နေရာကွက်တိသိမှ 'ကွိ' ခနဲဖမ်းလိုက်တာမှ ပိုအဆင်ပြေမယ်မဟုတ်လား။ ဒါကြောင့် တေိ သက်ပြင်းချပြီး. . .

"ကဲ. . . ဒါဆိုရဟတ်ပေါ်တက်ရအောင်. . ."

ယဉ်ယဉ်မြင့်မျက်လုံး လက်ခနဲဖြစ်သွားတယ်။

"လာမြန်မြန်လာ ရဟတ်က ထွက်တော့မယ်. . ."

ဒီလိုနဲ့ပဲ သက်သက်ချိုကိုဟိုနားတွေသလိုလို ဒီနားတွေ့သလိုနဲ့ ချားတွေစီးလိုက်၊ ရဟတ်တွေစီးလိုက်၊ ရှီလာကိုစတာတွေစီးလိုက် ပင်လယ်ဓားပြလှေကြီးစီးလည်း ပြီးရောပဲဆိုပြီး လျှောက်သွားတာ သက်သက်ချိုကြီးတောင်မကျန်ဘူး။ သူတို့ တီရစ္ဆာန်ရုံကပြန်လာတော့ နေတောင်



www.burmeseclassic.com

www.burmeseclassic.com



အတော်စောင်းနေပြီ။ တေိကတော့သူချစ်တဲ့သက်သက်ချို မတွေ့ရလို့ ငေါင်စင်းစင်း။ ယဉ်ယဉ်မြင့်ကတော့ သူစီးချင်တာတွေ စီးရလို့ ပြုံးလို့ရွှင်လို့။

"ကဲ. . . ငါပြန်တော့မယ်. . ."

"ဟယ်. . . ငါက တစ်ယောက်တည်းပြန်ရမှာ . . . မိန်းကလေး တစ်ယောက်တည်း ဒီအချိန်ပြန်လို့မသင့်တော်ဘူးလေ . . . အိမ်ရှေ့ထိ နင်လိုက်ပို့. . . ."

တေိဘာမှမတတ်နိုင်ဘူး။ လည်လိမ်ထားတဲ့ကြက်ကြီးလို ငေါင်စင်းငေါင်စင်းနဲ့ ယဉ်ယဉ်မြင့်အိမ်ရှေ့ထိလိုက်ပို့ရပြန်တယ်။ အိမ်ရှေ့ရောက်တော့ ကျော်မင်းက. . .

"ကဲ. . . ငါပြန်တော့မယ်. . ."

"အေး. . ."

တေိလှည့်ထွက်မယ်လုပ်မှ. . .

"ကျော်မင်း. . ."

ကျော်မင်း ယဉ်ယဉ်မြင့်ကိုလှည့်ကြည့်တယ်။ ယဉ်ယဉ်မြင့် ရှက် သလိုလိုနဲ့ နှုတ်ခမ်းကိုက်ပြီး. . .

"နင်နဲ့ငါရည်းစားဖြစ်နေတာ ဘယ်သူ့မှလျှောက်မပြောရဘူး နော်. . . ဒါပဲ. . ."

ဆိုပြီး အိမ်ထဲလှစ်ခနဲပြေးဝင်သွားတယ်။

"ဟင်"

ယဉ်ယဉ်မြင့်စကားကြောင့် တေိကြက်သေ သေနေတယ်။ ဟိုကို ကြည့်တော့လည်း အရိပ်အယောင်တောင် မတွေ့ရတော့ဘူး။

နင်နဲ့ငါရည်းစားဖြစ်နေတာ ဘယ်သူ့မှလျှောက်မပြောရဘူးတဲ့။ ဘယ်တုန်းက ရည်းစားဖြစ်သွားလို့လဲ။ ဘယ်တုန်းက ရည်းစားစကားပြော ခဲ့သလဲ၊ ဘယ်အချိန်မှာ သူမကအဖြေပြန်ပေးခဲ့လဲ။ တေိဇဝေဇဝါဖြစ်နေ တယ်။ အသေအချာကို ဇဝေဇဝါဖြစ်နေတယ်။ မရှင်းဘူးလေ သူ့စိတ်ထဲမှာ။





ကဲ လုပ်စမ်းပါဦး ပထမဆုံးရည်းစားဦးအတွေ့အကြုံ. . ."

သူငယ်ချင်းတွေရဲ့အမေးကြောင့် တေိအူကြောင်ကြောင်ဖြစ် နေတယ်။

"မြုံမထားပါနဲ့ကွာ သက်သက်ချိုက ဘာပြောလိုက်လဲ. . ."

"သက်သက်ချိုနဲ့မတွေ့ဘူးကွ. . ."

"ဟော. . . ဒါဆို. . ."

"ဟိုလေ. . ယဉ်ယဉ်မြင့်နဲ့တွေ့တယ်. . ."

"အဲ. . ."

သူငယ်ချင်းတွေအားလုံး အူကြောင်ကြောင်ဖြစ်ကုန်တယ်။

"ယဉ်ယဉ်မြင့်ကဘာပြောလဲ. . ."

သူငယ်ချင်းတွေရဲ့အမေးကို တေိခေါင်း[illegible] မျက်မှောင်ကြုတ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"သူကပြောတယ်. . ."

"အေး. . ."

သူငယ်ချင်းတွေရဲ့ခေါင်းတွေ စိတ်ဝင်စားစွာစုကပ်ကုန်တယ်။ တေီကခေါင်းကုပ်လိုက် မျက်မှောင်ကြုတ်လိုက်လုပ်ပြီး. . .

"သူနဲ့ငါ. . ."

"အေး. . ."

"သူနဲ့ငါ. ."

"ဟာ. . . ဆက်လေကွာ. . ."

"သူနဲ့ငါရည်းစားဖြစ်နေတာ ဘယ်သူမှလျှောက်မပြောရဘူးတဲ့. . ."

"ဟေ. . ."

သူငယ်ချင်းတွေ ပါးစပ်တွေ အကျယ်ကြီးဟကုန်တယ်။ ပြီးတော့ သူ့ကိုမျက်လုံးပြူးကြီးတွေနဲ့ ငေးကြည့်နေတယ်။ သူတို့တွေရဲ့စိတ်ထဲမှာလည်း အံ့အားသင့်သွားကြပုံရတယ်။ ဟုတ်တယ်လေ သူတို့သိထားတာက တစ်ယောက်၊ ဖြစ်မနေတာက တစ်ယောက်ဆိုတော့ ဘာပြောလို့ပြောရမှန်းမသိဖြစ်နေပုံရတယ်။ အတော်ကြာမှ. . .

"မင်းနဲ့သူရည်းစားဖြစ်နေတာ ဘယ်သူမှလျှောက်မပြောနဲ့ဆိုတော့ မင်းတို့က ရည်းစားဖြစ်နေတာပေါ့. . ."

သူငယ်ချင်းရဲ့အမေးကို တေီခေါင်းကုပ်ပြီး. . .

"အဲဒါကို ငါမရှင်းဘူးဖြစ်နေတယ်. . ."

သူ့စကားကို သူငယ်ချင်းများက . . .

"ဘာမရှင်းစရာရှိလို့လဲ ဟော့ကောင် မင်းတို့ရည်းစားဟာ ရည်းစားပေါ့. . . အေးလေကွာ ငါတို့က သက်သက်ချိုကိုလိုက်နေတယ်မှတ်တာ. . လူဆိုး. . . သိပ်ဆိုးတဲ့ကောင်. . . ဟားဟား. . ."

"ဟုတ်ပ. . . ဟိုကရည်းစားဖြစ်နေတယ် ဘယ်သူ့မှလျှောက်မပြောနဲ့လို့ သတိပေးလိုက်တာကို မရှင်းလို့ဆိုပြီး တွေ့တဲ့လူ လျှောက်ပြောနေတယ်. . . ဘယ်လိုကောင်လဲမသိဘူး. . . ဟားဟား. ."





ဆိုပြီး အော်ဟစ်ရယ်မောကုန်ကြတယ်။ တေီကတော့ ငိုတော့မလိုမျက်နှာကြီးနဲ့ ငူငူငိုင်ငိုင်ကြီးကိုထိုင်နေတော့တာ။ သူ့စိတ်ထဲမှာ မရှင်းဘူးလေ၊ ဘယ်အချိန်မှာစ ရည်းစားဖြစ်သွားတယ်ဆိုတာကို မရှင်းဘူးလေ။

ဟုတ်တယ်လေ. . . သူလည်း ဘာမှမပြောဘဲနဲ့. . .။

အဲဒီသတင်းချက်ချင်းပျံ့နှံ့သွားတယ်။ လူတွေကလည်း သိတဲ့အတိုင်းပဲ။ ဘယ်သူ့မှမပြောနဲ့ဆို တွေ့ကရာလူလျှောက်ပြောချင်ကြတာ၊ ပြီးတော့ ပြောပြန်တယ်၊ ဘယ်သူ့မှလျှောက်မပြောနဲ့လို့။

ကျော်မင်းနဲ့ယဉ်ယဉ်မြင့်ရည်းစားဖြစ်နေတယ်၊ ဘယ်သူ့မှလျှောက်မပြောနဲ့။ အဲဒီသတင်းကို သက်သက်ချိုလည်းကြားရော ဆွေ့ဆွေ့ခုန်တော့တာ။ ဟုတ်တယ်လေ လိုက်တုန်းက သူ့ကိုလိုက်ပြီးတော့ သူ့သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးနဲ့ ရည်းစားဖြစ်သွားတာဆိုတော့ သူ့ခမျာအနာပေါ် တုတ်ကျသလိုဖြစ်သွားတာပေါ့။ ဒါကြောင့် ကျော်မင်းဆိုရင် အသံကြားရင်တောင် အသားတုန်နေတာ။ တတ်နိုင်သလောက် ဝေးဝေးကရှောင်တယ်။ ဟိုကောင်လည်း ဘာမှမတတ်နိုင်တော့ဘူး၊

ဒါကို ကျော်မင်းသက်သက်လူလည်ကျတာ၊ အလွယ်လိုက်တာဆိုပြီး ဝိုင်းထင်ကြတာပေါ့။ ယဉ်ယဉ်မြင့်က ရိုးရိုးလေးဟာကို၊ ဟိုကောင်ကလည်း ဘယ်လိုရှင်းလို့ရှင်းရမှန်းမသိဘူး။ သူ့ဖာသူလည်း မရှင်းဘူးလေ။ ယဉ်ယဉ်မြင့်နဲ့သူက ဘယ်လိုစပြီးရည်းစားဖြစ်ခဲ့တယ်ဆိုတာ။ နောက်ပြီး သူလည်းတွေ့ကရာလူလိုက်ပြီး ပြောပြတယ်၊

"မဟုတ်ဘူး. . . ကျွန်တော်မရှင်းလို့ပါဆိုပြီး. . ."

သူသာမရှင်းတာ၊အားလုံးက သူတို့နှစ်ယောက်ရည်းစားဖြစ်နေကြပြီဆိုတာရှင်းနေပြီ။ ဒါပေမယ့် ပိုပြီးရှင်းတဲ့ တစ်နေ့ရောက်လာတယ်ဆိုပါတော့။ အဲဒီနေ့က သူတို့နှစ်ယောက် ကျောင်းမှာ ဆုံကြပြီး. . .

"နင်ငါ့အိမ်လိုက်ခဲ့. . ."

ယဉ်ယဉ်မြင့်စကားကြောင့် တေီမှာဘာခေါင်းကြွက်သွားတယ်၊

"ငါက ဘာလိုက်လုပ်ရမှာလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်မြင့်က သူလွယ်အိတ်ကြိုးကိုကိုင်ပြီး ခေါင်းငုံ့ကာ. . .

"နင့်ကို အဖေတို့အမေတို့နဲ့ မိတ်ဆက်ပေးမလို့. . ."

ယဉ်ယဉ်မြင့်ရဲ့စကားကြောင့် တေလန့်သွားတယ်။

"ဟင်. . . ငါက ဘာလို့သူတို့နဲ့သွားတွေ့ရမှာလဲ. ."

သူ့အမေးကို ယဉ်ယဉ်မြင့်က . . .

"သွား. . . မသိဘူး. . . လူဆိုး. ."

ဆိုပြီး ဘာမှမပြောဘဲပြေးထွက်သွားတယ်။ ကိုယ့်လူမှာတော့ အူလည်လည်နဲ့ဘာဆက်လုပ်လို့လုပ်ရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်ကျန်ခဲ့တယ်။

ဟုတ်တယ်လေ။ သူလည်းမဆိုးရပါဘဲနဲ့ဆိုးတယ်လို့ ပြောတာကိုး။ ဒီလိုနဲ့ပဲ ကျော်မင်းခများ ယဉ်ယဉ်မြင့်တို့ အိမ်ရောက်ခဲ့ပြန်တယ်ဆိုပါတော့။





ယဉ်ယဉ်မြင့်အဖေက ရေနွေးကြမ်းငုံ့သောက်ပြီး ကျော်မင်းကို တစိမ့်စိမ့်ကြည့်နေတယ်။ သူ့ခမျာ သမီးရှင်ကြီးဖြစ်နေတော့ သားမက်တော်ရမယ့်လူကို ဘယ်ကဘယ်လို စပြောရမှန်းမသိ ဖြစ်နေပုံရတယ်၊ သမီးဖြစ်သူလိမ္မာရေးခြားရှိကြောင်း၊ သန့်ရှင်းသပ်ရပ်စွာနေတတ်ကြောင်း အချက်အပြုတ်ကောင်းပြီး ချစ်စရာကောင်းကြောင်း စသည်ဖြင့်က ဘာလိုင်းကြီးပြောလို့မရဘူးလေ။ စကားစရှိမှဖြစ်မှာကိုး။နောက်ပြီး အဘိုးကြီးပုံအာနကိုစကားနည်းမယ့်ပုံကြီး။ ဒါကြောင့် ဘာမှမပြောဘဲ ကျော်မင်းကိုပဲ တစိမ့်စိမ့်ကြည့်နေတာ။ အတော်ကလေးကြာမှ အဘိုးကြီးက လက်ထဲက ရေနွေးခွက်ကိုချပြီး. . .

"နေကောင်းလား. . ."

အဘိုးကြီးစကားကို တေက ရိုသေချင်ယောင်ဆောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ကလေး ယုက်လို့. . .

"ဟုတ်ကဲ့ ကောင်းပါတယ်ခင်ဗျာ. . ."

အဘိုးကြီးက ရေနွေးခွက် 'ဒေါက်' ခနဲပြန်ချပြီး. .

"အေး. . . ငါထင်သားပဲ. . ."

ဆိုပြီး 'ဘတ်' ခနဲထသွားတော့တယ်။ အဘိုးကြီးလည်းထ ထွက်သွားရော အားလုံးအူကြောင်ကြောင်နဲ့ ဘာဆက်လုပ်ရမှန်း မသိ ဖြစ်နေတယ်။ ဟိုသားအမိကလည်း ကျီးကြည့်ကြောင်ကြည့်နဲ့ ဘာဆက် ပြောလို့ပြောရမှန်းမသိဖြစ်နေတယ်။ သူတို့မှာလည်း ဒါမျိုးအတွေ့အကြုံ မရှိတော့ ဘယ်ကဘယ်လိုစရမှန်းမသိဖြစ်နေတယ်။ အတော်ကြာမှ အဘွားကြီးက. . .

"ထမင်းရောစားပြီးပြီလား. ."

ငတိချက်ချင်း အဘွားကြီးဘက်လှည့် မျက်နှာချိုသွေးပြီး . . .

"ဟုတ်ကဲ့. . စားပြီးပါပြီခင်ဗျာ. . . စားပြီးမှထွက်လာတာပါ"

ဆိုပြီးလောကွတ်လုပ်တယ်။ ဒါကို အဘွားကြီးက သူ့ကိုစွေ စောင်းကြည့်ပြီး . . .

"ငါထင်သားပဲ. . ."

ဆိုပြီးအူကြောင်ကြောင်နဲ့ထထွက်သွားပြန်တယ်။ ဧည့်ခန်းထဲ မှာ ကျော်မင်းနဲ့ယဉ်ယဉ်မြင့်နှစ်ယောက်တည်း ယီးတီးယောင်တောင်နဲ့ ကျန်ခဲ့တယ်။ အဘိုးကြီးအဘွားကြီးနဲ့ မိတ်ဆက်ပေးမယ်ဆိုပြီး အခု နှစ်ယောက်လုံး ထ,ထွက်သွားတော့ ဘာပြောလို့ပြောရမှန်း မသိဖြစ်နေ တယ်။ အတန်ကြာမှ ယဉ်ယဉ်မြင့်က. . .

"ရေရောချိုးပြီးပြီလား. . ."

ငတိမျက်မှောင်ကြုတ်ပြီး. . .

"အင်း. . . ရေတော့မချိုးရသေးဘူး. . ."

သူ့အဖြေကြားတော့ ငတိမမျက်နှာဝင်းလက်သွားပြီး. . .

"ဒါဆို အိမ်ပြန်ရေချိုးလိုက်လေ. . ."

အင်. . .





ငတိမစကားကြောင့် ကျော်မင်းရှုတ်တရက်ကြောင်သွားတယ် နောက်မှ ဒါသူ့ကိုပညာရှိနည်းနဲ့နှင်တာပဲဆိုတာ သိသွားတော့ ထိုင်ရာ မှထပြီး. . .

"အင်း . . . အဲဒါဆိုလည်း ကိုယ်အိမ်ပြန်ရေချိုးလိုက်မယ်"

ဆိုပြီးခပ်သုတ်သုတ် ထထွက်လိုက်တယ်။ ဟုတ်တယ်လေ ဆက် ထိုင်နေလည်း ဘယ်သူမှသူ့ကိုအဖက်လုပ် စကားပြောကြမှာမှမဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

အဲဒီကိစ္စပြီးတော့ငတီက သူနဲ့ယဉ်ယဉ်မြင့် ကိစ္စပြတ်ပြီလို့ထင်နေတယ်။ တကယ်တော့မပြီးဘူးဗျ။

ဖြစ်ပုံကဒီလို. . .

သူယဉ်ယဉ်မြင့်တို့အိမ်မှာ သူ့မိဘတွေနဲ့သွားတွေ့ပြီး နောက်နေ့မှာတင် အဲဒီပြဿနာကစတော့တယ်။ အဲဒီနေ့မနက်အစောကြီးပဲ ယဉ်ယဉ်မြင့် သူတို့အိမ်ကိုရောက်လာတော့တာပဲ. . .။ လက်ထဲမှာ အထုပ်အပိုးတွေ နဲ့. . .

"ငါ. . . ငါအိမ်မှာမနေရဲတော့ဘူး. . ."

ယဉ်ယဉ်မြင့်စကားကြောင့် ငတီမျက်လုံးပြူးသွားတယ်။

"ဟင်. . . ဘာဖြစ်လို့လဲ. ."

"ဘာဖြစ်ရမှာလဲ. . . နင်နဲ့ငါ ရည်းစားဖြစ်နေတာ ငါ့အဖေနဲ့ အမေသိသွားပြီလေ. . ."





"ဟင် "

ငတီအံ့အားသင့်သွားတယ်။ သူတို့နှစ်ယောက်ရည်းစားဖြစ်နေတာ သူ့မိဘတွေသိသွားပြီတဲ့။

ဘယ်တုန်းကရည်းစားဖြစ်ခဲ့တယ်ဆိုတာတောင် မရှင်းသေးဘူး၊ အခုသူ့မိဘတွေကပါ သိကုန်ပြန်ပြီတဲ့လေ။

နောက်ပြီး မိဘတွေဆိုတာလည်း သူပဲ မနေ့ကသွားပေးတွေ့ခဲ့ပြီးတော့။ ပေးတွေ့မှတော့သိပြီပေါ့မဟုတ်ဘူးလား။ ဒါနဲ့ငတီက. . .

"အေးလေ. . . သိတော့ဘာဖြစ်လဲ. . . "

"ဘာဖြစ်ရမှာလဲ. . . ငါအိမ်မှာမနေရဲတော့ဘူး အဖေနဲ့ အမေကို ကြောက်တယ်. . အဲဒါငါအိမ်က တစ်ခါတည်းဆင်းလာတာ"

"ဗျာ"

ယဉ်ယဉ်မြင့်စကားကြောင့် ကျော်မင်းအတော်ကြောင်သွားတယ်၊ ယဉ်ယဉ်မြင့်လက်ထဲကအထုပ်ကိုကြည့်လိုက် ယဉ်ယဉ်မြင့် ကြည့်လိုက်ဖြစ်နေတယ်။

သူ့အဖြစ်ကလည်း အလိုလိုနေရင်း မိန်းမတစ်ယောက်အလကားရမဲ့အဖြစ်မျိုးကြီးဖြစ်နေပြီ။ ကိုယ်က အမှန်တကယ် ချစ်တာလည်း မဟုတ်ဘဲနဲ့လေ။ ဒါနဲ့ပဲ. . .

"ဟို. . . နင့်ဘာသာနင်အိမ်ပေါ်ကဆင်းရင် တခြားအိမ်ဆင်းပေါ့. . . ဘယ့်နှယ်ငါ့ဆီဆင်းလာတာလဲ. . . ငါတောင် မိဘအိမ်ကပ်နေနေသေးရတာ. . . "

ကျော်မင်းရဲ့ပြတ်ပြတ်သားသားစကားကြောင့် ယဉ်ယဉ်မြင့်ငိုမဲ့မဲ့ဖြစ်သွားတယ်။ သူ့ခင်မျာ ကျော်မင်းက သူ့အပေါ် ဒီလောက်စိမ်း စိမ်းကားကားကြီးဆက်ဆံလိမ့်မယ်လို့မှထင်မှတ်မထားခဲ့တာ။ ဒါကြောင့် ဝဲလာတဲ့ မျက်ရည်ကိုသုတ်ပြီး. . .

"အေးလေ. . . နင်အဲဒီလောက်စိမ်းကားရင်လည်း ရပါတယ် ဒါပေမယ့် နင်နဲ့ငါဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေအားလုံးကို မေ့လို့ရ[illegible] ဘူး. . . "



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ချာခနဲလှည့်ထွက်သွားတယ်။ ကျော်မင်းကတော့ ကြောင်တောင်တောင်နဲ့ကျန်ခဲ့တယ်။ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တဲ့။ သူနဲ့ယဉ်ယဉ်မြင့် ဘာဖြစ်ခဲ့လို့လဲ၊ သူမရှင်းဘူးဖြစ်နေတယ်။





BURMESE CLASSIC .com

အိမ်ပေါ်မှာ တစ်ယောက်တည်းငေးမှိုင်နေတဲ့ ယဉ်ယဉ်မြင့်ကိုကြည့်ပြီး သူ့အမေက အကျိုးအကြောင်းမေးတော့မှ အဲဒီအဖြစ်တွေက ပေါ်လာတော့တယ်။

"အောင်မလေးသမီးရယ် ဒါလေးများ အမေ ကြည့်စီစဉ်လိုက်ပါမယ်. . . သမီး;ဘာမှမပူနဲ့. . ."

ချက်ချင်းပဲ ကျော်မင်းတို့အိမ်ကိုသွားတယ်။ ပြီးတော့ ကျော်မင်းကိုလည်းတွေ့ရော အသံကျယ်ကျယ်နဲ့. . .

"ဟဲ့ကောင် နင်လားငါ့သမီးနဲ့ရည်းစားဖြစ်နေတာ . . . ဟင်. . နင်ငါ့သမီးကိုလာပြီးကြိုက်ရအောင် တူလို့တန်လို့လား. . . နင့်လိုကောင်မျိုးနဲ့ငါ့သမီးပေးစားမယ့်အစား မျောက်ကို အမြီးဖြတ်ပြီး ပေးစားပစ်မယ်. . . နောက်ဘယ်တော့မှ ငါ့သမီးနဲ့အဆက်အသွယ် မလုပ်နဲ့. . . ဒါပဲ. . ."

လူတွေဝိုင်းကြည့်နေကြတယ်။ ကျော်မင်းကလည်း အသွင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေလာပြောနေတယ်ဆိုတာကို အကြောင်းကြောင်းနဲ့မရှင်းဘူးဖြစ်နေတယ်။

"အေး. . . နင်တစ်သက်လုံးမှတ်ထားရမှာက ငါ့သမီးနဲ့ နင် အဆင့်အတန်းချင်းမတူဘူး. . . ဒါကြောင့် ငါ့သမီးကိုဖြတ်ရင်ဖြတ် မဖြတ်ရင် နင့်ကိုငါလာဖြတ်ပစ်မယ်. . . ဒါပဲ. . ."

ဆိုပြီးလုံချည်ကြီးမ,ပြီး ဖောက်ဖောက်ဖောက်ဖောက်နဲ့ထွက်သွားတယ်။ အဲဒီတော့မှ ငတီလည်း အခြေအနေကိုရိပ်မိသွား ပြီး. . .

ဘာလဲ၊ ဘာကိစ္စနဲ့ဘာလာပြောတာလဲ သူ့သမီးနဲ့ငါ အဆင့်တန်းချင်းမတူရအောင် သူ့သမီးက ရွှေထွက်နေလို့လား. . .။

စသည်ဖြင့် အမျိုးမျိုးတွေးပြီး တင်းတော့တာ။

"နောက်ဆုံးတော့ ဒီလောက်တောင်ဘဝင်မြင့်တဲ့အဘွားကြီး သူ့သမီးကိုမရရအောင် ခိုးပြေးမယ်. . ."

ဆိုပြီး သူ့သူငယ်ချင်းတွေနဲ့တိုင်ပင်ပြီး ယဉ်ယဉ်မြင့်ကို မရရအောင်ခိုးပြေးတော့တာ။ နောက်ဆုံးတော့ ဘာဖြစ်လဲသိလား။

ယဉ်ယဉ်မြင့်တို့အမေဆို လယ်ကွင်းထဲလိုက်ပတ်ကနေလို့ မနည်းပြန်ဖမ်းယူရတယ်။ သူ့အကြွဲအောင်သွားလို့ဆိုပြီး ဝမ်းသာလွန်းလို့လေ. . .။

❀

လေးစားစွာကြိုးစားလျက်

ဘကြည်တော်



## တော်ဝင်မြို့မစာအုပ်တိုက်မှ ရရှိနိုင်သောစာအုပ်များ

| | | |
|---|---|---|
| ၁။ | အလှမွေးငါးများ စီးပွားဖြစ်မွေးမြူနည်း | မောင်လှိုင်းသစ် |
| ၂။ | လေရူးသုန်သုန် | နန္ဒ |
| ၃။ | ကမ္ဘာသစ်ရဲ့ ပန်ဆင်းရှင် ဘီသိုဗင် | ရန်နောင်ဦး |
| ၄။ | ဂဏန်းများနှင့် ကခုန်ခြင်း | အောင်ကျော် |
| ၅။ | ကိုင်ရှိန် ကိုယ်တွေ့ဝိညာဉ်ဓာတ်လမ်းများ | မောင်လှိုင်းသစ် |
| ၆။ | ရှမ်းဗလားရှာပုံတော် | လှမိုး(ပညာရေး) |
| ၇။ | ကဝေပျိုး၏ နိဒါန်း | ဘကြည်တော် |
| ၈။ | ဘီလူး | ဘကြည်တော် |
| ၉။ | ကျောက်သင်ပုန်းတွေမိုးထားတဲ့အိမ် | ဘကြည်တော် |
| ၁၀။ | ရွှေမိုးသည်း | ဘကြည်တော် |
| ၁၁။ | နတ်နေကိုင်း | ဘကြည်တော် |
| ၁၂။ | မိုးတိမ်ပုံပြင် | ဘကြည်တော် |
| ၁၃။ | ပြုတ်လွင့်သွားသော ကျောရိုးဆစ်ကလေးများ | ဘကြည်တော် |
| ၁၄။ | ဘသည်းကွဲနှစ်ဆယ့်ငလေးနာရီ | ဘကြည်တော် |
| ၁၅။ | ယောက္ခမနှင့် တစ်ထောင့်တစ်ည | ဘကြည်တော် |
| ၁၆။ | အိပ်မက်အပိုင်းခွဲ -၉ | ဘကြည်တော် |
| ၁၇။ | ရိတန်းအောဖ်ဘီလူး | ဘကြည်တော် |
| ၁၈။ | နေတစ်ခြမ်းလတစ်ခြမ်း | ဘကြည်တော် |
| ၁၉။ | မှော်ဆရာမှတ်တမ်း | ကိုကိုလေး |
| ၂၀။ | အပြစ်ကင်းတဲ့ ချစ်ခြင်းမေတ္တာ | ကိုဆန်း + အေမင်းဆက် |
| ၂၁။ | အင်္ဂလိပ်လိုပြောမလို့လား-၂ | ချစ်ဖူး |
| ၂၂။ | ပထမဆရာအောင် | ဒဂုန်ခင်ခင်လေး |
| ၂၃။ | တိမ်နဲ့ရေးတဲ့အရုပ် | မိုးဆက်လင်းထက် |
| ၂၄။ | ရှိအဆန်းပ်နယ်နည်းများ | မောင်လှိုင်းသစ် |
| ၂၅။ | ခေတ်မီစီးပွားဖြစ်ဓာတ်ပုံအတတ်ပညာ | တက္ကသိုလ်စိုးဝင်း |
| ၂၆။ | အိုင်အိုဒင်းကိုကိုကြီးနှင့် | ဘကြည်တော် |
| ၂၇။ | ဝေါက်ခဲ | ကာသ |
| ၂၈။ | မောင်လူအေး | သိပ္ပံမောင်ဝ |
| ၂၉။ | ဝေလီဝေလင်းချစ်သူ | မိုးဆက်လင်းထက် |
| ၃၀။ | အိပ်မက်ပန်းအလှမ်းနှင်းဆီ | ညိုနှင်းအိမ် |
| ၃၁။ | ရသစာတမ်းများ | ပေါ်ဦးသစ် |
| ၃၂။ | ပိုးကောင်များ | ဘကြည်တော် |
| ၃၃။ | ကုလားအုတ်တွေနေတဲ့တဲ | သာရွှေဩ |
| ၃၄။ | ဆပ်ကလေးဘကျော်နှင့် ဂန္ဓဝင်ဘဘ | မြတ်ထွန်းသစ် |
| ၃၅။ | နှစ်ဂဏန်းရဲ့ပဉ္စလက် | ညိုနှင်းအိမ် |
| ၃၆။ | မောင်လိမ္မာကြာတိုင်းကောင်း | ဥက္ကာမင်းဆက် |
| ၃၇။ | ကြယ်တစ်သောင်းနဲ့ကတဲ့လ | မိုးဆက်လင်းထက် |
| ၃၈။ | ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း | ဘကြည်တော် |
| ၃၉။ | ရတနာပုံ၏ နိဒါန်းနှင့်နိဂုံး | ဒဂုန်ခင်ခင်လေး |
| ၄၀။ | အချစ်ရဲ့နက္ခတ် | ပြည့်ပိုင်မှူးအိမ် |
| ၄၁။ | ဧ | ဘကြည်တော် |
| ၄၂။ | လွန် | မိုးဆက်လင်းထက် |
| ၄၃။ | စီးပွားရေးဓာတ်ပုံပညာနှင့် ပြိုင်ပွဲဝင်ဓာတ်ပုံပညာ | တက္ကသိုလ်စိုးဝင်း |
| ၄၄။ | သတ္တမမြောက် နတ်သမီး | ပြည့်ပိုင်မှူးအိမ် |
| ၄၅။ | ဗီနပ်စ်ရဲ့တတိယတောင်ပံ | မိုးဆက်လင်းထက် |
| ၄၆။ | အောင်မြေ | ဘကြည်တော် |
| ၄၇။ | ပန်းနရောင်ပြကွက်ထဲက ကကြိုးလှတဲ့သတို့သမီး | ပြည့်ပိုင်မှူးအိမ် |
| ၄၈။ | ကြယ်စင်တွေကျော်တဲ့ည | သိမ်းအိမ် |
| ၄၉။ | ဇော်ဂနီ | ဥက္ကာမင်းဆက် |

BURMESE CLASSIC .com

www.burmeseclassic.com